

စွဲမက်သျှင
လုံးချင်းဝတ္ထု

စာမူခွင့်ပြုချက်အမှတ် ၅၀၁၄၇၃၀၆၁၁
မျက်နှာဖုံးခွင့်ပြုချက် ၅၀၀၁၈၇၀၂၀၇

ပထမအကြိမ်၊ ၂၀၀၇ ခုနှစ်၊ မတ်လ
အုပ်ရေ ၅၀၀

**အဖုံးပန်းချီ**
သိန်းရွှေကြည်၊ Sun

**ထုတ်ဝေသူ**
ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ် ၆၃၊ ညဘာလမ်း၊ ကျောက်မြောင်း
တာမွေ။

**အတွင်းပုံနှိပ်သူ**
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

**အဖုံးပုံနှိပ်သူ**
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

ကန်ဖိုး ၁၆၀ ကျပ်

**ကွန်ပျူတာ**
**Dream City**

# တတိယမြောက် ကြင်ရာတော်

## စွဲမက်သျှင်

သိန်းမင်းစာပေ

## ပြည်သူ့သဘောထား

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

### လူမှုရေး ဦးတည်ချက် (၄) ရပ်

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက် အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်း ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

(သိန်းမင်းစာပေ)

---

# အခန်း (၁)

ငွေစင်

ရွှေစင်ဆုံးပြီ အမြန်လာပါ။

အမေ

တိုတောင်းသော ကြေးနန်းစာကို ကြည့်ပြီး ငွေစင်မေ
အံ့ဩတုန်လှုပ်ရသည်။

ဘယ်လိုမှ ယုံကြည်ကြည့်လို့မရ။

ဒါဟာ တစ်စုံတစ်ယောက်ရဲ့ နောက်ပြောင် ကျီစယ်
လား။ ဒါမှမဟုတ် မလိုမုန်းထားသူ တစ်ယောက်ရဲ့ စနေ
လား တစ်ခုခုပါပဲဟု သူမ ထင်လိုက်သည်။

ကြေးနန်းရိုက်လိုက်သည့် လိပ်စာသည် ပြင်ဦးလွင်မြို့
ဖြစ်သည်။

အဖေသည်လည်း ရွှေစင်မေ၏ မင်္ဂလာဧည့်ခံပွဲအတွ
ပြင်ဦးလွင်သို့ ရောက်နေလေသည်။

ဒါဆိုရင် ဒီကြေးနန်းကို အမေရိုက်တာပဲလား။

အို... မဖြစ်နိုင်ဘူး။





ရွှေစင်က ဘာကြောင့် သေရမှာလဲ။

ရန်ကုန်တွင် မင်္ဂလာဆောင်ပြီး ပျော်ရွှင်ကြည်နူးစွာဖြင့် ပြင်ဦးလွင်သို့ ရွှေစင်လိုက်ပါသွားခဲ့တာ ဖြစ်သည်။ ပြင်ဦးလွင်တွင် ဧည့်ခံပွဲထပ်လုပ်ဦးမှာမို့ အမေပါ ရွှေစင်တို့နှင့် အတူ လိုက်သွားခဲ့တာ ဖြစ်လေသည်။

ထိုခရီးတွင် ရွှေစင်တစ်ယောက်တည်း ပျော်ရွှင်တာ မဟုတ်။ နောက်ဆုံးပေါ် ကားလှလှကြီးနှင့် လိုက်ပါသွားခဲ့သည့် အမေပါ ပျော်ရွှင်နေခဲ့တာ ဖြစ်သည်။

သူမသာ အလုပ်မှ ခွင့်ယူလို့ မရသည့်အတွက် ရန်ကုန်အိမ်တွင် ကျန်ရစ်ခဲ့ခြင်း ဖြစ်လေသည်။

အမေနှင့် ရွှေစင် သွားကြတာ ရက်သတ္တပတ်ပင် မရှိသေး။

အခု ရွှေစင်ဆုံးပြီ အမြန်လာပါဆိုသည့် သံကြိုးစာ ရောက်လာခြင်းဖြစ်၏။

မယုံကြည်နိုင်သည့် စိတ်အဖြစ်အပျက်ကို ငြင်းဆန်သည့် စိတ်များဖြင့် ကတုန်ကယင် ဖြစ်နေသည့် ငွေစင်က ရွှေစင်၏မင်္ဂလာဖိတ်စာကို ခပ်မြန်မြန်ရှာပြီး ရွှေစင့် အမျိုးသား၏ လိပ်စာကို ကြည့်မိသည်။

ဦးစဝ်ရွှေကြာ

အမှတ် (  )

ပြင်ဦးလွင်၊ နောင်ချိုလမ်း

ပြင်ဦးလွင်မြို့

မှတ်သားရလွယ်သည့် လိပ်စာကို ခေါင်းထဲသို့ ထည့်လိုက်ပြီး အဝတ်သုံးလေးစုံ ထည့်လို့ရသည့် အိတ်တစ်လုံးကို ယူကာ သင့်လျော်မည့် အဝတ်အချို့ကို ရွေးချယ် ထည့်လိုက်သည်။

ရွှေစင်ဆုံးပြီ ဆိုတာကို ယုံသည်ဖြစ်စေ မယုံသည်ဖြစ်စေ ပြင်ဦးလွင်သို့ လိုက်သွားရပါလိမ့်မည်။ ဘာကြောင့်လဲဆိုတော့ သူမတွင် ဒီအမေနှင့် ဒီအစ်မသာ ဆွေမျိုးရင်းချာအဖြစ် ရှိ... ပဲ ဖြစ်သည်။

တကယ်တော့ ငွေစင်သည် ပြင်ဦးလွင်သို့ တစ်ခါမှ မရောက်ဖူးခဲ့ပါ။

ထို့ကြောင့်...

ဘယ်လိုသွားရမည် ဆိုတာရယ် ခရီးစရိတ် ဘယ်လောက် ကုန်ကျနိုင်သည် ဆိုတာရယ်ကို စဉ်းစားရတော့မည်။

ငွေစင့်ထံတွင် ပိုက်ဆံများများစားစား မရှိ၊ သူမတို့သားအမိသုံးယောက်သည် ဆင်းရဲနွမ်းပါးစွာ နေထိုင်ရသူများဖြစ်လေသည်။





သူမသည် ပွဲရုံတစ်ရုံတွင် စာရင်းကိုင်အလုပ်ကို လုပ်သည်။ ရွှေစင်သည် စားသောက်ဆိုင်တွင် ဧည့်ကြိုလုပ်သည်။ အမေကတော့ ကျန်းမာရေး သိပ်မကောင်းသည့်အတွက် အိမ်မှာပဲနေ၍ သူမတို့ အပ်သည့်လခကို ခြိုးခြံချွေတာစွာ စီမံခန့်ခွဲရသူ ဖြစ်လေသည်။

အခုမှ ရွှေစင်က ပြင်ဦးလွင်မှ သူဌေးနှင့် လက်ထပ်ကာ သူဌေးကတော် အသစ်စက်စက်ကလေးအဖြစ် ပြင်ဦးလွင်တို့ ...င်ပျမြူးထူးစွာ ပါသွားခြင်း ဖြစ်လေသည်။ သူဌေးကတော် ဖြစ်ခါစမို့ သူမကိုလည်း မုန့်ဖိုးများများစားစား ပေးမသွားနိုင်ခဲ့ပါ။ ဒီတော့ ငွေစင့်လက်ထဲတွင် ပြင်ဦးလွင်အထိ ရောက်အောင် သွားဖို့ငွေမရှိ။

ဒါပေမဲ့...

မဖြစ်မနေတော့ သွားရပါလိမ့်မည်။

တွေဝေနေလို့မဖြစ်...

နောက်ဆုံးတော့ ငွေစင်မေ ာ သူမနားတွင် ပန်ဆင်ထားသည့် နားကပ်လေးကို ခရီးစရိတ်အတွက် ရောင်းချဖို့

ဆုံးဖြတ်လိုက်ရတော့သည်။

သေချာတာကတော့ ရွှေစင်ဆုံးပြီ ဆိုတာကို လုံ မယုံကြည်သောကြောင့် သူမက ငိုလို့မရသေးခြင်းပဲ ဖြ လေသည်။

* * *

## အခန်း (၂)

ရန်ကုန်၊ မန္တလေးကားပေါ် ရောက်မှ ရွှေစင်မေက သက်ပြင်းချမိသည်။

ကြိုတင်စီစဉ်ထားသည့် ခရီးမဟုတ်သောကြောင့် ကားလက်မှတ် ဝယ်ရတာကအစ ဒုက္ခသုက္ခတွေ ဖြစ်ခဲ့ရ၏။ ကြိုတင်ဝယ်တာ မဟုတ်သည့်အတွက် ကားလက်မှတ်က အလွယ်တကူ မရှိပါ။ ရပြန်တော့လည်း ကားနောက်ပိုင်းမှာ ရခြင်းဖြစ်သည်။ နေရာကောင်း မဟုတ်တော့ပါ။

ဒါပေမဲ့...

ကားလက်မှတ်ဝယ်လို့ရတာကိုပဲ ကျေးဇူးတင်ရပါလိမ့်မည်။

ဒါတောင် ထိုင်ခုံနှစ်ခုံ ဝယ်ထားသည့် ခရီးသည်က သူမကို လက်မှတ်ပြန်ရောင်းလို့ အဆင်ပြေတာဖြစ်သည်။ လောလောဆယ်တွင် နှစ်ယောက်ထိုင်ခုံ၌ သူမတစ်ယောက်တည်းပဲ ထိုင်နေရတာ ဖြစ်သည်။

ခုထိ သူမကို လက်မှတ်ပြန်ရောင်းသည့် ခရီးသည် ရောက်မလာသေးပါ။

ငွေစင်က နံဘေးမှ ခရီးသည်ကို ခဏပဲ စိတ်ဝင်စား နိုင်ပြီး သူမ၏ အတွေးများက အမေနှင့် ရွှေစင်ဆီ ပြန်ရောက်သွားရပြန်သည်။

ရွှေစင် သေပြီတဲ့...

သူမက ကြေးနန်းစာလေးကို ထုတ်ကြည့်မိပြန်သည်။ ယုံကြည်လို့တော့ မရသေး။ မင်္ဂလာဆောင်တုန်းက သွက်လက်ရွှင်ပျနေသည့် ရွှေစင်မျက်နှာလေးကို ပြန်မြင်ယောင်မိသည်။ ဝမ်းသာ အားရဖြင့် ရွှေစင်ပြောခဲ့သည့် စကားလေးကိုလည်း ပြန်ကြားယောင်နေမိသေး၏။

စိတ်မပူနဲ့တော့ ငွေစင် နင်နဲ့အမေ့ကို ငါချမ်းချမ်းသာသာ ထားနိုင်တော့မှာပဟ အခု ငါသူဌေးကတော် ဖြစ်ပြီလေ စိတ်ချ ငါတို့မိသားစုရဲ့ ဆင်းရဲတဲ့ဘဝကို ပြောင်းပြန်





နှန်ပစ်မယ်။

ထိုစကားတွေကို ရွှေစင်က အားကြိုးမာန်တက် ပြောခဲ့တာ ဖြစ်လေသည်။

သူမတို့ ညီအစ်မသည် ခုနစ်မိနစ်သာကွာပြီး မွေးဖွားလာခဲ့ကြသည်။ အမြွှာများ ဖြစ်ကြသော်လည်း စိတ်သဘောချင်းကတော့ ဆန့်ကျင်ဘက် ဖြစ်သည်။

ငယ်ငယ်ကတည်းက ရွှေစင်မေက ချမ်းသာချင်သည်။ လှလှပပ ကြွကြွရွရွ နေချင်သည်။ ကောင်းပေဆိုသည့် အစားအစာတွေကိုပဲ စားချင်သည်။ အဝတ်အစားကိုလည်း ကိုယ်နဲ့ လိုက်ဖက်အောင် ရွေးချယ်ဝတ်ဆင်ပြီး အထက်တန်းကျကျ နေထိုင်ချင်သူ ဖြစ်သည်။

သို့သော်...

သူမတို့၏ ဘဝပေး အခြေအနေက နုံချာလွန်းလှလေသည်။ အမေသည် သူမတို့ ညီအစ်မကို မမွေးဖွားခင်ကတည်းက မုဆိုးမ ဖြစ်ခဲ့ရတာ ဖြစ်သည်။

ထို့ကြောင့်...

ရွှေစင်က ချမ်းသာဖို့အတွက် လူချမ်းသာကို ရွေးချယ်လက်ထပ်ဖို့ မျှော်လင့်ချက် ထားခဲ့ခြင်း ဖြစ်လေသည်။

ရွှေစင် မျှော်လင့်ရည်ရွယ်သည့် အတိုင်းလည်း လူချ
သာကို လက်ထပ်နိုင်ခဲ့သည်။

ရွှေစင်သည် အခွင့်အရေးကို အသုံးချတတ်သ
အခြေအနေကို နားလည်သူလည်း ဖြစ်သည်။ ဆုံးဖြတ်ချ
ကိုလည်း လျင်မြန် ပြတ်သားစွာ ချတတ်သူဖြစ်သည်။

ထို့ကြောင့်လည်း ရွှေစင်သည် ဖြင်ဦးလွင်မှ သူဌေး
မြန်ဆန်စွာ လက်ထပ်ဖြစ်ခဲ့ခြင်းပဲ ဖြစ်သည်။

ဦးစွာပေါ ရုပ်ချော ပျိုတိုင်းကြိုက်သည့် နှင်းဆီခို
ဦးစဝ်ရွှေကြာသည် ရွှေစင်ထက် အသက် ဆယ့်ငါးနှစ်လော
ကြီးသည်။

ဒါပေမဲ့ ကိုကိုတက် ချမ်းသာသူမို့ အသက်နှင့် မ
အောင် အရွယ်က နုပျိုလေသည်။

ရွှေစင် ညှော်ကြိုလုပ်သည့် စားသောက်ဆိုင်တွင် ဦးစ
ရွှေကြာက ထမင်းလာစားရင် ရွှေစင်ကို သဘောကျသွား
ဖြစ်သည်။

"ငွေစင်ရေ အချစ်ဆိုတာ ဘာမှန်းတော့ မသိပါဘူးဟ
ဒါပေမဲ့ ရလာတဲ့ အခွင့်အရေးကိုတော့ လက်လွှတ်ခံ
မဖြစ်ဖူးဟ၊ ဦးစဝ်ရွှေကြာက အရမ်းချမ်းသာတာတဲ့ ဒါကြော





သူ့အချစ်ကို လက်ခံလိုက်တော့မယ်"

ဟု ရွှေစင်ပြောတုန်းက သူမသည် ရွှေစင်တို့ ဟန့်တား
သေးသည်။

"အဲဒီလူအကြောင်း သေချာစုံစမ်း ကြည့်ပါဦး ရွှေစင်
ယ်၊ နင်စဉ်းစားကြည့်စမ်း ဒီလောက် ချမ်းသာတဲ့ လူ
တစ်ယောက်ဟာ ဒီအရွယ်အထိ အိမ်ထောင်မပြုဘဲ နေမှာတဲ့
လား"

သူမစကားကို ရွှေစင်က သဘောကျစွာ ရယ်မောပစ်
ခဲ့သည်။

"သိပ်မတုံးစမ်းပါနဲ့ ငွေစင်ရာ၊ သူ့ဘာသာသူ လက်ထပ်
ချင်လဲ ဖူးမယ်၊ ဒါအရေးမကြီးပါဘူး။ အရေးကြီးတာက
လောလောဆယ်မှာ လွတ်လပ်တဲ့ ယောကျ်ားတစ်ယောက်
ဖြစ်နေဖို့ရယ်၊ ကိုယ့်ကို လိုလိုချင်ချင် လက်ထပ်ဖို့ရယ် ဒါပဲ
ပေါ့..."

"နင်ပြောသလိုဆိုရင် ငွေစင်ရယ် အလုံးစုံ အပြစ်ကင်း
ပြည့်စုံတဲ့ ယောကျ်ားဆိုတာ ဝတ္ထုတွေထဲမှာပဲ ရှိတာဟ။
အပြင်လောကမှာ တကယ်မရှိဘူး။ ဒါကြောင့် ကိုယ်အလိုချင်
ဆုံးက ဘာလဲဆိုတာ ကိုယ့်ကိုယ်ကို ပြတ်ပြတ်သားသား

မေးပြီး ရဲရဲရင့်ရင့် ဆုံးဖြတ်နိုင်ဖို့ပဲလိုတာ။ ငါကတေ
ချမ်းသာချင်တယ်။ ဒါကြောင့် ဦးစဝ်ရွှေကြာကို လက်ထ
မယ်”

သူမသည် ရွှေစင်မေ၏ ပြတ်သားမှုကို လိုက်လို့မမီ
ပါ။ အဲဒါကိုက သူမတို့ ညီအစ်မနှစ်ယောက်၏ ခြားနာ
ချက်လည်း ဖြစ်နေသည်။

ငွေစင်က ရောင့်ရဲလွယ်သည်။

ချမ်းသာကြွယ်ဝဖို့ထက် စိတ်ချမ်းသာ အေးချမ်းစွာ
နေချင်သူ ဖြစ်သည်။

သူဌေးကတော့် လုပ်လိုသည့် ဆန္ဒလည်း သူမထံတွ
မရှိ။ သူမက အေးချမ်းစွာ ရှင်သန်နေထိုင်ချင်ပြီး အိမ်ထော
ရေးကိုလည်း နှလုံးသားဖြင့်ပင် ရွေးချယ်မည်ဟု ဆုံးဖြ
ထားသူ ဖြစ်သည်။

လောကမှာ ငွေထက် အရေးကြီးသည့် အရာပေါင်
များစွာ ရှိသည်။ ငွေကြေးက လုပ်မပေးနိုင်သည့် အရာပေါင်
များစွာကလည်း ရှိသည်။

နောက် လူ့ဘဝဆိုတာ တိုတောင်းလွန်းသည်။ 
တောင်းသည့် ဘဝသက်တမ်း တစ်လျှောက် ငွေကြေ





နောက်သို့ လေးဖက်ထောက် လိုက်နေရမှာမျိုးကို သူမက
မလိုလားပါ။

သူမနှင့် စိတ်သဘောထားခြင်း ဘယ်လိုမှ မတူခဲ့သည့်
ရွှေစင်သည် တွေ့ကြုံသိကျွမ်းပြီး တစ်လသာသာ အချိန်
အတွင်းမှာပင် ဦးစဝ်ရွှေကြာကို လက်ထပ်လိုက်လေတော့
သည်။

ရွှေစင်ဖြစ်စေချင်သလိုပင် ခမ်းနားကြီးကျယ်သည့်
မင်္ဂလာပွဲကို ဦးစဝ်ရွှေကြာက ငွေကုန်ကြေးကျခံကာ ကျင်းပ
ပေးခဲ့သည်။

လက်ထပ်ပြီးတာနှင့် ရွှေစင်က ပြင်ဦးလွင်သို့ သျှောင်
နောက် ဆံထုံးပါတော့သည်။

ပြင်ဦးလွင်တွင် မင်္ဂလာညည့်ခံပွဲ ထပ်လုပ်ဦးမှာမို့
ရွှေစင်တို့နှင့်အတူ အမေပါ လိုက်သွားခဲ့ခြင်း ဖြစ်သည်။
သူမကတော့ အလုပ်မှ ခွင့်မရလို့ ကျန်ရစ်ခဲ့ရလေသည်။

ဒါတောင် ရွှေစင်က သူမကို အလုပ်ထွက်ပစ်တော့ဟု
တဖွဖွ တိုက်တွန်းပြီး ပြင်ဦးလွင်သို့ အပါခေါ်နေတာ ဖြစ်
သည်။

“နင် နေသားကျမှပဲ ခေါ်ပါဟာ”ဟု တောင်းပန်ခဲ့ရ

တာ အမော်ပင် ဖြစ်၏။

အမေနှင့် ရွှေစင် ပြင်ဦးလွင်ကို သွားတာပင် မကြာ

သေး။

အခုတော့ ရွှေစင်ဆုံးပြီတဲ့…

"မဟုတ်ဘူး လုံးဝ မဟုတ်ဘူး မယုံဘူး"

မျက်စိစုံမှိတ်၍ တွေးတောနေရင်းမှ ငွေစင်က စိတ်လှုပ်ရှားလွန်းပြီး ပါးစပ်မှ အသံထွက် ပြောမိသွားခြင်းဖြစ်၏။

အဲဒီမှာပင် အံ့ဩဖွယ် တိုက်ဆိုင်မှုတစ်ခုကို အားနာစရာကောင်းစွာဖြင့် ကြုံတွေ့လိုက်ရလေတော့သည်။

* * *



# အခန်း (၃)

"ဒီမှာ ခင်ဗျားဘေးက လွတ်နေတဲ့ခုံဟာ ကျွန်တော်ပါဗျာ မညာပါဘူး"

"ရှင်…"

နံဘေးမှ ကြားလိုက်ရသည့် စကားသံကြောင့် မျက်စိဖွင့်ကြည့်လိုက်တော့ သူမဘေးတွင် ရပ်နေသည့် ခန့်ခန့်ညားညား လူရွယ်တစ်ယောက်ကို တွေ့လိုက်ရသည်။

"အခု ခင်ဗျားထိုင်နေတဲ့ ခုံကိုလဲ ကျွန်တော် အဖော်လိုက်ဖြစ်လို့ ကျွန်တော်ပဲ ပြန်ရောင်းလိုက်တာပါ ဟောဒီမှာ လက်မှတ်"

"ဟောတော့ ဒါတွေ ကျွန်မကို ရှင်းပြရအောင် ကျွန်မက ကားစပါယ်ယာမှ မဟုတ်တာ"

ငွေစင်က တအံ့တဩ ပြောလိုက်တော့ လူရွယ်က စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကုတ်သည်။

"စောစောက နေရာလေး ဖယ်ပေးပါ ပြောတေ
ခင်ဗျားက မကြားချင်ယောင် ဆောင်နေတယ်။ အဲဒီခုံ
ကျွန်တော် ဝယ်ထားတဲ့ ခုံပါလို့ ပြောတော့လဲ မဟုတ်ဘူ
လုံးဝမဟုတ်ဘူး မယုံဘူးလို့ အော်တယ်လေ။ ဒါကြော
ကျွန်တော်က ရှင်းပြနေရတာပေါ့ဗျ"

ဒီတော့မှ အဖြစ်အပျက်ကို သဘောပေါက်သွား
ငွေစင်မေက အားနာသွားရတော့သည်။

"စိတ်မကောင်းပါဘူးရှင်။ ဒါ တိုက်ဆိုင်သွားတာ
ကျွန်မ ရှင့်ကို ပြောတာမဟုတ်ပါဘူး။ ကျွန်မ အတွေးနဲ့ကျွ
ပြောလိုက်မိတာပါ ရှင့်ထိုင်ခုံ မဟုတ်ဘူးလို့ ငြင်းတာ
မဟုတ်ရပါဘူး"

ပြောပြောဆိုဆို ငွေစင်က နေရာဖယ်ပေးလိုက်
လူရွယ်က ဝင်ထိုင်လေသည်။

အသက်နှစ်ဆယ့်ခုနစ် နှစ်ဆယ့်ရှစ်လောက်ရှိမည့်
ရွယ်သည် ပုံပန်းကျနစွာ ဖြီးသင်ထားသည့် ဆံပင်၊ ရိတ်
ပြီး စိမ်းစိမ်းဖန့်ဖန့် ဖြစ်နေသော မုတ်ဆိတ်မွေး နှုတ်ခမ်း
နေရာများနှင့် အတော်ကို ကြည့်ရတာ အဆင်ပြေကြေ
ငွေစင်က သတိပြုလိုက်မိသည်။





လူရွယ်သည်ကား ပြတင်းပေါက်နံဘေးတွင် ထိုင်ပြီး
သူမကတော့ လူသွားလမ်းဘက်မှာ ထိုင်ရတာမို့ လူရွယ်နေရာ
ဘကျ ဖြစ်တော့မှ သူမက ဝင်ထိုင်ရလေသည်။

ယှဉ်ထိုင်ပြီးတော့မှ လူရွယ်၏ မြင့်မားသောအရပ်ကိုပါ
သတိပြုမိသည်။

ငွေစင်သည် ကိုယ့်အပူနှင့်ကိုယ်မို့ ဒီထက် ပိုပြီးတော့
သည်း စိတ်မဝင်စားနိုင်တော့ဘဲ မူလပုံစံအတိုင်းသာ မျက်လုံး
ကို တင်းတင်းမှိတ်၍ အတွေးများကို နောက်တစ်ကြိမ် ရှက်
လွှင့်မိလေသည်။

ထိုအချိန်၌...

လေအိတ်ကားကြီးက မန္တလေးသို့ ရှေးရှုထွက်ခွာ
လာပြီဖြစ်လေသည်။

ကားကြီးက တငြိမ့်ငြိမ့်...

ကက်ဆက်မှ သီးချင်းသံကလည်း သာယာနာပျော်ဖွယ်

သို့သော်...

ငွေစင်မေကတော့ သောကမီးတောက်ကို ရင်ဘတ်ထဲ
ထည့်ထားပြီး အဆွေးဆက်နေတော့သည်။

* * *

## အခန်း (၄)

"ဦးစဝ်ရွှေကြာ"

ထိုလူကြီးသည် အသက် လေးဆယ်နားနီးနီး ချော ခန့်ညားသော ချမ်းသာကြွယ်သည့် လူကြီးတစ်ယော ဖြစ်သည်။ ပြင်ဦးလွင်တွင် နေထိုင်သည်။

အိမ်ထောင်မရှိသည့် လူလွတ်ဖြစ်သည်။ ထိုလူကြ အပေါ်တွင် ထိန်းချုပ်ပဲ့ကိုင်သောသူ မရှိပါ။

ဦးစဝ်ရွှေကြာနှင့် ပတ်သက်ပြီး ငွေစင်မေသိတာ လောက်ပဲ ဖြစ်သည်။

ဒီထက်ပိုမသိပါ။

ဒီလောက် သိရတာတောင် ဦးစဝ်ရွှေကြာကို လက်ထ





ည့် ရွှေစင်မေက သူမ သိထားသလောက်ကို ပြောပြထားခဲ့ ၍ သိရတာဖြစ်သည်။

ရွှေစင်အနေဖြင့်လည်း သူလက်ထပ်မည့် သတို့သား၏ အကြောင်းအရာကို ဒီလောက်ပဲ သိထားသတဲ့။

ငွေစင်ကတော့ ကိုယ်လက်ထပ်မည့်သူ၏ အကြောင်း ကို အခုထက် ပိုသိသင့်သည်ဟု ထင်သည်။

အိမ်ထောင်ပြုတယ်ဆိုတာ ကလေးကစားသည့် ကိစ္စ မဟုတ်။

ထို့ကြောင့် ပေါ့ပေါ့တန်တန် သဘောမထားသင့်ဟု ထင်သည်။

ထို့ကြောင့် ရွှေစင်နှင့် သဘောထား ကွဲလွဲရသေးသည်။

"နင်အလောတကြီး မဆုံးဖြတ်နဲ့လေ ရွှေစင် ဦးစဝ် ရွှေကြာ အကြောင်းကို အခုနင်သိထားတာက အပေါ်ယံ လောက်ပဲ ရှိသေးတာမဟုတ်လား။ အခုထက် ပိုသိအောင် အချိန်ယူ လေ့လာသင့်တယ်"

ဟု သူမပြောတော့ ရွှေစင်က ရယ်မောခဲ့ရသည်။

"ငွေစင်လေး သိပ်မတုံးစမ်းပါနဲ့ကွယ်၊ ဦးစဝ်ရွှေကြာ လိုလူတစ်ယောက်နဲ့ လက်ထပ်ရဖို့ဆိုတာ မဟာအခွင့်အရေး

ကြီးလေ။ အဲဒီအတွက် ဒီအခွင့်အရေးကိုသာ ဘာကြေ
လက်လွှတ်ခံရမလဲ။ နင်စဉ်းစားကြည့်စမ်း ငါက စုံစမ်းေ
တွေ လေ့လာတာတွေ လုပ်နေတဲ့အချိန်မှာ သူက တ
မိန်းကလေး တစ်ယောက်ကို စိတ်ဝင်စားသွားခဲ့ရင် ဘယ်
လုပ်မလဲ"

ဟု ရွှေစင်က ဆင်ခြေပေးခဲ့သည်။

"ဟဲ့ အဲဒီလောက်တောင် စိတ်ဓာတ်မတည်ကြည်
ယောကျ်ားဆိုရင် လက်ထပ်ဖို့ စဉ်းစားစရာလား ရွှေစင်

"ဟော ပြောရင်းဆိုရင်းနဲ့ပဲ ငွေစင်ကတော့ တုံ
ပြီဟာ၊ တည်ကြည်တာ မတည်ကြည်တာတဲ့ ဦးစစ်ရွှေကြ
ချမ်းသာတယ်လေဟာ။ ငါ့ဘဝမှာ သူလို ချမ်းသ
ယောကျ်ား တစ်ယောက်ကို ထပ်တွေ့ဖို့ဆိုတာ လုံးဝမဖြ
တော့ဘူး ငွေစင်၊ ပြီးတော့ သူက ငါ့ကိုပြုံးပြုံးရော ပုံ
နဲ့ ကရော်ကမယ် လက်ထပ်မှာလဲ မဟုတ်ဘူး။ ခမ်း
နားနား ကြီးကြီးကျယ်ကျယ်ကို မင်္ဂလာဆောင်ပေးမှာ၊
လက်ထပ်ပြီးတာနဲ့ ငါ့ဘဝကလဲ လက်ညှိုးညွှန်ရာ ေ
တော့မှာ၊ ငါချမ်းသာရင် နင်နဲ့ အမေလဲ ချမ်းသာမှာ
ငွေစင်ရယ် မဟုတ်ဘူးလားနော်"





ဘယ်လိုမှ ပြောလို့ရနိုင်မှာ မဟုတ်သည့်အတွက်
ငွေစင်က ဆန္ဒမတူစွာဖြင့်ပင် ဝင်မပါတော့ဘဲ ငြိမ်နေလိုက်
တော့သည်။

ဦးစစ်ရွှေကြာကို ကြည့်ရတာ လျှို့ဝှက်နက်နဲသူ တစ်
ယောက်ဟု ငွေစင်က ထင်သည်။

အထူးသဖြင့် သူ့မျက်လုံးများကို ငွေစင် သဘောမကျ
ပါ။ ပိတ်အစ်အစ် မျက်လုံးများသည် ရိုးသားမှု မရှိဟု
ခံစားရသည်။

ချစ်သော ရက်ရောသော ဦးစစ်ရွှေကြာ၏ မျက်နှာ
သွင်ပြင်သည် အေးစက်စက် နိုင်လွန်းလှသည်ဟုလည်း
ခံစားရလေသည်။

အမှန်အတိုင်း ဝန်ခံရမည်ဆိုလျှင် ဦးစစ်ရွှေကြာကို
ငွေစင် သဘောမကျပါ။ တရင်းတနှီးလည်း မရှိခဲ့ပါ။ သို့
သော် ကံကောင်းတာလား။ ကံဆိုးတာလားတော့ မသိ
ထိုလူကြီးနှင့် ရွှေစင်သည် အချိန်တိုတိုအတွင်းမှာပင် ကြီးကျယ်
ခမ်းနားစွာ လက်ထပ်ဖြစ်ခဲ့ကြလေသည်။

နေ့ချင်းညချင်းပင် ရွှေစင်ဘဝလေးလည်း ပြောင်းလဲ
သောက်ပသွားခဲ့ ... သည်။

ညော်ကြို ရွှေစင်မေ ဘဝကနေ ဦးစဝ်ရွှေကြာ
ကြင်ရာတော် ဘဝသို့ ရောက်သွားတာနှင့်ပင် ရွှေစင်သ
မင်းသမီးလေး ဖြစ်သွားရလေတော့သည်။

ရွှေစင်ဘဝ အပြောင်းအလဲသည် အမေ့ကို ပျော်
စိတ်ချမ်းသာစေသလို ငွေစင့်ကိုလည်း ဝမ်းသာစေခဲ့
သေချာပါသည်။

ဝမ်းသာနေမိသည် ကြားထဲကပင် ရွှေစင်ကံကော
ပါစေ၊ ရွှေစင်ရဲ့ ရွေးချယ်မှု မှန်ကန်ပါစေဟု ဆုတော
ပေးနေမိဆဲ အခုတော့ ရွှေစင်ဆုံးပြီဆိုသည့် သံကြိုးစာ သ
လက်ထဲသို့ ရောက်လာခဲ့ပြီးတည်း။

ရွှေစင်ဆုံးပြီတဲ့။

ယုံလည်း မယုံချင် ယုံလည်း မယုံနိုင်။

အမေ့အနေဖြင့် ကြေးနန်းတို့ အခုထက်ပိုပြီး ပြ
ပြည့်စုံစုံလေး ရေးထည့်သင့်သည်ဟု ငွေစင်တွေးမိသည်

အမေသည် ပြင်ဦးလွင်သို့ ရွှေစင့်မျက်နှာဖြင့် လို
သွားခဲ့တာလည်း ဖြစ်သည်။

အခု…

ရွှေစင်ဆုံးပြီ ဆိုတော့ အမေရော ဘာတွေဖြစ်နေမ





လဲ၊ ရွှေစင်က ဘာကြောင့် ဆုံးသွားရတာလဲ။

ရွှေစင့်တွင် လောလော လတ်လတ် သေဆုံးရလောက်
သည့် အနာရောဂါမရှိ။

ဒါဆိုတော့ ကားအက်စီးဒင့်န်ကြောင့် သေဆုံးရတာ
လား။ ဒါမှမဟုတ် တစ်စုံတစ်ယောက်ရဲ့ ပယောဂနဲ့ သေရ
တာလား။

အတွေးကြောင့် ဟန်ဆောင် ထိန်းချုပ်နိုင်ခြင်း မရှိ
တော့ဘဲ ငွေစင်က မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျ
လာမိသည်။

လောလောဆယ် သူမ လုပ်နိုင်တာ တစ်ခုပဲရှိသည်။

အဲဒါကတော့ ပြင်ဦးလွင်သို့ အမြန်ရောက်ဖို့ ဆုတောင်း
ရုံပဲ ရှိလေသည်။

ထိုထက်ပို၍ သူမ ဘာမှမတတ်နိုင်သေးတာ သေချာ
ပါသည်။

* * *

# အခန်း (၅)

"ဒီမှာ…"

"ရှင့်…"

ရုတ်တရက် ကြားလိုက်ရသည့် အနီးကပ် ခေါ
ကြောင့် ငွေစင်မေ ဆတ်ခနဲ တုန်သွားလောက်အောင်
အလန့်တကြား ဖြစ်သွားရလေသည်။

"ဟာ… ဆောရီးဗျာ ခင်ဗျား တော်တော် လန့်သွားတ
ပဲ"

"အဟင်း… ကိစ္စမရှိပါဘူးရှင်။ အတွေးနယ်ချဲ့သွား
ပါ"

နံဘေးမှ လူရွယ်ကို ငွေစင်မေက ရက်ပြုံးပြုံးလိုက်
သည်။





"ကားရပ်ပြီလေ တခြားခရီးသည်တွေတောင် ကားပေါ်က ဆင်းကုန်ပြီ"

"အို… ဟုတ်ပါရဲ့ မန္တလေးကို ရောက်ပြီလားရှင်"

ထိတ်ထိတ်ပျာပျာ မေးလိုက်သည့် သူမ၏ မေးခွန်းကို လူရွယ်က သဘောကျစွာ ပြုံးလေသည်။

"မရောက်သေးပါဘူးဗျာ။ အဆာပြေစားဖို့နဲ့ အညောင်းအညာ ဖြေဖို့အတွက် ကားရပ်ပေးတာပါ။ မန္တလေး ရောက်ဖို့ လိုပါသေးတယ်။ ဒါနဲ့ ခင်ဗျားက မန္တလေးကို ပထမဦးဆုံးအကြိမ် သွားမှာနဲ့ တူတယ်"

"ဟုတ်ကဲ့"

လူရွယ်ကို ကြည့်ရတာ ဟော့ဟော့ရမ်းရမ်း [illegible] မဟုတ်။

ဝတ်တာ စားတာ စကားပြောဆိုတာတွေက လူကြီးလူကောင်း ပီသ၍ တည်တည်တံ့တံ့ ရှိကြောင်း သိသာသည်။

သို့သော်…

အမှန်အတိုင်း ဝန်ခံရမည်ဆိုလျှင် [illegible] သူမ စကားများများ မပြောချင်ပါ။

မည်သူတစ်ဦး တစ်ယောက်နှင့်မှလည်း မိတ်ဆွေ

မဖွဲ့ချင်၊ လောကဓတ်တွေလည်း မလုပ်ချင်၊ ထို့ကြော

ဟုတ်ကဲ့ဟု တိုတိုတုတ်တုတ် ပြောလိုက်ပြီး လူရွယ် ကားပေ

မှ ဆင်းနိုင်ရန်အတွက် သူမက မတ်တတ်ရပ်၍ လမ်းဖယ်

ပေးလိုက်သည်။

"ဟင်... ခင်ဗျားရော ဘာမှ ဆင်းမစားတော့ဘူးလား"

"ဟင့်အင်း"

"ဟာ... ခင်ဗျားဆာနေမှာပေါ့၊ နောက်ထပ် ကားက

ရပ်ချင်မှ ရပ်တော့မှာဗျ"

"ရပါတယ် ကျွန်မ မဆာဘူး"

"မစားရင်လဲ အပေါ့အပါးသွားရင်း လမ်းလေ

ဘာလေး ဆင်းလျှောက်သင့်တယ်ဗျ"

အတော်ကို စိတ်တိုသွားသည့် ငွေစင်မေက ခပ်ဆတ်

ဆတ်ပဲ ပြန်ပြောလိုက်တော့သည်။

"ကျွန်မကိစ္စ ကျွန်မသိပါတယ်။ ကျွန်မဆန္ဒနဲ့ ကျွန်မ

ကားပေါ်က ဆင်းချင်း ဆင်းမယ် မဆင်းချင် မဆင်းဘူး

ဒါပဲ"

ငွေစင်မေက ခပ်ရိုင်းရိုင်းပဲ ပြောပစ်လိုက်သည်။

ဒီတော့မှ လူရွယ်က ပခုံးတွန့်ပြပြီး ကားပေါ်မှ ဆင်း





ွားလေသည်။

သူတို့နှစ်ယောက် အချီအချ ပြောဆိုနေတာကို ရှေ့

ခုံကျော်မှ အဘွားကြီးက လှည့်ကြည့်နေတာ တွေ့ရသည်။

သေချာပါသည်။ သူမကို အတော်ရိုင်းတာပဲဟု အဘွား

ကြီးက မှတ်ချက်ချနေပါလိမ့်မည်။

မတတ်နိုင်ပါ။ ငွေစင်မေက ထိုင်ခုံတွင် ပြန်ထိုင်ပြီး

က်စိကို စုံမှိတ်ကာ မကြာခင် ပြင်ဦးလွင်၌ ဘာတွေ့ကြုံ

မည်လည်းဟု စိတ်ဖြင့် မှန်းဆကြည့်မိသည်။

ရွှေစင်မေ သေတယ်ဆိုတာ မမှန်ပါစေနဲ့။ အရှင်ဘုရား

ုရားတပည့်တော်မရဲ့ အစ်မဟာ အန္တရာယ်ကင်းစွာ ရှိနေ

ါစေ အရှင်ဘုရား။

လက်အုပ်ချီရင်း မျက်ရည်စက်လက်ဖြင့် ဆုတောင်းမိ

ြန်သည်။

အမေလည်း ဘေးအန္တရာယ် ကင်းရှင်းပါစေ။

ဘုရား..တပည့်တော်မလည်း အမေနဲ့ အစ်မရှိတဲ့ နေရာ

ကို ချောမောစွာ ရောက်ရပါစေ ဘုရား"

တတွတ်တွတ်ဖြင့် ဘယ်လောက်ကြာအောင် ဆုတောင်း

နေမိသည်မသိ။ ခရီးသည်တွေ ကားပေါ်သို့ ပြန်တက်လာ

ကြတော့မှပဲ သူမက အသိပြန်ဝင် လာမိသည်။

မကြာခင်မှာပင် လူရွယ်သည် ပြန်ရောက်လာသည်

ခရီးသည်တွေ စုံတာနှင့် ကားကြီးက မန္တလေးသို့

ဦးတည်မောင်းနှင်တော့သည်။

ကားကြီး၏ မြန်ဆန်မှုကို နှေးလွန်းပါသည်ဟု ထင်

နေမိသည့် ငွေစင်ကတော့ ခရီးတစ်လျှောက် သက်သော

သက်သာ မရှိခဲ့သလို နံဘေးမှ လူရွယ်နှင့်လည်း စကား

တစ်ခွန်းမှ ထပ်မပြောဖြစ်တော့ပါ။

နောက်ဆုံးမှာတော့ မန္တလေး ရွှေမြို့တော်ကြီးသို့

ဃောင်ချာချာဖြင့် သူမ ရောက်ရှိသွားရပါတော့သည်။

သူမ ကားပေါ်မှ ဆင်းလာတော့ လူရွယ်က မျက်

တည်တည်ဖြင့် မေးလေသည်။

"ခင်ဗျားကို ကျွန်တော် အကူအညီ ပေးဖို့များ

အပ်နေမလား"

ဒီတစ်ခါတော့ ငွေစင်က ယဉ်ယဉ်ကျေးကျေးပဲ ပြ

ဖြေလိုက်ပါသည်။ နောက်ထပ်တွေ့စရာမှ မရှိတော့ဘဲလေ

"မလိုပါဘူးရှင် ကျေးဇူးတင်ပါတယ်"

* * *



# အခန်း (၆)

"ပါးစပ်ပါ ရွာရောက်" ဆိုသည့်စကားပုံအတိုင်းပင် မေးရင်း မြန်းရင်း အကူအညီတောင်းရင်း နောက်ဆုံးတော့ ငွေစင်မေ ပြင်ဦးလွင်သို့ သွားမည့်လိုင်းကားပေါ်သို့ ရောက်လာခဲ့တော့သည်။

ကားပေါ်တွင် နေရာတကျ ထိုင်ပြီးသွားတာနှင့် စိတ်ရောကိုယ်ပါ ပင့်ပန်း နွမ်းနယ်လွန်းသည့်အတွက် ဘာမှ မတွေးနိုင်၊ ဆုမတောင်းနိုင်တော့ဘဲ သူမက အိပ်ပျော်သွားရလေတော့သည်။

စိတ်က ဘယ်လောက်ပဲ ဆောင်ဆောင် ခန္ဓာကိုယ်သည် စိတ်၏ ဆန္ဒအတိုင်း ဘယ်လိုမှ နေပေးနိုင်မှာ မဟုတ်ကြောင်း အခုမှပဲ ကောင်းကောင်း သဘောပေါက်ရတော့သည်။

နောက်တစ်ခုက ဒီကားသည် ပြင်ဦးလွင်ကိုပဲ သွား၍

ထိုနေရာမှာပဲ ကားတိုက်ဆုံးမည်ဆိုတာကို သိထားသောကြော

နှစ်ခြိုက်စွာ အိပ်ပျော်သွားတာလည်း ဖြစ်မည် ထင်သည

ပြီးတော့...

ရန်ကုန် မန္တလေးတစ်လျှောက်လုံးမှာလည်း ငွေစင

တစ်ရေးမှ အိပ်မပျော်ခဲ့ပါ။ ပူဆွေး လောင်မြိုက်ပြီးတော့သ

လာခဲ့ရတာ ဖြစ်လေသည်။

အိပ်ပျော်သွားတော့လည်း တကယ့်ကိုမှ နှစ်နှစ်ခြိုက

ခြိုက်။

သူမ နိုးလာတော့ ကားကလေးက ပြင်ဦးလွင် မြို့

ကိုပင် ဝင်နေလေပြီ။

ပထမတော့ ဘယ်နေရာကို ရောက်နေမှန်း သူမ မသ

သေးပါ။

နံဘေးမှ ခရီးသည်ကို အလန့်တကြား မေးမိသည်

"တစ်ဆိတ်ရှင် အခု ဘယ်နေရာကို ရောက်နေပြီလဲ"

သူမ အသံက ထိတ်ထိတ်ပျာပျာ ရှိနေပြီး ပြန်ဖြ

သည့် အသံကတော့ ရယ်မြူးရိပ်တွေ ထင်နေလေသည်။

"အော... နိုးပြီလားဗျာ အိပ်ရေးရော ဝရဲ့လား။ အ

ပြင်ဦးလွင်မြို့ထဲကို ဝင်ပြီလေ"





ဒီတော့မှပဲ နံဘေးက လူကို အသေအချာ ကြည့်

သည်။

ရန်ကုန်က လာတုန်းက အတူထိုင်လာခဲ့သည့် လူရွယ်

ဖြစ်နေလေသည်။

ငွေစင်က အံ့အားသင့်သွားသည်။

ဒီလောက်တောင်ပဲ တိုက်ဆိုင်ရသလားဟု တွေးမိပြီး

သသယ ဝင်ချင်သွားသည်။

ဒီလူဟာ တမင်တကာများ သူမနောက်က လိုက်လာ

တာ။

တွေးပြီးမှ မဖြစ်နိုင်ပါဘူးဆိုသည့် စိတ်ဖြင့် ထိုအတွေး

ကို ငွေစင်က ပယ်ဖျက် ပစ်လိုက်မိပြန်သည်။

အကယ်၍များ ဒီလူက အတင်းရောနှောပြီး မိတ်ဆွေ

ခဲ့မည်။

သူမ နောက်မှလိုက်လာမည်ဆိုလျှင်တော့ တစ်ခုခု

တုံ့ပြန်ရလိမ့်မည်ဟု တွေးရင်း ရင်တထိတ်ထိတ် ဖြစ်နေမိ

သည်။

ငွေစင်က ထိုလူရွယ်ကို အရေးမလုပ်ဘဲ လုံးဝမမှတ်မိ

ချင်ယောင် ဆောင်နေလိုက်တော့သည်။

သို့သော်...

လူရွှယ်သည် သူမ စိုးရိမ်သလိုမျိုး အတင်းရောနှော

မိတ်ဆွေဖွဲ့တာတွေ ဘာတွေမှမလုပ်ဘဲ သူ့ဘာသာ သူနေတ

ကို တွေ့ရလေသည်။

ကားပေါ်မှ ဆင်းပြီးနောက် ကိုယ့်ဘာသာကိုယ် အလု

ရှုပ်သွားသည့်အတွက် ငွေစင်က လူရွှယ်ကို သတိမပြုမိတော

ပါ။

တကယ်တမ်း ပြင်ဦးလွင် မြေပေါ်သို့ ခြေချမိတော

ရင်ထဲမှ အပူလုံးက ထကြွလာပြန်သည်။

ပြင်ဦးလွင်သည် ရန်ကုန်နှင့်ရော မန္တလေးနှင့်ပ

ခြားနားနေသည်။

ရာသီဥတုက အေးမြပြီး။ ဥရောပဆန်ချင်နေသည်

အခု သူမ လာခဲ့သော ခရီးသည် အပျော်ခရီးသာ ဖြစ်မည

ဆိုလျှင် ဘယ်လောက်ကောင်းလိုက်မလဲ။

အခုတော့ မျက်ရည်စက်လက်နှင့် လာခဲ့ရသည့် သော

ခရီးမို့ ပတ်ဝန်းကျင်ကို ဂရုတစ်စိုက် မခံစားနိုင်ဘဲ ကားဆရာ

ဦးလေးကြီး၏ အကူအညီဖြင့် ငွေစင်က ရထားလုံးတစ်စီးက

ငှားလိုက်ရလေသည်။





"တူမကြီးက တစ်ယောက်တည်းလား"

"ဟုတ်ကဲ့"

"ပစ္စည်းတွေရော"

"မပါပါဘူးရှင်"

မြင်းလှည်းဆရာကြီးက အံ့ဩသလို တစ်ချက်ကြည့်

ပြီးမှ တစ်ခုခုကို နားလည်သွားသလို ပုံစံမျိုးဖြင့် ရယ်မော၍

တစ်ချက်ချသည်။

"ဪ... သိပြီ အဖွဲ့တွေနဲ့ တစ်ခါတည်းမလာဘဲ

တူမကြီးက နောက်မှ လိုက်လာတာပေါ့"

ငွေစင်က အံ့ဩသွားသည်။

"ဘာအဖွဲ့လဲ ဦးလေး၊ ဦးလေးပြောတာ ဘာအဖွဲ့

လဲဟင်"

"ရုပ်ရှင်လာရိုက်တဲ့ အဖွဲ့တွေလေကွယ်။ တူမကြီးက

မင်းသမီး မဟုတ်ဘူးလား"

"ဟာ... မဟုတ်ပါဘူး၊ ဦးလေးရယ် ပေါက်တီး

ပေါက်ရှာရှင် ကျွန်မက ဘယ့်နှယ် မင်းသမီး ဖြစ်ရမှာလဲ"

ဒီလောက် ရှင်းပြတာကိုပင် ဦးလေးကြီးက ဘဝင်ကျ

သွားပုံ မရသေးပါ။

"နို့ တူမကြီးက မင်းသမီး မဟုတ်ဘူးလားကွယ့်"

"မဟုတ်ပါဘူးဆိုနေ"

စိတ်တိုသံ ထွက်သွားတော့မှ မြင်းလှည်းဆရာကြီး

ပြန်သွားပြီး သူမ သွားမည့်နေရာကို မေးသည်။

"ကျုပ် တူမကြီးသွားမယ့်လိပ်စာ ပြောပါ"

ငွေစင်က ဦးစဝ်ရွှေကြာ၏ လိပ်စာကို ရွတ်ပြလိုက်

မှ ဦးလေးကြီးက သူမ ရုပ်ရှင်မင်းသမီး မဟုတ်ဘူးဆို

ယုံကြည်သွားပုံ ရသည်။

"ဦးလေး ဦးစဝ်ရွှေကြာကို သိသလားဟင်"

ရထားလုံး ထွက်လာတာနှင့် သူမက လှမ်းပြီး စ

လိုက်ခြင်း ဖြစ်သည်။

သို့သော်...

ဦးလေးကြီးက ဘာမှပြန်မဖြေပါ။ သူမ မေးတာ

မကြားတာများ ဖြစ်နေမလားဟု တွေးပြီး ဒုတိယအကြ

ထပ်မေးသည်။

ဒါပေမဲ့ အဖြေမရပြန်။

ဒီတော့မှပဲ ငွေစင်မေက ဘာမှမမေးတော့ဘဲ တိတ်ဆိ

စွာ လိုက်ပါလာလိုက်တော့၏။ ရင်ထဲမှာတော့ မတင်မကျ





း‌လိုးခုလု ဖြစ်နေတာ အမှန်ပင်။

မြင်းလှည်း ဆရာကြီးသည် လူရိုးလူဖြောင့် ပုံစံဖြစ်

သည်။

မျက်နှာထားကလည်း ဖော်ရွေ နွေးထွေးဟန်တွေဖြင့်

ပြည့်ရှိသည်။

သူမမေးတာကို တမင်တကာ မထီမဲ့မြင်ပုံစံဖြင့် မကြား

ယောင် ဆောင်နေမှာတော့ မဟုတ်ပါ။

ဒါဆို ဘာကြောင့် ပြန်မဖြေရတာလဲ။

အကြောင်းတစ်ခုခုများ ရှိနေမလား။ ရှိတယ်ဆိုရင်

ဘာအကြောင်းလဲ။

စိတ်စနောင့်စနင်း ဖြစ်သွားမိသော်လည်း ထိုအကြောင်း

ကို ကြာကြာမတွေးနိုင်ဘဲ တဖြည်းဖြည်းနှင့် အလင်းရောင်

ဆုတ်ယုတ်၍ မှောင်စ ပျိုးလာသည့် ပတ်ဝန်းကျင်ကိုသာ

အထိတ်တလန့် ကြည့်နေမိသည်။

နေရောင် ပျောက်ကွယ်တာနှင့်အမျှ အအေးဓာတ်

ကလည်း သိသာစွာ ပိုကဲလာလေသည်။

မြင်းလှည်းကို ခပ်မြန်မြန် မောင်းနှင်နေတာမို့ မြန်မြန်

မောင်းပါ ဟု မပြောသာဘဲ နှုတ်ပိတ်နေရလေသည်။

လမ်းပေါ်တွင် မြင်းလှည်းတချို့ တစ်ခါတစ်ရံ ဖြတ် မောင်းသွားတာမျိုး ရှိနေသော်လည်း အများကြီးတော့ မဟုတ် ပါ။ တစ်ခါတစ်ရံ ကားလေးများ ဖြတ်မောင်းသွားတတ်သည်

မြင်းလှည်းမောင်းနှင်လာတာ အချိန်ကြာလာသည်နှင့် အမျှ အိမ်ခြေများ အဆောက်အအုံများကလည်း ကျဲပါးလာ သည်။

ဘာပဲဖြစ်ဖြစ် ကိုယ်မရောက်ဖူးသည့် အရပ်ဒေသ မြင်းလှည်းပေါ်တွင် လူကသာ ငြိမ်သက်စွာ ထိုင်နေရပေ စိတ်များကတော့ ခံစားမှု မျိုးစုံဖြင့် မငြိမ်မသက် ဖြစ်နေတော ၏။

အကယ်၍များ မြင်းလှည်းဆရာကြီးက သူမကို သွား လိုသည့်နေရာသို့ ပို့မပေးဘဲ အခြားတစ်နေရာရာသို့ ခေါ်သွာ ပြီး မတော်တရော်တွေဖြစ်၍ ကြံစည်လေမလား။

ဦးလေးကြီး၏ မျက်နှာသွင်ပြင် ပုံပန်းသဏ္ဍာန်ကို ကြည့်ရတာတော့ အဲဒီလိုမျိုး လုပ်လောက်မည် မထင်ပါ

ဒါပေမဲ့...

စိန်ကဲ ကျောက်ကဲထက် လူကဲခတ်ရခက်၏ ဆိုသည် စကားပုံကလည်း ရှိသည်။ လူတစ်ယောက်၏ စိတ်နေသဘော





ထားကို မျက်နှာသွင်ပြင် ကြည့်ရုံဖြင့် ခန့်မှန်းနိုင်ဖို့ ခဲယဉ်း ပါလိမ့်မည်။

အတွေးကြောင့် ငွေစင်က ကြောက်လန့်လာမိပြီး တစ်ခုခုဖြစ်လျှင် ဘယ်လိုလုပ်မလဲဟု တွေးမိဆဲ မြင်းလှည်း ကလေးက တုံ့ခနဲ ရပ်သွားတော့သည်။

"တူမကြီး ရောက်ပြီကွယ်"

ရထားလုံးထဲမှ ခေါင်းပြူကြည့်လိုက်တော့ ခန့်ညား ထည်ဝါသည်ကိုလည်း တွေ့ရသည်။

အုတ်တံတိုင်းနှင့် စည်းရိုးခတ်ထားပြီး ကျေးဝါရောင် ပြောင်လက်နေသော တံခါးကြီးကို တွေ့ရလေသည်။

တံခါး ရွက်နံဘေး အုတ်တံတိုင်းတွင် စဝ်ရွှေကြာဟု ရေးထိုးထားသည်ကိုလည်း တွေ့ရသည်။ ခြံအမှတ်ကလည်း သူမ ရထားသည့် လိပ်စာထဲကအတိုင်းပဲ ဖြစ်သည်။

တစ်ခုလွဲနေတာ အသုဘရှိသည့် အိမ်လို ခြံဝင်းတံခါး ကို ဖွင့်ထားခြင်းမရှိဘဲ ပိတ်ထားခြင်းပဲ ဖြစ်လေသည်။

ငွေစင်မေက ကြာကြာတွေးမနေနိုင်ဘဲ လက်ဆွဲ အိတ် ကလေးကိုဆွဲ၍ မြင်းလှည်းပေါ်မှ ဆင်းလိုက်ပြီး ဦးလေးကြီး ကို မြင်းလှည်းခ ပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ် ဦးလေး"

"တူမကြီးကို စောင့်ပေးရဦးမလားကွယ့်"

"ရပါတယ် ဦးလေး"

"ဒီနေရာက မြင်းလှည်းငှားဖို့ မလွယ်ဘူးကွဲ့။ တော်ကြ တူမကြီး မြို့ထဲပြန်ဖို့ ခက်ခဲနေဦးမယ်"

"ရပါတယ် ဦးလေး၊ ကျွန်မ ဒီအိမ်မှာ တည်းခိုမ ဧည့်သည်ပါ မြို့ထဲပြန်ထွက်မှာ မဟုတ်ပါဘူးရှင်"

တရှည်းတဝေး ရှင်းမပြသည့်အတွက် ထိုမျှလောက် ပြောဆိုပြီး သူမက ထွက်လာဖို့ ပြင်ဆင်ဆဲ မြင်းလှည်းဆ ကြီးက တွေးတွေးဆဆ ပုံစံဖြင့် သူမကို ထပ်ပြောသ

"ဦးလေး သိသလောက်တော့ ဒီအိမ်ရှင်က ညဦ ဧည့်သည် လက်မခံတတ်ဘူးကွယ့်"

ထိုစကားကြောင့် ငွေစင် စိတ်စနောင့်စနင်း ဖြစ်သ သည်။

ဒါပေမဲ့ သူမက အပျော်လာသည့် ဧည့်သည်မဟု ပြီးတော့ ဒီအိမ်ရှင်သည် သူမ၏ ခဲအိုပင် တော်စပ်နေ သည်။ နောက် ထိုအိမ်၌ သူမ၏ မိခင်လည်း ရှိနေသ ထို့ကြောင့် သူမကိုတော့ တည်းခိုခွင့်မပြုဘဲ နေလိမ့်မ





ဟုတ်ပါ။

"ကျေးဇူးတင်ပါတယ် ဦးလေး။ ဦးလေး စိတ်ချပြီးသာ သွားပါ"

ဒီတော့မှ မြင်းလှည်းဆရာကြီးက မြို့ထဲဘက်သို့ ပြန်မောင်းထွက် သွားတော့သည်။

တစ်ယောက်တည်း ကျန်ရစ်ခဲ့တော့မှ သူမရင်ထဲသို့ ခြိုး၍ ကြောက်လန့်စိတ်များ တိုးဝင်လာတော့သည်။

နေ့အလင်းရောင်ကလည်း ပျောက်ကွယ်လုလု ဖြစ်နေ ချပြီ။

ရာသီဥတု၏ အေးစက်မှုများကလည်း သူမကို နှောက် ယှက်စေသည်။

သို့သော်...

နောက်ဆုတ်လို့မရ လှည့်ပြန်လို့မဖြစ် သူမ အနေဖြင့် ထိုခြံဝင်းကြီးထဲသို့ ရောက်အောင်ကို သွားရပါလိမ့်မည်။

ထို့နောက်...

မာန်သွင်းပြီး ငွေစင်မေက ခြံတံခါး အနီးသို့ တိုးကပ် လာလိုက်လေသည်။

* * *

# အခန်း (၇)

အမှောင်ရိပ်ကြောင့် ခြံဝင်းကြီးထဲသို့ ပြတ်သား သဲ
အောင် မမြင်ရ။ ခြံတံခါးဝနှင့် တိုက်အိမ်ကြီးသည် အတေ
ကို အလှမ်းကွာဝေးပြီးခြံထဲမှာလည်း မီးထွန်းထားခြင်း မ
သေးပါ။

တိုက်အိမ်ကြီးဆီမှာတော့ ကွက်တိကွက်ကျား မီးလင်
နေတာကို မြင်ရသည်။ သို့သော်

ခြံဝင်းထဲမှာရော တိုက်အိမ်ကြီး၏ မျက်နှာစာမှ
လှသူလေးပါး၏ အရိပ်အယောင်ကိုမျှ မမြင်ရဘဲ ပက
တိတ်ဆိတ် ခြောက်ကပ်နေလေသည်။

ဒါဟာ အသုဘအိမ်တဲ့လား။





တစ်စုံတစ်ရာ မှားယွင်းနေတာတော့ အမှန်ပဲဖြစ်သည်။

ဘယ်အရပ် ဒေသမှာပဲ ဖြစ်ဖြစ် အသုဘအိမ်မှန်လျှင် လူအနည်းနှင့် အများတော့ စည်ကားနေတာချည်းပဲ ဖြစ်သည်။

မီးတွေ လင်းထိန်အောင် ထွန်းထားပြီး ခြံတံခါး အိမ်တံခါးတွေကိုလည်း ဟင်းလင်းဖွင့်ပေးထားရ ပါလိမ့်မည်။ ခုတော့ ခြံတံခါးကြီးကိုလည်း ပိတ်ထားသည်။ ခြံဝင်းကျယ်ကြီးကလည်း မှောင်စုတ်စုတ်။

တိုက်အိမ်ကြီးကို မျှော်ကြည့်လိုက်တော့လည်း မီးအလင်းရောင်က ကွက်တိကွက်ကျား ဖြစ်နေသည်။

ခုချိန်ထိ ခြံထဲတွင် လူမဆိုထားနှင့် သက်ရှိသတ္တဝါပင် တစ်ကောင်တစ်မြီးမှ မမြင်ရသေး။

ခြံတံခါး ဖွင့်ပေးဖို့ ဘယ်လို ဆက်သွယ်ရမလဲဟု ငွေစင်မေက အကြံထုတ်နေမိသည်။

တံခါးတိုင် နှစ်ခုတွင် လူခေါ်ခေါင်းလောင်း ရှိမလားဟု ရှာဖွေ ကြည့်မိသော်လည်း မတွေ့ရ။

အိမ်ရှင်တို့ဟုပဲ အော်ဟစ်ခေါ်ရမလား။

ဒါလည်း မဖြစ်နိုင်ပါ။ သူမ ဘယ်လိုပဲ အော်ခေါ်ခေါ်

အိမ်ကြီးဆီမှ ကြားရလိမ့်မည် မထင်ပါ။

ဒါဆို ဘာလုပ်ရမလဲ။

ချမ်းစိမ့်နေသည့် ကြားထဲမှ ရွှေစင်မေက ခေါင်း

ပြန်ချင်လာလေသည်။

တံခါးတိုင်တွင် ဘာကိုမှ မတွေ့ရတော့ တံခါးရွက်

ပေါ်တွင် ရှာဖွေမိပြန်သည်။

သို့သော်

ထူးခြားမှုကို ရှာမတွေ့။ ကြားလျှင်ကြား မကြား

လည်းနေ အော်ဟစ်ခေါ်တော့မည်ဟု ဆုံးဖြတ်လိုက်ဆဲမှာ

တံခါးနောက်မှ မျက်နှာကြီးတစ်ခု ရုတ်တရက် ပေါ်လာ

သည်။

"အောင်မလေး..."

ငွေစင်မေက လန့်ဖျပ်ပြီး အော်ဟစ်လိုက်သလို

တံခါးအတွင်းမှ လူကလည်း အသံတုန်တုန်ဖြင့် အထိ

အလန့် ရေရွတ်လေသည်။

"သ သခင်မ"

ကိုယ့်ကိုယ်ကို ဆောက်တည်လိုက်ပြီး သူမက မျက်

ပေါက် ဆိုးဆိုးနှင့် တံခါးအတွင်းမှ လူကို မေးသင့်





းလိုက်သည်။

"ဦးစဝ်ရွှေကြာရဲ့ အိမ်ပါနော်"

"ဟုတ်ပါတယ်"

"ကျွန်မက ဦးစဝ်ရွှေကြာရဲ့ ဇနီးရဲ့ ညီမပါ။ ရန်ကုန်က

လာတာပါ"

ဒီတော့မှ ရုပ်ဆိုးဆိုး လူကြီး၏ ဖြူရော်ရော် မျက်နှာက

တ်သက်သာရာ ရသွားသလို ပြုံးသွားလေသည်။

ဒီအတိုင်းနေလျှင် မျက်နှာပေါက် ဆိုးလွန်းလှသော

လူကြီးသည် ပြုံးလိုက်တော့လည်း တွန့်ကွေးသွားသည့်

တ်ခမ်းများကြောင့် အရုပ်ဆိုးလွန်းနေပြန်သည်။

"သြော်... ဒါကြောင့် သခင်မနဲ့ အရမ်းတူနေတာကိုး

အမြွာညီအစ်မ မှတ်တယ်"

"ဟုတ်ပါတယ် ကျွန်မတို့က အမြွာပါ"

ပြောပြောဆိုဆိုပင် ထိုလူကြီးက သွက်လက်စွာ တံခါး

ဖွင့်ပေးလေသည်။

အရပ်ခြောက်ပေ နီးပါးလောက်မြင့်မားသော ထိုလူကြီး

သည် အနက်ရောင် ရှမ်းဘောင်းဘီ ပွပွကြီးကိုနှင့် ကျော

ပြနေသော အင်္ကျီကို ဝတ်ဆင်ထားပြီး ရာသီဥတုနှင့် ဆန့်ကျင်

စွာပင် ခန္ဓာကိုယ်တစ်ခုလုံး ချွေးတောက်တောက် ရွှဲနစ်နေေ
သည်။

ဘာကြောင့်မှန်းမသိ ထိုလူကြီးကို ငွေစင်က ကြော
နှံ့သကဲ့ ခံစားရသည်။

သူမ ခြံထဲသို့ ဝင်လိုက်တာနှင့် အဝေါ်လေးလံ
ရသည့် ခြံတံခါးကြီးကို သော့ခတ်လိုက်လေသည်။

သူမသည် အပြင်လောကနှင့် အဆက်အသွယ်ပြ
ဆောက်သွားသူ တစ်ယောက်လိုမျိုး ခံစားလိုက်ရပြီး ခြံဝင်းကြ
ထဲမှ ပြန်ထွက်လိုသည့် ဆန္ဒများနှင့် မွှန်းကျပ်လာရတော
၏။

"လာ... ကျုပ်နောက်ကို လိုက်ခဲ့"

ပြောပြီးတာနှင့် ထိုလူကြီးသည် ခြေလှမ်းကျဲကြီးဖြ
သူမ ရှေ့မှ ထွက်ခွာသွားတော့သည်။ ကစ်ခုခု မေးမြန်လ
သော်လည်း အခွင့်အရေး မပေးသည့်အတွက် ငွေစင်မေ
လူကြီးနောက်မှ ပါးစပ်ပိတ်ပြီး အမောတကော လိုက်လာ
ရလေတော့သည်။

ဦးစဝ်ရွှေကြာ၏ အလုပ်သမား တစ်ယောက်ကပင
သူမကို နွေးထွေးစွာ မကြိုဆိုဘူးဆိုတော့ ဦးစဝ်ရွှေကြာ





ကိုယ်တိုင်က ဘယ်လို ဆက်ဆံမည်လဲ။

အမေရော ဘယ်သို့ ဘယ်ပုံရှိနေမည်လဲ။

ရွှေစင်မေကရော ဘာတွေဖြစ်နေပြီလဲ။

တကယ်ဆို သူမကို အခုလို ပုံစံမျိုးနှင့် ကြိုဆိုသင့်
သလား။

အတွေးကြောင့် ငုံ့ထားသည့် ငွေစင်ဦးခေါင်းက ဆတ်
ခနဲ ထောင်မတ်သွားသည်။

သူမသည် အနေအေးသော်လည်း ကြောက်တတ်သူ
တော့ဖြင့် မဟုတ်ပါ။

မဟုတ်မခံ စိတ်ရှိသလို ခေါင်းလည်းမာသည်။ ဘယ်
အရာမဆို တော်ရုံနှင့် အလျှော့မပေးတတ်ပါ။ အခု သူမ၏
စိတ်ရင်းအမှန်က ခေါင်းထောင် ထလာလေပြီ။

"ဒီမှာရှင့် ဒီအိမ်မှာ ကျွန်မအမေ ရှိတယ်မဟုတ်လား။"

"ကျုပ် မသိဘူး"

ကြားရသည့် အဖြေကြောင့် ငွေစင်က ဆတ်ခနဲ တုန်
သွားလေသည်။

ဒါ... သူမကို တမင်တကာ မလေးစားလုပ်တာပဲဟု
သတ်မှတ်လိုက်မိသည်။

ထို့ကြောင့် နောက်ထပ်မေးခွန်း တစ်ခုကို မေးလိုက်
သည်။ သူမ၏ အသံက ဒေါသဖြင့် တုန်ယင်သွား ရလေ
တော့သည်။

"ကျွန်မ အစ်မ ဆုံးသွားပြီဆိုတာရော ဟုတ်သလား"

ဒီတစ်ခါ ကျုပ်မသိဘူးဟု ထပ်ဖြေလျှင် ရန်တွေ့
လိုက်မည်ဟု စိတ်ကူးထားသော်လည်း ထိုလူကြီးက ကျ
မသိဘူးဟု မဖြေပါ။

"ဟုတ်ပါတယ်"

ဟုပဲ ဖြေသည်။

ထိုအဖြေကြောင့် သူမ ရင်ဘက်ထဲတွင် ကျဉ်ခနဲ
စားလိုက်ရလေတော့သည်။

"ဒီမှာရှင့် ကျွန်မ အစ်မက လူကောင်း ပကတိပဲ
ဘာဖြစ်လို့ ဆုံးသွားရတာတဲ့လဲ"

"ကျုပ် မသိဘူး"

"နေပါဦး လူတစ်ယောက်လုံး သေသွားတာကို ဘ
ဖြစ်လို့ သေရတယ်ဆိုတာ မသိဘူးလို့ ပြောတာကို ကျွန်မ
ယုံရမှာလားရှင့်၊ လူကြီးက သူမကို လှည့်မကြည့်ဘဲ ထပ်
သည်။





"ဒါလဲ ကျုပ်မသိဘူး"

"တောက်"

ငွေစင်မေက စိတ်ထဲမှနေ၍ တောက်ခတ်ပစ်လိုက်
ည်။

ဒီလူကြီးကို ဘာပဲမေးမေး အဆင်ပြေသည့် အဖြေစကား
ကြားရလိမ့်မည် မထင်။ ဒီတော့ ပါးစပ်ပိတ်ထားတာပဲ
ကောင်းဆုံး ဖြစ်ပါလိမ့်မည်။

ဒေါသရယ် ဝမ်းနည်းသောကရယ် စိုးရိမ်စိတ်ရယ်
င့် ပတ်ဝန်းကျင်ကိုပင် မစပ်စုနိုင်ဘဲ ငွေစင်က လူကြီး၏
လှမ်းများကို အမီလိုက်ပြီး တိုက်အိမ်ကြီး၏ ဆင်ဝင်
က်သို့ ရောက်သွားရလေတော့သည်။

ဆင်ဝင်အောက်မှ အိမ်ကြီး၏ ဧည့်ခန်းထဲသို့ လှမ်း
ည့်လို့ မမြင်ရ။

မှန်တံခါးများ ပိတ်ထားပြီး ထိုမှန်များနောက်၌ ထူထဲ
သော ခန်းဆီးများ ကာရံထားလို့ပဲ ဖြစ်သည်။

အဲဒီမှာ လူခေါ်ဘဲလ်ရှိတယ်။

လူကြီးသည် သူမ ဘာမှမပြောနိုင်ခင်မှာပင် ခြံဝင်းထဲ
ပြန်ထွက်သွားလေတော့သည်။

ထော်ထော် ဆက်ဆံရေး ကျဲတဲ့လူတွေပဲ။

ဧကျနေပ် ရေရွှတ်ရင်း ငွေစင်မေက လူခေါ်ဘဲလ်

ခေါ်ကြာကြာ နှိပ်ပစ်လိုက်တော့၏။

သေချာသည်။ ကြုံတွေ့နေရတာတွေကို သူမ သိပ်သ

ခံချင်တော့ပါ။

* * *



## အခန်း (၈)

လူခေါ်ဘဲလ် ခလုတ်ကလေးပေါ်မှ လက်ပြန် ရုတ်ကိုက်ချိန်နှင့် မှန်တံခါးချပ်ကြီး ပွင့်သွားသည့် အချိန်က တစ်ပြိုင်နက်တည်းမို့ ငွေစင်မေက အလန့်တကြား ဖြစ်သွားလေသည်။

ပွင့်သွားသည့် တံခါးဝ၌ မိန်းမတစ်ယောက် ပေါ်လာပြီး ထိုမိန်းမသည်လည်း သူမကိုတွေ့ပြီး အထိတ်တလန့် ရေရွတ်း ထွက်လာလေသည်။

"အမယ်လေး တူ... တူလိုက်တာ"

ထိုမိန်းမ၏ အသံသည် တုန်တုန်လှုပ်လှုပ် ဖြစ်နေလေသည်။

"ကျွန်မ ရွှေစင်မေရဲ့ ညီမပါ"

သူမက ခပ်ပြတ်ပြတ်ပင် ပြောလိုက်သည်။

အကယ်၍ အခုတွေ့နေရသည့် မိန်းမကိုယ်တိုင် သူမကို မျှော်_ဆက်ဆံလျှင် လုံးဝ သည်းမခံတော့ဟု ဆုံးဖြတ်လိုက်သည်။

သို့သော်...

ထိုမိန်းမသည် သူမကို ပျာပျာသလဲ ကြိုဆိုနေပြန်သည်။

"ဟုတ်ကဲ့ ကြွပါရှင် မမလေးဟာ သခင်မနဲ့ အင်မတန်တူတာပါပဲ။ အဝတ်အစားချင်း ကွဲနေလို့သာ မဟုတ်ရင် သခင်မလို့ ထင်မိမှာပါပဲ"

ထိုမိန်းမသည် သူမ လက်ထဲမှ လက်ဆွဲအိတ်ကို အတင်းပဲ ဆွဲယူသည်။

နောက် သူမ အိမ်ကြီးထဲသို့ ဝင်နိုင်ရန်အတွက် ရိုကျိုးစွာ ဆားသို့ ဖယ်ပေး၏။

"ကြွပါ မမလေး ကြွပါ သခင်ကြီး စောင့်နေပါတယ်"

အမှုအရာရယ် အခေါ်အဝေါ် အသုံးအနှုန်းတွေရယ်ကြောင့် ငွေစင်မေက စိတ်ကျဉ်းကျပ်မိပြန်သည်။

တကယ်ဆို သူမကို သခင်ကြီး စောင့်နေရမှာမဟုတ် အမေ စောင့်ကြိုနေရမှာ ဖြစ်သည်။ အခုတော့ အမေ့





အရိပ်အယောင်မျှပင် မမြင်ရသေးပါ။

ဒါ... ဘယ်လို လွဲချော်မှုမျိုးပါလိမ့်။

တကယ်ဆို အမေသည် သူမကို ခြံဝကပင် ထွက်ကြိုနေမှာ ဖြစ်သည်။

အခု အမေ့အရိပ်ကိုပင် မမြင်ရ ခြံစောင့်ဖြစ်ဟန် ဟိုလူကြီးကို မေးကြည့်တော့လည်း ရေရာကောင်းမွန်သည့် အဖြေကိုမရပဲ။

ထို့ကြောင့် သူမက ရင်ပူလာရပြန်သည်။

အိမ်ကြီးထဲသို့ ဝင်လိုက်တာနှင့် အပြင်မှာလို အေးစက်မနေဘဲ နွေးထွေးမှုကို ခံစားရသည်။

လင်းထိန်နေသော ဧည့်ခန်းကြီးသည် ခံ့ညားထယ်ဝါသော အဖိုးတန် ပရိဘောဂများနှင့် အထက်တန်း ကျစွာ ခင်းကျင်းပြင်ဆင် ထားသော်လည်း ဧည့်ခန်းထဲ၌ လူတစ်ယောက်မျှ မရှိသလို အသုဘအိမ် တစ်ခု၏ သဏ္ဌာန်တမျိုးကိုလည်း မတွေ့ရ။

သတင်းမေးလာသူ ဧည့်သည်လည်း မရှိ။ အိမ်ရှင်လည်း မရှိ။ အမေ့ကိုလည်း မတွေ့ရ။

လွဲချော်မှုကတော့ တစ်စထက်တစ်စ ကြီးမားလာနေ

တာ သေချာနေပြီ။

"ကျွန်မ အမေရောရှင့်"

သူမ မေးခွန်းကို ခန္ဓာကိုယ် တောင့်တင်း ကြုံ့ခိုင်သ

အိမ်ဖော် မိန်းမက ရိုရိုသေသေ ပြန်ဖြေသည်။ သို့သေ

မေးခွန်းနှင့် အဖြေသည် တခြားစီ ဖြစ်နေ၏။

"သခင်ကြီး သူ့အခန်းထဲမှာ စောင့်နေပါတယ်ရှ

ငွေစင်က ဒေါသထွက်သွားပြီး နောက်ထပ် မေးခွ

တစ်ခု မေးလိုက်ပြန်သည်။

"ကျွန်မ အစ်မရော ဘယ်မှာလဲ။ ရှင် သူ့ကို ဘ

နေရာမှာထားသလဲ"

"သခင်ကြီး သူ့အခန်းထဲကနေ စောင့်နေပါတယ်ရှ

"ကျွန်မ မေးတာကို ဖြေစမ်းပါ၊ ရှင်တို့ သခင်ကြ

စောင့်နေတာ စောင့်မနေတာကို ကျွန်မဂရုမစိုက်ဘူး။ ကျွ

အမေ ဘယ်မှာလဲ၊ ကျွန်မအစ်မ ဘယ်မှာလဲ သူတို့ဆ

ကျွန်မကို အရင်ပို့ပေးစမ်းပါ"

သူမပြောသည့် စကားကို အရေးစိုက်ဟန်မပြဘဲ အိ

ဖော်မိန်းမက ကြက်တူရွေးတစ်ကောင် နှုတ်တိုက်ရွတ်သလို

ထပ်ပြောသည်။





"သခင်ကြီး သူ့အခန်းထဲမှာ စောင့်နေပါတယ်ရှင့်"

ငွေစင်မေက ဒေါသတွေ မထိန်းနိုင်အောင် ထွက်လာမိ

သော်လည်း ကိုယ်ကိုယ်ကို ပြန်လည် ထိန်းချုပ်လိုက်ရသည်။

အိမ်ဖော် အမျိုးသမီးသည် ယို့ယို့ကလေး ရပ်နေသော်

လည်း ထိုအမူအရာနှင့် ဆန့်ကျင်စွာပင် အေးစက်စက်

မျက်လုံးများဖြင့် သူမကို စိုက်ကြည့်နေလေသည်။

အရပ်အမောင်း ကောင်းကောင်း ခန္ဓာကိုယ် ထွားထွား

ကြမ်းတမ်းခက်ထန်ပုံရသော အိမ်ဖော်မိန်းမသည် အသက်

ဆယ်ကျော်လောက်သာ ရှိလိမ့်မည်ဟု သူမက ခန့်မှန်းမိ

သည်။

ထိုမိန်းမသည် ရုပ်ရည်အားဖြင့် ဆိုးဆိုးရွားရွားကြီးတော့

ဟုတ်ပါ။

မျက်နှာသည် သာမန်ထက် ပိုရှည်ပြီး အပေါ်သွား

သည် ရှေ့သို့ အနည်းငယ် ခေါထွက်နေသော်လည်း

မျက်လုံး မျက်ခုံးများမှာတော့ နက်မှောင်လှပလွန်းလှ၏။

အထူးသဖြင့် စိမ်းညို့နက်ရှိုင်းသော မျက်လုံးများသည်

ည့်ကောင်းသည် ဆိုတာထက် ဆွဲဆောင်လွှမ်းမိုးနိုင်စွမ်း

ဥ်မဟုတ်) အရှိန်အဝါ တစ်ခုခုရှိနေသလို ခံစားရတာပဲ

ဖြစ်လေသည်။

လက်တလော ထိုမျက်လုံးများဖြင့် စူးစိုက်စွာ ကြည့်
ခံနေရသည့် ရွှေစင်က စိတ်ထဲမှ မကျေမနပ် ဖြစ်နေသော်
နှုတ်မှ ထိုမိန်းမကို လိုက်လျောမိသွားတော့သည်။

"ကောင်းပြီလေ ရှင့်ကို သခင်ကြီးဆီ သွားတာ

"ကျွန်မ နောက်ကလိုက်ခဲ့ပါ မမလေး"

ထိုမိန်းမ၏ အသံက အေးစက်စက် ဖြစ်နေသော်
အမူအရာကတော့ ရိုကျိုးနေပြန်သည်။

သူမက ထိုမိန်းမကို ဘယ်လို မှတ်ချက် ပေးရမ
မသိဘဲ ထိုမိန်းမနောက်မှ လိုက်ပါလာရင်း ဒေါသ ထွ
လေတော့၏။

ထိုဒေါသကြောင့်ပင် သူမက ပတ်ဝန်းကျင်ကို
စေ့စေ့စွာ မလေ့လာနိုင်ခဲ့ပါ။

ညော့ခန်းကို ဖြတ်ထွက်ပြီး ပိတ်ထားသည့် တံခါ
ချပ်၏ နောက်ဘက် စင်္ကြံအတိုင်း လျှောက်လာခဲ့ပြီး
ထားသော ကျွန်းတံခါးကြီး တစ်ချပ်ရှေ့၌ ရပ်မိတာ
သည်။

အိမ်ဖော် မိန်းမသည် ထုထဲ ခိုင်ခံ့သော ကျွန်း





မြင့်မြင့်ကြီးကို သုံးချက်ဆင့်ခေါက်ပြီးနောက် သူမကို တံခါး
ရှေ့၌ ထားရစ်ခဲ့ကာ လာလမ်းအတိုင်း ပြန်ထွက်သွားတော့
သည်။

"ခဏနေရင် တံခါး ဖွင့်ပေးပါလိမ့်မယ် မမလေး"

သူမ၏ ခရီးဆောင် အိတ်ကလေးကို ပေးထားခဲ့ပြီး
ထိုမိန်းမ ထွက်သွားတော့ ယောင်ချာချာနှင့် ကျန်ရစ်ခဲ့ရလေ
သည်။

ဦးစဝ်ရွှေကြာ၏ ဟန်ကြီးပန်ကြီး နိုင်ပုံကိုလည်း စိတ်
ထဲမှ ချဉ်နေရသလို အမေနှင့် ရွှေစင့်ကို မတွေ့ရသေးတာ
ကြောင့်လည်း ရင်ထဲမှာ အောင်ဘင် ခတ်နေရသည်။

ရွှေစင်မေ သေသွားပြီဆိုတာမှ ဟုတ်ရဲ့လား။

ဒါမှမဟုတ် အမေရော ရွှေစင်ပါ တစ်ခုခု ဖြစ်သွားပြီ
လား။

အတွေးကြောင့် ရွှေစင်က ထိတ်လန့်တုန်လှုပ်သွားပြီး
အသက်ရှူ မဝသလို ခံစားရသည်။ အမေတို့သာ တစ်ခုခု
ဖြစ်နေပြီဆိုလျှင် သူမကိုယ်တိုင်လည်း တစ်စုံတစ်ခု ဖြစ်ဖို့
သေချာနေလေပြီ။

ဒီအိမ်ကြီးဆီ မလာခင် ရဲစခန်းကို အလျင်ဝင်ခဲ့လျှင်

အကောင်းသားဟု တွေးနေဆဲမှာပင် ကျွန်းတံခါးကြီး ပွင့်သွားတော့၏။ တံခါးပွင့်သွားသော်လည်း တံခါးပေါက်ဝ၌ မည်သူတစ်ဦးတစ်ယောက်မျှ မတွေ့ရဘဲ သင်းပျံ့ မွှေးကြိုင်သည့် ပန်းတစ်မျိုးမျိုး၏ ရနံ့ကလေးပဲ ထွက်လာလေသည်။

ကျွန်းတံခါးကြီးနောက်မှ အခန်းသည် လင်းထိန်သည့် အဖြူရောင် မီးထွန်းမထားဘဲ စိမ်းဖန့်ဖန့်နှင့် အားနည်းသည့် အလင်းရောင်ကလေးကိုသာ ထားကြောင်း စိတ်လှုပ်ရှားစွာ တွေ့မြင်ရလေ၏။

ဒီအခန်းထဲမှာ ဦးစဝ်ရွှေကြာ ရှိနေတယ်ဆိုတာ ဟုတ်နိုင်ပါ့မလားဟု တွေးနေဆဲ ဦးစဝ်ရွှေကြာ၏ အသံကို ကြားလိုက်ရတော့သည်။

"ဝင်လာခဲ့ပါ ငွေစင်မေ ကိုယ်မင်းကို စောင့်နေတာပါ"

ဦးစဝ်ရွှေကြာနှင့် သူမသည် ခဲအိုနှင့် ခယ်မသာတော်စပ်ခဲ့သော်လည်း ရင်းနှီးမှုတော့ လုံးဝမရှိခဲ့ စကားလည်း မျက်နှာချင်းဆိုင်၍ ကြာကြာ မပြောဖူးခဲ့ပါ။ တစ်ယောက်အကြောင်းလည်း တစ်ယောက် ဘာမှ ရေရေရာရာမသိ။ ပြီးတော့ ရွှေစင်မေနှင့် ပတ်သက်၍ ခဲအိုတော်ထားရသည့် ရက်ပေါင်းကလည်း များများစားစား မရှိသေးတာ အမှန်ပင်





ဖြစ်သည်။

ထို့ကြောင့်...

ဦးစဝ်ရွှေကြာရှိနေသည့် အလင်းရောင်ကောင်းစွာ လုံလုံလောက်လောက် မရှိသည့် အခန်းထဲသို့ သူမက ရုတ်တရက် ဝင်နိုင်ဘဲ ရှိနေတော့သည်။

ဒါကို ပါးနပ်သည့် ဦးစဝ်ရွှေကြာကလည်း သိပုံရသည့် အတွက် အဖြူရောင် မီးကိုဖွင့်လိုက်တာ တွေ့ရသည်။ ဒီတော့ပဲ သူမက သက်ပြင်းတစ်ချက် မသိမသာချပြီး အခန်းထဲသို့ ဝင်လိုက်ရတော့သည်။

ဆိုးဝါးတာက ခုထိ အမေနှင့် ရွှေစင်အကြောင်းကို ဘာမှ မသိရသေးတာပဲ ဖြစ်သည်။

ခရီးပန်းလာသည့်အတွက် သူမ ခန္ဓာကိုယ် တစ်ခုလုံး နာကျင် ကိုက်ခဲနေပြီး ဆာလောင် မွတ်သိပ်နေပြီ ဖြစ်သည်။

"ထိုင်ပါ ငွေစင်မေ"

ညှော်ခန်းလောက် ကျယ်ဝန်းသည့် အခန်းကြီးထဲတွင် အဖိုးတန် ပရိဘောဂများနှင့် တန်ဆာဆင်ထားပြီး အခန်းထောင့်ရှိ ဆိုဖာခုံကြီးပေါ်၌ ဦးစဝ်ရွှေကြာက တည်ငြိမ်စွာ ထိုင်နေလေသည်။

ဦးစဝ်ရွှေကြာသည် ဝါဝင်း စိုပြည်သော အသားအ
နှင့် အနက်ရောင် သက္ကလပ် ဘောင်းဘီရှည် အနက်ရော
စဝို့ ရှပ်တို့ကို တွဲဖက် ဝတ်ဆင်ထားသည့်အတွက် နဂို
အထောက်ကို ကြည့်ကောင်းကြောင်း ငွေစင်က တိတ်တဆိ
ဝန်ခံမိသည်။

အခန်းကြီး၏ ဖိတ်ဖိတ်တောက်ခမ်းနားမှု ဦးစဝ်ရွှေက
၏ ခန့်ညားမှုများကြောင့် သူမကိုယ် သူမ ပိုမို မှိန်ဖျော့သ
သလို ခံစားရသည်။

ပြီးတော့...

ဦးစဝ်ရွှေကြာကို မေးသင့်သည့် မေးခွန်းများအားလ
သူမက မမေးနိုင်သေးဘဲ ဆွံ့အနေရပြန်သည်။

ဦးစဝ်ရွှေကြာ ညွှန်ပြသော ဆိုဖာတစ်ခုပေါ် ထိုင်လို
တော့မှ သူမ၏ ဒူးတွေက ဆတ်ဆတ် တုန်ယင်နေကြော
သိလိုက်မိတော့သည်။

"မင်းလဲ ခရီးအတော် ပန်းလာမှာပဲ ငွေစင်မေ"

"ဟုတ်ကဲ့"

သူမ၏ အသံသည် သေးငယ်ဖျော့တော့နေပြီး ကို
ကိုယ်ကို အားမရနိုင်အောင် ဖြစ်နေရတော့သည်။





မေးလိုက်လေ ငွေစင် မေးတော့လေ နှင့်အမေ
ကြောင်း နှင့်အစ်မအကြောင်း မေးလိုက်ပါတော့လား။

ကိုယ့်ကိုယ်ကို အမိန့်ပေး စေခိုင်းနေသော်လည်း
ကားမပြောတတ်သည့် လူတစ်ယောက်လိုပင် စကားလုံးတွေ
ျောက်ဆုံး နေပြန်သည်။

ဦးစဝ်ရွှေကြာကတော့ စူးရှနက်မှောင်သည့် မျက်လုံး
ားဖြင့် သူမကို စူးစိုက် ကြည့်နေသည်မှာ စပါးကြီး မြွေ
စ်ကောင်က သားကောင်ကို ညှို့နေရတာနှင့်ပင် တူတူသေး
တော့သည်။

ထိုအကြည့်ရယ် မွေးပျံ့သည် ရနံ့ရယ်ကြောင့် သူမက
ညှို့ချက်မိနေသည့် သားကောင်လို အားအင်ကုန်ခန်းလာပြီး
ားဆေးတည့်ထားသည့် လူလို စ ားမပြောနိုင်ဘဲ ဖြစ်နေဆဲ
ှာပင် ဦးစဝ်ရွှေကြာက သူမကို အမေနှင့် ရွှေစင်အကြောင်း
ပြောပြတော့သည်။

အမှန်အတိုင်း ပြောရလျှင် ဦးစဝ်ရွှေကြာ၏ အသံသည်
အကြောင်းအရာတစ်ခုကို ရှင်းပြပြောပြနေတာ မဟုတ်ဘဲ ,
ူပြောသည့် အကြောင်းအရာများကိုသာ သူမ ခေါင်းထဲသို့
ိုးနစ်ပင်အောင် ရိုက်တည့်နေသလို ဖြစ်နေလေသည်။

ထူးဆန်းတာကတော့ ဦးစဝ်ရွှေကြာ ပြောသမျှကို သူမက ထပ်ခံမေးမြန်းခြင်း ငြင်းဆန် ကန့်ကွက်ခြင်းမရှိဘဲ ငြိမ်သက် တိတ်ဆိတ်စွာ နားခံနားထောင်မိနေတာပဲ ဖြစ်လေ သည်။

"မင်းအစ်မ ရွှေစင်မေကတော့ အိပ်ပျော်နေရင်းကနေ အသက်ရှူ ရပ်သွားတဲ့ ရောဂါနဲ့ ဆုံးသွားရှာပြီ ငွေစင်မေ ဆရာဝန်ကတော့ ရုတ်တရက် နှလုံး အလုပ်မလုပ်တော့ဘဲနဲ့ သေဆုံးသွားတယ်လို့ မှတ်ချက်ပေးတာပဲ။ မင်းအမေကလဲ ပြောပါတယ် ငယ်ငယ်လေးကတည်း ရွှေစင်မေမှာ နှလုံး ရောဂါ အခံရှိတယ်တဲ့"

"မဟုတ်ဘူး မဟုတ်ဘူး ရွှေစင်မှာ ဘာရောဂါမှ မရှိ ဘူး။ နှလုံးရောဂါလဲ မရှိဘူး"

ဟု စိတ်ထဲမှ အပြင်းအထန် ငြင်းဆန်နေမိသော်လည်း သူမ နှုတ်မှ ဘာစကားမျှ ပြန်မပြောနိုင်ဘဲ ဖြစ်နေရတာ ဆန်းကျယ်လွန်းလှ၏။

ဦးစဝ်ရွှေကြာသည် သူမ၏ မျက်လုံးများကို တည့်မတ် စွာ စူးစိုက်ကြည့်နေလျက်မှ စိတ်အား ထက်သန်စွာ ထပ်ပြော လေသည်။





"ဟုတ်တယ်လေ ရွှေစင်မေဟာ နှလုံးရောဂါနဲ့ ရုတ်တရက် သေဆုံးသွားခဲ့ရတာ ဒါအမှန်ပဲ"

"အခု... အခု... ရွှေစင် ဘယ်မှာလဲ"

ဒီလောက် စကားလုံးလေးကိုပင် သူမက အနည်းအား ယူပြီး ပြောရတာ ဖြစ်သည်။

ကိုယ့်ကိုယ်ကို ဘာဘွေဖြစ်မှန်းပင် မခန့်မှန်းနိုင်တော့ သေချာတာကတော့ သူမ ဦးစဝ်ရွှေကြာ၏ ရှေ့မှောက် ၌ တစ်စုံတစ်ရာ ပြောင်းလဲဖြစ်ပျက်သွားတာပဲ ဖြစ်ပါသည်။

"ရှိတယ် ရှိပါတယ် လောလောဆယ် မင်းခရီး ပန်း လာတဲ့အတွက် အစာစားပြီး အနားယူလိုက်ပါ ငွေစင်မေ မိုးလဲချုပ်နေပြီ မနက်မှပဲ မင်းအစ်မကို တွေ့ပါတော့"

"ဟင့်အင်း ကျွန်မ အခုချက်ချင်းပဲ တွေ့ချင်တယ်"

ထိုစကားကို ငွေစင်က စိတ်ထဲမှသာ ပြောမိခြင်း ဖြစ်ပြီး တကယ်တမ်း အပြင်ဘက်မှာတော့ ဟုတ်ကဲ့ဟု ပြော ၍ ခေါင်းညိတ်ခြင်းပဲ ဖြစ်လေသည်။

အမေရော ကျွန်မ အမေရော ဆိုသည့် မေးခွန်းကိုလည်း စိတ်ထဲကသာ မေးမြန်နေမိပြီး ပါးစပ်ကတော့ ဖွင့်မေးလို့ မရတာ ဆိုးဝါးလွန်းလှသည်။

"ကဲ... ကိုယ်တို့ ညစာအတူတူ စားကြပေါ့ ဟုတ်လား"

သူမ ဘာမှပြန်မပြောနိုင်ခင်မှာပင် ဦးစဝ်ရွှေကြာက လက်တစ်ဖက်ကို မြှောက်လိုက်တာ တွေ့ရသည်။ ဘယ်လို ဘယ်ပုံဘယ်နည်းဖြင့် ဆက်သွယ် ဖွင့်ပေးခဲ့သည်မသိ။ အိမ်အော်မိန်းမက လင်ပန်းတစ်ချပ်ကို ကိုင်၍ အခန်းထဲသို့ ဝင်လာလေသည်။

လင်ပန်းထဲတွင် အငွေ့ တထောင်းထောင်း ထနေသော စားစရာများ ပါလာပြီး အခန်းထောင့် စားပွဲကလေးပေါ်တွင် ပြင်ဆင်နေလေသည်။

တကယ်ဆို...

ငွေစင်မေသည် အစားစားဖို့ကို လုံးဝ စိတ်မဝင်စားပါ။

ဆာလောင်နေသော်လည်း စားချင်စိတ် မရှိ။ အမေ့ကို တွေ့ချင်သည့် စိတ်နှင့် ရွှေစင်အလောင်းကို မြင်လိုသည့် စိတ်ဆန္ဒများပဲ သူမထံတွင် ရှိနေသည်။

သို့သော်...

ဦးစဝ်ရွှေကြာ၏ စကားများကို ဆန့်ကျင် အတိုက်အခံ လုပ်ဖို့ အင်အားဆုတ်ယုတ် နေသည့် သူမသည် ဦးစဝ်ရွှေကြာ





၏ ဆန္ဒအတိုင်းပင် အစားအသောက် ပြင်ဆင်ထားသည့် စားပွဲ၌ ဝင်ထိုင်လိုက်ရလေတော့သည်။

ထို့နောက်မှာတော့ ထူးဆန်းစွာပင် ငွေစင်က ဘာစကား မှ မပြောဆိုနိုင်ခြင်း မေးမြန်းနိုင်ခြင်း မရှိတော့ဘဲ ဦးစဝ်ရွှေကြာ အမိန့်ပေးသလို ပြုမူဖြစ်သွားတော့သည်။

"မင်းက ခရီးပန်းလာတဲ့အတွက် အဲဒီ နွားနို့ပူပူလေး တစ်ခွက်ကို ကုန်အောင် သောက်ပစ်လိုက်ပါ ငွေစင်မေ"

နို့ကို နှစ်ခြိုက်ခြင်း မရှိသည့်အတွက် ဘယ်တုန်းက မှ မသောက်ခဲ့ဖူးသည့် ငွေစင်သည် ငြင်းဆန်နိုင်ခြင်းမရှိဘဲ နွားနို့တစ်ဖန်ခွက်ကြီးကို အကုန်အစင် မော့သောက် ဖြစ်သွား လေသည်။

"အရည်တွေချည်းပဲ သောက်ထားရင် မင်း ကောင်း ကောင်း အိပ်ပျော်နိုင်လိမ့်မယ် မထင်ဘူး။ ငွေစင်မေ ဒါကြောင့် ပေါင်မုန့်နှစ်ချပ် စားလိုက်ပါ"

စိတ်ထဲမှ ကန့်ကွက် ငြင်းဆန်နေသော်လည်း အင်အား ကြီးမားသော တစ်စုံတစ်ရာ၏ လွှမ်းမိုးမှုကြောင့် သူမသည် ဦးစဝ်ရွှေကြာ ထိုးပေးသော ပေါင်မုန့်များကို ကုန်စင်အောင် စားလိုက်ရပြန်သည်။

"ဟုတ်ပြီ အခုဆိုရင် မင်း ဗိုက်ထဲမှာ အစာရှိသွားပြ
မင်းကောင်းကောင်း အနားယူရတော့မယ်။ မင်း မျက်ခွံတွေ
လေးလံလာပြီ မဟုတ်လား။ မင်း အိပ်ချင်လာပြီ ဟုတ်ပြ
မင်း အိပ်ပျော်တော့မယ် အိပ်ပျော်တော့မယ်"

ဦးစင်ရွှေကြာ၏ စကားသံကို နားထောင်ရင်း သူ
တစ်ကိုယ်လုံး ပျော့ခွေလာသည်။

မျက်ခွံများကပါ လေးလံ ဖိစီးလာပြီး အိပ်ချင်စိတ်တွေ
က သူမထံသို့ အလုံးအရင်းဖြင့် ရောက်လာလေသည်။

မအိပ်ဘူး မအိပ်ဘူးဟု စိတ်ထဲမှ အော်ဟစ်ရင်
နောက်ဆုံး၌ ငွေစင်မေသည် လုံးဝ သတိကင်းလွတ်ပြီး နှ
မြိုက်စွာ အိပ်ပျော်သွားရလေတော့သည်။

* * *



# အခန်း (၉)

အိပ်ပျော်နေရာမှ နိုးလျှင်နိုးချင်း ဖြူဖွေးသည့် အခန်း
င်နှာကြက်ကို ပထမဦးဆုံး တွေ့မြင်ရသည်။

နောက်ကျောအောက်မှ နူးညံ့နွေးထွေးသည့် အိပ်ရာကို
ည်း သတိပြုမိသည်။ ပြီးတော့ မွှေးပျံ့သည့်ရနံ့။ ရုတ်တရက်
ငွေစင်မေသည် ကိုယ့်ကိုယ်ကို ဘယ်ရောက်နေမှန်း မသိ
ဘဲ ယောင်ချာချာ ဖြစ်သွားရသည်။

ဒါ ရန်ကုန်အိမ် မဟုတ်ဆိုတာကိုတော့ သူမက ချက်
 သဘောပေါက်မိသည်။ သူမတို့၏ ရန်ကုန်က အိမ်
လေးသည် စုတ်ချာလွန်းလှပြီး အခု သူမ ရောက်နေသည့်
ာကတော့ နတ်ဘုံနတ်နန်းလို ခမ်းနားလွန်းနေ၏။

လူးလဲ ထထိုင်လိုက်တော့မှ အဖြစ်အပျက် တခ
လှုပ်ခြင်းစွာ အမှတ်ရလိုက်မိသည်။

သူမထံသို့ ရွှေစင်မေ ဆုံးပြီဆိုသည့် ကြေးန
ရောက်လာသည့်အတွက် ပြင်ဦးလွင်သို့ သူမ လိုက်လာ
ဖြစ်သည်။

ရွှေစင်ခင်ပွန်း ဦးစစ်ရွှေကြာအိမ်သို့ မိုးချုပ်မှ ရော
သည်။

နောက် ဦးစစ်ရွှေကြာနှင့်အတူ ညစာ စားခဲ့
ပြီးတော့ သူမသည် ညစာစားသည့် စားပွဲခုံပေါ်မှာပဲ
ပျော်သွားခဲ့တာကို မှတ်မိသည်။

ဘုရားရေ...

ဒါဘယ်သူ့အခန်းလဲ ဒီအခန်းထဲကို ဘယ်သို့ ဘ
သူမ ရောက်လာခဲ့ရတာလဲ။

အတွေးကြောင့် ထိတ်လန့်တကြား ဖြစ်သွားရ
ငွေစင်မေက သူမကိုယ် သူမ အလျင်စလို စစ်ဆေးကြ
သည်။

သူမ ခန္ဓာကိုယ်ပေါ်တွင် ရန်ကုန်က လာကတည
ဝတ်ဆင်လာသည့် လက်ရေး ပါတိတ်အစိမ်းရောင် ဝမ်း





သားပဲ နေရာယူထားတာ တွေ့ရတော့မှ သက်ပြင်း ချမိ
ည်။

သူမ ရောက်နေသည့် အခန်းကို ဝေ့ဝဲကြည့်လိုက်တော့
င်းသယ့် ပတ်လည် အခန်းကျယ် တစ်ခုဖြစ်ပြီး အခန်း၏
များကို ပန်းနုရောင် ဆေးသုတ်ထားတာ တွေ့ရသည်။

ကျွန်းဗီရိုကြီး တစ်လုံးက လူငါးယောက် ခြောက်
က် ဝင်ပုန်းနေနိုင်လောက်အောင် ကြီးမားသော မှန်တင်
လည်း ကျွန်းကနုတ်ပန်းများဖြင့် ခံ့ညားလှပစွာ တန်ဆာ
ထားသေးသည်။

နောက် ကျွန်းကုလားထိုင်ကြီး နှစ်လုံးနှင့် စားပွဲတစ်လုံး
သည်း တွေ့ရသည်။

သူမ ရောက်နေတာကတော့ ပန်းနုရောင်များနှင့်သာ
ဆာဆင်ထားသည့် နှစ်ယောက်အိပ် ခုတင်ကြီးပေါ်မှာ
သည်။

အိပ်ရာခမ်းနားများသည် သစ်လွင် တောက်ပလွန်းလှ
ဂ်လာဦးအတွက် ပြင်ဆင်ထားသလို ပုံစံမျိုး ဖြစ်နေ၏။

စားပွဲပေါ်မှာတော့ အလှပန်းအိုး တစ်လုံးရှိပြီး ပန်းအိုး
သူမမသိဖူး မမြင်ဖူးသော ရောင်စုံပန်း လှလှများကို

ထိုးစိုက်ထားလေသည်။

အခန်းထဲ၌ ပျံ့လွင့်နေသော မွှေးရနံ့သည် ထိုပန်း
ဆီမှပဲ ဖြစ်လိမ့်မည် ထင်သည်။

မြတ်စွာဘုရား...

ဘယ်လို သဘောမျိုးနဲ့ သူမကို ဒီလို အခန်းထဲ
ထားရတာလဲ။ ဘယ်သူက ပို့လိုက်တာလဲ။ ဦးစဝ်ရွှေ
ရော ဘယ်မှာလဲ ညက သူမကို အိမ်တံခါး ဖွင့်ပေးသ
အိမ်ဖော် မိန်းမရော ဘယ်ရောက်နေသလဲ။

ပြီးတော့ အမေ့ကိုလည်း သူမ မတွေ့ရသေး။ အ
နေကောင်းရဲ့လား။ အန္တရာယ် ကင်းရဲ့လားဆိုတာကိုလ
မသိရသေး။ အလို သေဆုံးသွားပြီဆိုသည့် ရွှေစင့် အလေ
ကိုလည်း သူမ မမြင်ရသေးပါ။

တကယ်ဆို ရောက်ရောက်ချင်း သူမကို အမေ
ပေးတွေ့ရမှာ ဖြစ်သည်။ ရွှေစင်ကို ပြရမှာ ဖြစ်သည်

ဦးစဝ်ရွှေကြာ ဘာကြောင့် ထိုကိစ္စတွေကို ရှော
ပစ်ရတာလဲ။ ဘယ်လို အကြောင်းတွေ ရှိနေသလဲ။

သွေးရိုးသားရိုးမှ ဟုတ်ပါလေစ။

အတွေးကြောင့် ကြောက်လန့်သွားသလို အာရုံ





လည်း နိုးကြားသွားသည်။ ငွေစင်မေက ခုတင်ပေါ်မှ ဝုန်းခနဲ
ခုန်ဆင်းကာ အခန်းတံခါးဆီသို့ တဟုန်ထိုး ပြေးသွားပြီး
ဆွဲဖွင့်လိုက်၏။

သို့သော် ဖွင့်လို့မရပါ။

အခန်းတံခါးအား အပြင်မှ သော့ခတ်ထားတာ ဖြစ်ပါ
လိမ့်မည်။

ဒါ... ဒါ ဘာသဘောလဲ

သူမကို ချုပ်နှောင် ဖမ်းဆီးသွားတာလား။

အို... မဟုတ်ပါစေနဲ့ မဟုတ်ပါစေနဲ့။

စိတ်လှုပ်ရှားလွန်းပြီး တစ်ကိုယ်လုံး တုန်ယင်လာသော
ကြောင့် ငွေစင်မေက မတ်တတ်မရပ်နိုင်တော့ဘဲ ကြမ်းခင်း
ကော်ဇောပေါ်သို့ အရုပ်ကြိုးပြတ် ထိုင်ချလိုက်မိတော့သည်။

သူမ၏ ဦးခေါင်းက ချာချာလည်နေပြီ မေးခွန်းများ
နှင့် ကျပ်ခဲနေသော်လည်း အဖြေတစ်စုံတစ်ရာ ရအောင်
မတွေးနိုင်ပြန်ပါ။

မျက်စိစုံမှိတ်၍ အသက်ဝအောင် ရှူသွင်းပြီး စိတ်တည်
ငြိမ်မှုကို ရရှိအောင် ကြိုးစားတော့ အသက်ပြင်းပြင်း ရှူ
လိုက်တိုင်း ရောနှောရှူရှိုက်မိသည့် ပန်းရနံ့ကြောင့် စိတ်တွေ

ပိုမို လှုပ်ရှားလာသလို ခံစားရပြန်သည်။

ဒါ… စိတ်ကြောင့် ဖြစ်တာလား။

တကယ်ပဲလား။

တဖြည်းဖြည်းနှင့် ခံစားရတာ ပိုမို ဆိုးဝါးလာသည့်အတွက် ငွေစင်မေက ရှိရှိသမျှ အင်အားများဖြင့် အာခေါင်ခြစ်ကာ အော်ဟစ်ပစ်လိုက်ဆဲ တိုက်ဆိုင်စွာပင် ပိတ်ထားသော အခန်းတံခါးက ဖြုန်းစားကြီး ပွင့်လာပြီး အခန်းဝ၌ မိန်းမတစ်ယောက်ကို တွေ့ရ၏။

"မမလေး နိုးပြီလားရှင့်"

မနေ့ညက တွေ့ခဲ့ရသည့် မိန်းမနှင့် အလုံးအထည် ဆင်တူသည့် ထိုမိန်းမသည် ငွေစင့်ကို ပြာအက်အက် အသံဖြင့် နှုတ်ဆက်လေသည်။

"ဘုရား… ဘုရား ရှင်တို့ ကျွန်မကို ဖမ်းချုပ်ထားတာတော့ မဟုတ်ပါဘူး ထင်ပါရဲ့နော်"

အခန်းဝတွင် ရပ်နေသည့် မိန်းမသည် သူမ မျက်နှာအား မသိနားမလည်သည့် ထုံထိုင်းထိုင်း မျက်လုံးများဖြင့် ငေးကြည့်နေလေသည်။

"ဒီ… ဒီမှာ ပြတင်းပေါက် တံခါးတွေ ဖွင့်ပေးစမ်းပါ





င်။ အဲဒီပန်းရဲ့ အနံ့ကို ကျွန်မ ဆက်ပြီး သည်းမခံနိုင်တော့ း"

ထိုအမျိုးသမီးသည် သူမခိုင်းစေသည့်အတိုင်းပင် အခန်း သို့ ခပ်မြန်မြန် ဝင်ပြီး မှန်ပြတင်းပေါက် ၂းကို ပိုက်ဖွင့် းသည်။

ပြတင်းပေါက်များ ဖွင့်လိုက်တာနှင့် လေအေးများက တ်ခနဲ ဝင်လာကြသည်။ အိမ်အပြင်၌ နေရောင် နုနုလေး နှင့် နှင်းစက်များ ဖျန်းပက်ထားသည့် သစ်ပင်များပေါ် ကျ ရောက်နေလေသည်။

အခုမှ နေသာထိုင်သာ ရှိသွားသည့် သူမသည် မတ် တ်ထရပ်နိုင်ဖို့ကိုတော့ အတော်လေးကို ကြိုးစားလိုက်ရ လေသည်။

"မမလေး နေမကောင်းဘူးလားရှင်"

"ရှင်… ဘယ်သူလဲ"

"ကျွန်မ ဒီအိမ်က အလုပ်သမားပါ မမလေး"

"ဒါဆို ကျွန်မ အမေဆီ ပို့ပေးစမ်းပါရှင် ရောက် ရောက်ချင်း အမေနဲ့ပေးတွေ့ရမှာ မဟုတ်လား။ ဘာကြောင့် အမေနဲ့ ကျွန်မကို ပေးမတွေ့ရတာလဲ"

"မမလေး ကိုယ်လက် သန့်စင်ပြီး အဝတ်အစားလဲ
သခင်ကြီးက မနက်စာ စားဖို့ စောင့်နေပါတယ်"

အခု သူမရှေ့၌ ရှိနေသည့် မိန်းမသည်လည်း ည
တွေ့ခဲ့သည့် မိန်းမလိုပင် သူမပြောသည့် စကားများ
အရေးအရာ မလုပ်ဘဲ သူတို့ပြောလိုရာကိုသာ တွင်တွင်
ပြောနေလေတော့သည်။

"ဒီမှာ ရှင်တို့နားလည်ဖို့က ကျွန်မပြင်ဦးလွင်
လာတာမနက်စာ စားပွဲ ညစာစားပွဲတွေ တက်ဖို့လာခဲ့တ
မဟုတ်ဘူးရှင့် ကျွန်မ အစ်မသေတယ်ဆိုလို့ လာ
ကျွန်မ အမေကို ပြန်ခေါ်ရအောင် လာခဲ့တာ အခု ဘယ်မှာ
ကျွန်မအမေနဲ့ အစ်မ"

သူမက ဒေါသဖြင့် အော်ဟစ်လိုက်သော်လည်း ထိုမိ
မကတော့ လေသံ အေးအေးဖြင့် ရိုကျိုးစွာ ထပ်ပြော
သည်။

"မမလေး ကိုယ်လက် သန့်စင်ပြီး အဝတ်အစားလဲ
သခင်ကြီးက မနက်စာ စားဖို့ စောင့်နေပါတယ်"

"တောက် ဘယ်လိုလူတွေနဲ့များ လာတွေ့နေရသ
မသိဘူး။ လူ့ဘုံမရောက်ဘဲ တခြားဘုံက သတ္တဝါတွေ





ရောက်နေသလား ထင်ရတယ်"

စိတ်ဆိုးဆိုးဖြင့် ငွေစင်က ရေရွတ်လိုက်မိသည်။

အိမ်ဖော် မိန်းမကို မေးခွန်းထုတ်နေလို့ ဘာအဖြေမှ ရမည်မဟုတ်ဟု သဘောပေါက်လိုက်သည့်အတွက် သူမကပင် အလျှော့ပေးကာ ထိုမိန်းမ ညွှန်ပြသည့် သန့်စင်ခန်းထဲသို့ ဝင်လိုက်ရတော့သည်။

"မမလေး ရေချိုးချင်လဲ ချိုးပါ ကျွန်မစောင့်နေပါမယ်"

လက်စားချေရာ ရောက်အောင် သူမက ဘာစကား တစ်ခွန်းမှ ပြန်မပြောဘဲ မသိချင်ယောင် ဆောင်နေပစ်လိုက်ပြီး ကိုယ်လက် သန့်စင်လိုက်လေသည်။

ခုချိန်ထိ ဘာတွေဖြစ်နေသည်ဆိုတာကို ငွေစင်မေက မခန့်မှန်းတတ်သေးပါ။

အိမ်ဖော်မိန်းမကို ကြည့်ရတာတော့ သူမ အပေါ် ရန်လိုသည့်ဟန် ရန်ရှာချင်သည့်ဟန် မရှိဟု ခန့်မှန်းမိသည်။

ဒါပေမဲ့ အဲဒါကိုလည်း ငွေစင်မေက မယုံကြည်နိုင်ပြန်။

ဒီအိမ်ကြီး၏ သခင်နှင့် အလုပ်သမားတွေ အားလုံး ရိုးသားကြသည်ဆိုလျှင် သူမကို ဘာကြောင့် အမေနှင့် ပေးမတွေ့ပေးရတာလဲ။ ဘာကြောင့် ရွှေစင့်အလောင်းကို မပြသေး

တာလဲ။ ဘာကြောင့် သူမကို လွှတ်လွှတ်လပ်လပ် ပေးမနေဘဲ ချုပ်နှောင်သလို ထားထားရတာလဲ။

အမှန်အတိုင်း ပြောရမည်ဆိုလျှင် ငွေစင်မေသည် ဦးစဝ်ရွှေကြာကို ဘယ်လိုမှ မယုံကြည်နိုင်တော့ပါ။

ထို့ကြောင့်...

သူမတစ်ယောက်တည်း ဒီအိမ်ကြီးထဲသို့ စွတ်ရွတ်ဝင်လာမိတာကိုလည်း နောင်တရနေမိတော့သည်။

တကယ်ဆို ရဲစခန်းကို အလျင်ဝင်သင့်သည်။

ခုမှတော့ ဘာမှ မတတ်နိုင် မီးစင်ကြည့်ကရုံသာ ရှိတော့သည်။

အဝတ်လဲပြီးတာနှင့် သူမကို စောင့်နေသည့် မိန်းမက ရှေ့မှဦးဆောင်၍ သွားသည်။

"ကျွန်မ နောက်ကလိုက်ခဲ့ပါ မမလေး"

ညက ဘယ်သူချိုပိုးပြီ သူမကို အခန်းထဲ ထည့်ပေးတာလဲ ဆိုတာကို အပြင်းအထန် သိချင်သွားသည့် ငွေစင်မေက ရုတ်တရက် မေးလိုက်သည်။

"ညက အိပ်ပျော်နေတဲ့ ကျွန်မကို ဒီအခန်းထဲ ရောက်အောင် ဘယ်သူရွှေ့ပေးတာလဲရှင့်"





အခုတစ်ခါတော့ ထိုမိန်းမက သူမကို တအံ့တသြ လှည့်ကြည့်သည်။

"မမလေးကိုယ်တိုင် အခန်းထဲ ရောက်အောင် လမ်းလျှောက်ပြီး ဝင်လာပြီးမှ အိပ်တာရှင့်"

သူမက ခါးခါးသီးသီး ငြင်းပစ်လိုက်သည်။

"အို... မဟုတ်ပါဘူး။ ဦးစဝ်ရွှေကြာနဲ့ ညစာစားရင်း ကျွန်မ အိပ်ပျော်သွားတာရှင့်။ နိုးလာတော့ အဲဒီအခန်းထဲကို ရောက်နေတာပဲ။ ကျွန်မကိုယ်တိုင် လမ်းလျှောက်ပြီး ဝင်လာခဲ့တာ မဟုတ်ဘူးဆိုတာ အသေအချာပါပဲ"

ထိုမိန်းမက သူမကို နောက်ထပ်တစ်ကြိမ် တအံ့တသြ ကြည့်ပြန်သည်။

ပြီးတော့မှ အပြင်းအထန် အံ့အားသင့်နေသည့် မျက်လုံးများဖြင့် သူမကို ပြူးကြောင်ကြောင် ကြည့်ပြီး ထစ်ထစ်ငေါ့ငေါ့ဖြင့် ပြန်ပြောသည်။

"မဟုတ်ဘူး မဟုတ်ဘူးလေ၊ ညစာကို မမလေးနဲ့ မမလေးရဲ့အမေ နှစ်ယောက်အတူ စားခဲ့ကြတာပဲရှင့် သခင်ကြီးနဲ့ အတူစားတာ လုံးဝ မဟုတ်ပါဘူး။ သခင်ကြီးက မမလေးနဲ့ အခုမှ တွေ့မှာပါ"

ရုတ်တရက်မို့ ငွေစင်မေက ကြောင်အပြီး ဝေဝါးဖြစ်သွားရသည်။ အိမ်ဖော်မိန်းမ၏ မျက်နှာသည် ပကတိ ရိုးသားနေပြီ လိမ်ညာပြောဆိုနေခြင်း မဟုတ်ကြောင်း သိသာနေသည်။

သို့သော်...

ထိုမိန်းမ ပြောသည့်စကားများသည် လုံးဝတစ်လွဲတစ်ချော်တွေ ဖြစ်နေတာဆိုးသည်။

"ဘာရှင့် ကျွန်မက အမေနဲ့ ညစာ စားတာဟုတ်လား၊ ရှင်ရူးနေသလား။ ခုဆို ကျွန်မအမေကို မတွေ့ရသေးဘူးရှင့်၊ အဲဒီလိုပဲ ကျွန်မအစ်မကိုလဲ မမြင်ရသေးဘူး။ ပြီးတော့ ရှင့်ကိုလဲ ကျွန်မ အခုမှမြင်ဖူးတာ ညတုန်းက ကျွန်မကို အိမ်တံခါးဖွင့်ပေးပြီး ဦးစဝ်ရွှေကြာဆီ ခေါ်သွားပေးတာ ရှင်လုံးဝမဟုတ်ဘူး တခြားမိန်းမတစ်ယောက်ပဲ"

ငွေစင်မေက ပိုင်ပိုင်နိုင်နိုင် ပြောချလိုက်သည့် အချိန်တွင် ထိုမိန်းမ၏ မျက်နှာပေါ်သို့ စိတ်မကောင်းသည့် အရိပ်များ စွန်းထင်းလာတာကို တွေ့ရသည်။

ပြီးတော့

ကရုဏာသံဖြင့် သူမကို ဖျောင်းဖျလေတော့သည်။





"မမလေး စိတ်အေးအေးထားပါရှင် ညက မမလေးကို ိမ်တံခါး ဖွင့်ပေးပြီး အန်တီကြီးဆီ ခေါ်သွားပေးတာ ျွန်မကိုယ်တိုင်ပါ ညစာပြင်ပေးတာလဲ ကျွန်မပဲ၊ အိပ်ခန်း ို လိုက်ပို့ပေးခဲ့တာလဲ ကျွန်မပါပဲ သိပ်သေချာပါတယ် င်။ ဘာဖြစ်လို့လဲဆိုတော့ ညက သခင်ကြီးတောင် အိမ်မှာ ရှိပါဘူး။ သခင်မအတွက် အုတ်ဂူဆောက်နေတဲ့ဆီမှာ သွား ောင့်ကြည့်ပြီး ခုမနက်မှ အိမ်ပြန်ရောက်လာတာပါ"

"ရှင်..."

အံ့အားသင့်လွန်းလို့ ငွေစင်မေက ကြက်သေ သေသွား ည်။

တစ်ခုခုတော့ မှားယွင်းနေလေပြီ။

တစ်ယောက်ယောက်တော့ဖြင့် လွဲချော်နေလေပြီ။ ကဲ... ယ်သူမှားတာလဲ ဘယ်သူလွဲချော်တာလဲ။

သူမကိုယ်တိုင်လား အိမ်ဖော်မိန်းမပဲ မှားသလား။

"မမလေး အိပ်မက်မက်တာ ဖြစ်ပါလိမ့်မယ်"

"အိပ်မက်"

ငွေစင်မေက သံယောင်လိုက် ရေရွတ်မိချိန်မှာပင် ထို ိန်းမက လမ်းလျှောက်နေရာမှ တုံ့ခနဲ ရပ်လိုက်လေသည်။

သူမတို့ ရှေ့၌ တစ်ခါးတစ်ချပ် ရှိနေပြီ ထိုတံခါး၏ နောက်မှာတော့ သူမအတွက် ရှုးသွပ်နိုင်လောက်အော ရှမ်းသည့် ထူးဆန်းထွေလာနှင့်အတူ ဦးစဝ်ရွှေကြာ ရှိနေ သည်။

ထူးဆန်းတာက ဦးစဝ်ရွှေကြာသည် သူမကို အ မြင်တွေ့သလိုမျိုး ခရီးဦးကြိုပြုဝဲပဲ ဖြစ်လေသည်။

* * *



# အခန်း (၁၀)

"ဟာ ... လာပါငွေစင်မေ မနေ့က မိုးချုပ်မှ ရောက်လာတယ်ဆို မင်း ရောက်လာတဲ့ အချိန်မှာ ကိုယ်ရှိမနေတာကို နားလည်ပေးပါ"

ဘုရားရေ ...

အရောင်ရင့်ရင့် ရှပ်လက်ရှည်နှင့် ယောပုဆိုး အနက်ရောင်ကို တွဲဖက် ဝတ်ဆင်ထားသည့် ဦးစဝ်ရွှေကြာသည် ကြေကွဲရိပ် သန်းနေသည့် မူလမျက်လုံးများဖြင့် သူမကို ခြေဆုံးခေါင်းခုံး ကြည့်ကာ ဦးခေါင်းကို ခါယမ်းနေလေသည်။

သူမကတော့ ဘာပြန်ပြောရမည်မှန်း မသိဘဲ ငေးကြောင် နေမိတော့သည်။

ညတုန်းက သူမနှင့် စကားပြောခဲ့ ညစာအတူ စားခဲ့သည့် ဦးစဝ်ရွှေကြာနှင့် အခု သူမရှေ့တွင် ရှိနေသည့်

ဦးစဝ်ရွှေကြာသည် တစ်ယောက်စီများ ဖြစ်နေလေသလား

သို့မဟုတ်...

သူကိုယ်တိုင် ရူးသွပ်သွားပြီလား။

ဦးစဝ်ရွှေကြာ၏ နှုတ်ဆက်စကားသည် ညတုန်းက
သူမနှင့် လုံးဝ မတွေ့ရပါဆိုသည့် အမိဗွာယ် ပေါ်လွင်
၏။ ငွေစင်မေကတော့ ညက ဦးစဝ်ရွှေကြာနှင့် တွေ့ခဲ့
သည့် အဖြစ်ကို ဘယ်လိုနည်းနှင့်မှ အိပ်မက်ဟု မသတ်မှတ်
နိုင်ပါ။ သူမ ရူးသွပ်မနေတာလည်း သေချာသည်။

"ထိုင်ပါ ငွေစင်မေ မင်းဟာ မင်းအစ်မနဲ့ တော်တော်
တူတာပဲ တူတာမှ ခွဲမရအောင်ကို တူတယ်။ ဒါပေမဲ့ ကို
နီးလေးရွှေစင်ကတော့ ကံဆိုးတာပဲ။ ရွှေစင်ထက် ကိုယ်
ပိုတောင် ကံဆိုးသေးတယ်။ ရွှေစင်နဲ့အတူတူ ဘဝ ဟာ
လျှောက်လုံး ပျော်ပျော်ရွှင်ရွှင် နေသွားရတော့မယ်လို့ ကို
မျှော်လင့်ထားခဲ့တာ"

အပြင်းအထန် စိတ်ထိခိုက်နေပုံရသည့် ဦးစဝ်ရွှေကြာ
သည် ထိုစကားများတို့ကို တုန်တုန်ခိုက်ခိုက် ပြောနေတ
ဖြစ်သည်။ တစ်ချက် တစ်ချက်တွင် မျက်လုံး အိမ်မှ စီး
လာသည့် မျက်ရည်များကို လက်ကိုင်ပဝါဖြင့် သုတ်တ





သည်။

ညတုန်းက ဦးစဝ်ရွှေကြာ၏ ပုံစံနှင့် အခုပုံစံ တခြားစီ
နေသည့်အတွက် သူမကိုယ်တိုင်ပင် ဇဝေဇဝါ ဖြစ်ရတော့
ည်။

အံ့ဩသည့်စိတ် မယုံနိုင်သည့် စိတ်၊ စူးစမ်းလိုစိတ်များ
သူမက ဦးစဝ်ရွှေကြာနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်
ဝင်ထိုင်လိုက်မိ၏။

ကျယ်ဝန်းသည့် ထမင်းစားခန်းကြီးထဲ၌ သူမနှင့်
ဝ်ရွှေကြာ နှစ်ယောက်တည်းသာ ရှိနေပြီး ဘဲဥပုံထမင်း
ပွဲကြီးပေါ်မှာတော့ စားသောက်ဖွယ်ရာများကို ဖွယ်ဖွယ်
ရာ ပြင်ဆင်ထားလေသည်။

ညက သူမကို စပါးကြီး မြွေသားကောင် ညှို့သလို
ကြည့်စူးစူးများနှင့် ကြည့်ပြီး အမိန့်ပေး လွှမ်းမိုးခဲ့သည့်
သည် အခုတော့ နူးညံ့သိမ်မွေ့၍ စိတ်ထိခိုက် ကြေကွဲနေ
ည့် လူတစ်ယောက် ဖြစ်နေပြန်သည်။

နောက်...

ညက သူမနှင့် တွေ့ခဲ့တာကိုလည်း လုံးဝ အမှတ်ရပုံ
ပါ။

"စားပါ ငွေစင်မေ၊ မနေ့က နေ့လယ်ကထိ မင်း
ကိုယ်စောင့်နေပါသေးတယ်။ ညနေစောင်းလို့ ရောက်
တော့မှ ရွှေစင်အတွက် အုတ်ဂူဆောက်နေတဲ့ဆီကို ကိုယ်
သွားခဲ့တာ။ ပြီးတော့ အဲဒီမှာပဲ ညအိပ်ပစ်လိုက်တယ်
အခုအချိန်မှာ ကိုယ့်စိတ်တွေက မျောလွင့်ပြီး ထိန်း
ခက်ခဲနေတော့တယ်ကွယ်။ မိုတွယ်ရာ နေရာမှာ အချိန်
နေမိတယ်"

"မဟုတ်တာရှင် ညက ကျွန်မနဲ့ ဦးစဝ်ရွှေကြာ
ပြောကြသေးတာပဲ။ ပြီးတော့ ညစာလဲ အတူတူစား
လေ"

သူမပြောသည့် စကားကို ဦးစဝ်ရွှေကြာက ပါ
အပြောင်းသားဖြင့် နားထောင်နေလေသည်။

ပြီးတော့ အစွမ်းကုန် အံ့သြသွားသည့် ဟန်ဖြင့်
နေရာမှ ရုတ်ခနဲ ထရပ်လိုက်လေသည်။

နောက် ဦးစဝ်ရွှေကြာ၏ မျက်နှာက ကြေကွဲ
အသွင် ဆောင်သွားပြီး သူမအနားသို့ ရောက်လာလေ

"ကိုယ်နားလည်ပါတယ်။ ငွေစင်မေ မင်းရဲ့ သေ
ကိုယ်သဘောပေါက်ပါတယ်။ အစ်မက ရုတ်တရက် ဆုံး





အမေကလဲ စိတ်ဖောက်ပြန်သွားတယ်ဆိုတော့ မင်း
ဲမှာ ဆောက်တည်ရာ မဲ့နေမှာပဲ။ ဒါပေမဲ့ စိတ်ကို
မပေးပါနဲ့ ငွေစင်မေ သတိလေးနဲ့ ထိန်းချုပ်ပါ။ ကိုယ်နဲ့
ာ အခုမှပဲ တွေ့ရတာလေ ညက ကိုယ်ဒီအိမ်မှာ မရှိ
သချိုင်းမှာ အုတ်ဂူဆောက်နေတဲ့ သုဘရာဇာ သုံးယောက်
တူ မိုးလင်းပေါက် ရှိနေတာပဲ"

"ဘုရားရေ… ကျွန်မအမေ ကျွန်မအမေ ဘာဖြစ်သွား
ပြန်ပြောစမ်းပါဦး"

ငွေစင်မေက စိတ်မထိန်းနိုင်ဘဲ အော်ဟစ် မေးမြန်းလိုက်
ည်။

"မင်းနဲ့ အန်တီ တွေ့ပြီးပြီဆို၊ ညစာတောင် အတူစား
တယ် မဟုတ်လား။ အန်တီက မင်းကိုတောင် ကောင်း
င်း မမှတ်မိလို့ တစ်ခန်းစီ အိပ်ရတယ်လို့ ကိုယ့်အလုပ်
းတွေ ပြန်ပြောတာပဲ ငွေစင်မေ"

"မဟုတ်ဘူး မဟုတ်ဘူး ကျွန်မအမေနဲ့ လုံးဝ မတွေ့
းဘူးရှင့်။ ကျွန်မ ဒီအိမ်ကို ရောက်ရောက်ချင်း ရှင်နဲ့
ခဲ့တာပဲ ညစာကိုလဲ ရှင်နဲ့ အတူစားခဲ့တာလေ။ ကျွန်မ
နဲ့လဲ မတွေ့ရသေးဘူး။ ဘာကြောင့် မဟုတ်တာတွေ

ပြောနေရတာလဲ”

စိတ်လှုပ်ရှားစွာ ဆူဝေနေသောကြောင့် ငွေစင်မေ အ
တွေ ကတုန်ကယင် နေလေသည်။

ဦးစဝ်ရွှေကြာက စုတ်သပ်ရင်း ခေါင်းခါယမ်းကာ သူ
ကို ကြည့်နေလေသည်။

ကရုဏာသက်သည့် အကြည့်ဖြစ်သည်။

ထိုအကြည့်ကို သူမက ဘယ်လိုမှ သည်းမခံနိုင် သူ
ကို စိတ်မနှံ့သူ တစ်ယောက်လိုမျိုး ကြည့်နေတာဟု ခံစာ
လို့ပဲ ဖြစ်သည်။

“ကဲ… စိတ်အေးအေးထားပြီးတော့ မနက်စာ စားလို
ပါ ငွေစင်မေ၊ ကိုယ်လဲ ခံစားရတာပါပဲ။ ဒါပေမဲ့ ကိုယ့်စိ
ကို ကိုယ် ထိန်းချုပ်နေရတယ်။ လူတွေဟာ ဆိုးဝါးတဲ့ အဖြ
အပျက် တစ်ခုခုနဲ့ မမျှော်လင့်ဘဲ ထိပ်တိုက်တိုးတဲ့အခါမှာ
အဖြစ်အပျက်ကို လက်မခံချင်ကြဘဲ တစ်နည်းနည်းနဲ့ငြင်း
ဖို့ ကြိုးစားတတ်ကြတယ်ဘဲ မဟုတ်လား။ အခုလဲ မင်း
ကိုယ်စာနာပါတယ် ငွေစင်မေ၊ တကယ့် အဖြစ်အပျက်
ကနေ ခဏပဲဖြစ်ဖြစ် မင်းရှောင်ထွက်နေစေချင်တယ်ဆို
ကိုယ် နားလည်ပေးနိုင်ပါတယ်။ ဒါပေမဲ့ ရှောင်ထွက်နေ





ရော ဘယ်လောက် ကြာကြာ နေနိုင်မှာတဲ့လဲ အန်တီရဲ့
စိတ်ဝေဒနာဟာလဲ သမီးတစ်ယောက်ကို ရုတ်တရက် ဆုံးရှုံး
လိုက်ရလို့ ဖြစ်သွားတဲ့ ဝေဒနာပါ…

“နောက်တော့လည်း ပုံမှန်အတိုင်း ပြန်ဖြစ်လာမှာပါ”

ဦးစဝ်ရွှေကြာ၏ စကားများကို နားထောင်ရင်း နား
ထောင်ရင်း ငွေစင်မေက ဇဝေဇဝါအတွေးတွေ ဖြစ်လာ
ရတော့သည်။

ဒီကိစ္စဟာ ဘယ်သူမှားတာလဲ။

ဦးစဝ်ရွှေကြာကို ကြည့်ရတာ လိမ်ညာနေတာလား။
လိမ်ညာနေပုံမရဘဲ အမှန်အတိုင်း ပြောဆိုနေကြောင်း အကဲ
ခတ်လို့ရသည်။ ဒါဆို သူမကရော လိမ်ညာနေတာလား။
သူမ ပြောတာတွေလည်း အမှန်တွေပဲဖြစ်သည်။ ဒါပေမဲ့
ဦးစဝ်ရွှေကြာဆီမှာက သက်သေအထောက်အထား အခိုင်
အမာရှိသည်။ သူမဘက်မှာတော့ ဘာသက်သေမှမရှိ။

ညက ဒီအိမ်ကြီးမှာ ဦးစဝ်ရွှေကြာ မရှိဘူးဟု ပြောသည်။

သက်သေအဖြစ် သချိုင်းက သုဘရာဇာတွေ ရှိသည်။
အိမ်အလုပ်သမားတွေလည်း ရှိသည်။

ဒါဆို ညက သူမကို လက်ခံတွေ့ဆုံခဲ့တဲ့ ဦးစဝ်ရွှေကြာ

ဟာ နောက်ထပ် တစ်ယောက်လား။

ပြီးတော့...

အိမ်စော်တွေက အမေနှင့် သူမ ညကညစာ အတူစားသည်ဟု တညီတညွတ်တည်း ပြောနေကြသည်။ သူမကတော့ အမေကို လုံးဝ မတွေ့မြင်ရသေးပါ။

ဒါဆို အမေနဲ့တွေ့ပြီး ညစာစားတာ ဘယ်သူလဲ။ ငွေစင်မေ နောက်တစ်ယောက်လား။

ဒီအိမ်ကြီးမှာ ဘာတွေဖြစ်ပျက်ပြီး ဘာတွေ လွဲချော်တုန်တာလဲ။

တွေးရင်း တွေးရင်း အခုမှပဲ ငွေစင်မေက ရူးချင်လာတော့သည်။

ဦးစဝ်ရွှေကြာနှင့် ဆက်လက် ငြင်းဆန်ပြီး အကြောက်အကန် ပြောလျှင် သူမကို ရူးသွားပြီဟု သေချာပေါက် စွပ်စွဲကြတော့မည်။

အဲဒီလိုမျိုးတော့ အဖြစ်မခံနိုင်ပါ။ ထို့ကြောင့် ငွေစင်မေက မငြင်းတော့ဘဲ အသာငြိမ်နေလိုက်တော့သည်။

ဒီတော့မှပဲ ဦးစဝ်ရွှေကြာက နေရာတကျ ပြန်ထိုင်ပြီး စားစရာများကို စတင်စားသောက်သည်။





သူမကတော့ ဦးစဝ်ရွှေကြာ၏ လှုပ်ရှားမှုများကို မသိသာ အကဲခတ်မိသည်။

ရှိရင် အသက်ထက်များစွာ နုပျိုခန့်ညားသည့် ဦးစဝ်ရွှေကြာ၏ စားသောက်နေထိုင်ပုံသည် အတက်တန်းစား ယောက်ဖြစ်ကြောင်း သက်သေပြလျက် ရှိသည်။

ရုတ်တရက် ကြည့်လိုက်လျှင် ဦးစဝ်ရွှေကြာ၏ မျက်နှာ ချောသည် သဘောထား ပျော့ပျောင်း၍ ကြင်နာတတ် ဖြင့် နူးညံ့သယောင် ထင်ရသော်လည်း မျက်လုံးများက က်မှောင်လွန်းလှပြီး လျှို့ဝှက်သိပ်သည်းမှုကို ဖော်ပြနေလေသည်။

ပိရိသေသပ်ပြီး တင်းတင်းစေ့ထားသည့် နှုတ်ခမ်းများ ရက်စက်တတ်ခြင်းကို ပြဆိုနေလေသည်။

နောက် ငွေစင်မေသည် ဦးစဝ်ရွှေကြာ၌ မမြင်ရသည့် င်အား တစ်ခုရှိသလို ခံစားမိပြန်သည်။ ထိုအရာသည် ဖြစ်သည်ဆိုတာကိုလည်း တိတိကျကျ မပြောနိုင်ပြန်ပါ။

"စားပါ ငွေစင်မေ နှစ်သက်ရာကို သဘောရှိ စားပါ"

"ဟုတ်ကဲ့"

"ဪ... ဒါနဲ့ မင်းက တစ်ယောက်တည်း လာတယ်

ဆိုတော့ တခြားဆွေမျိုးသားချင်းတွေ မရှိကြဘူးလား။ အ ရွှေစင်ရဲ့ ခင်ပွန်းအနေနဲ့ အခုလိုမေးရတာ သိပ်တော့ ကြ လို့မကောင်းဘူး။ ဒါပေမဲ့ မင်းသိပါတယ်။ မင်းအစ်မ ကိုယ့်က အဆောတလျင် လက်ထပ်ခဲ့တာလေ။ ဒါကြောင့် တစ်ယောက်ရဲ့ ဆွေရေမျိုးရေကို တစ်ယောက်က အသေအချ မသိရသေးဘူး"

"ဟုတ်ကဲ့ ကျွန်မသိပါတယ်။ ကျွန်မတို့မှာလဲ ဆွေ မျိုးရင်းချာ မရှိပါဘူး။ မိသားစု သုံးယောက်တည်းပဲ ရှိတ ပါ ဦးစဝ်ရွှေကြာ အခုဆို ကျွန်မအစ်မလဲ မရှိတော့ဘူး ကျွန်မ... ကျွန်မအစ်မကို ကြည့်ပါရစေရှင်။ ပြီးတော့ ကျွန်မအမေနဲ့လဲ အတူတူနေပါရစေ"

ဦးစဝ်ရွှေကြာက ခေါင်းညိတ်ပြသည်။

ပြီးတော့မှ...

"မင်းတစ်ယောက်တည်း လာခဲ့တာလား"ဟု ထပ်မေး ပြန်သည်။

ထိုမေးခွန်းကြောင့် စိတ်စနိုးစနောင့် ဖြစ်သွားမိသည် သူမက တမင်တကာ လိမ်ညာပြောလိုက်၏။

"ဟင့်အင်း... ကျွန်မ ချစ်သူလဲ ပါလာပါတယ်။





သူက တခြားမှာ တည်းပါတယ်"

ပြောလိုက်တုန်းက အမှတ်မထင်ပင် ဖြစ်သော်လည်း သူမစကားကြောင့် ဦးစဝ်ရွှေကြာ မျက်နှာပျက်သွားတာကို မြင်လိုက်ရတော့မှ ငွေစင်မေက ထိတ်ခနဲ ဖြစ်သွားရတော့ သည်။

သူမ ချစ်သူပါလာတယ်လို့ ပြောလိုက်တာနဲ့ ဘာ ကြောင့် မျက်နှာ ပျက်သွားရတာလဲ။ ဒါ စဉ်းစားစရာ ဖြစ် သည်။

သို့သော်...

ပါးနပ်သည့် ဦးစဝ်ရွှေကြာက ဘာမှ မဖြစ်သလို ပုံစံ မျိုးသို့ ချက်ချင်း ရောက်အောင် ကူးပြောင်းပစ်လိုက်သည်။

"သြော်... ခေါ်လာခဲ့ရောပေါ့"

ဆိုသည့် အိမ်ရှင်စကားကို ဝတ်ကျေတန်းကျေ ပြောဆို ပြီးနောက် ဦးစဝ်ရွှေကြာက ရွှေစင်ရှိသည့် နေရာသို့ သူမကို ဦးဆောင်၍ ခေါ်သွားလေတော့သည်။

သူမက ထိုလူကြီးကို လိမ်ညာလိုက်မိခြင်းအတွက် နောင်တ မရမိတာ သေချာပါသည်။

* * *

# အခန်း (၁၁)

ထမင်းစားခန်းမှ ထွက်လိုက်ပြီး မနေ့ညက ရောက်ခဲ့သည့် ဧည့်ခန်းကြီးထဲသို့ ပြန်ရောက်လာသည်။ ညတုန်းကတော့ ခရီးပန်းလာတာရယ် စိတ်လှုပ်ရှားနေတာရယ်ကြောင့် ဧည့်ခန်းကြီးကို အသေအချာ သတိမထားမိခဲ့ ခမ်းနားထယ်ဝါလွန်းလောက်တာပဲ သတိပြုမိသည်။

အခု တစ်ကြိမ် ပြန်ရောက်မှပဲ ဧည့်ခန်းကြီး၏ ပတ်ပတ်လည်တွင် ပိတ်ထားသည့် ကျွန်းတံခါးချပ်ကြီး ခုနစ်ချပ်တိတိရှိကြောင်း .သတိထားမိတော့သည်။

ညက အိမ်ဖော်မိန်းမသည် တံခါးတွေထဲမှ တံခါးတစ်ချက်ကို ဖြတ်သန်း၍ သူမကို ဦးစဝ်ရွှေကြာထံသို့ ခေါ်ဆောင်သွားကြောင်း သိရှိသော်လည်း ဘယ်တံ ါးချပ် ဆိုတာကိုတော့





မမှတ်မိတော့ပါ။

တံခါးချပ်တိုင်း၏ နောက်ကွင် စင်္ကြံတွေရှိပြီး နောက်ထပ် အဆောင်တွေနှင့် ဆက်သွယ်ထားကာလား။

သို့မဟုတ်...

တံခါးချပ်များ၏ နောက်တွင် အခန်းတွေပဲ ရှိနေသလား။ အိမ်ကြီး၏ ဖွဲ့စည်းတည်ဆောက်မှုကတော့ ထူးခြားနေတာ သေချာ၏။

သူမ ရောက်လာသည့် အချိန်က ညမှောင်ရီစမို့ အိမ်ကြီး၏ သွင်ပြင်ကို မမြင်ရသေးပါ။ အိမ်ကြီးသည် အံ့ဩစရာ ကောင်းလောက်အောင် ကျယ်ဝန်းမှာတော့ သေချာလေသည်။ ထို့အတူ အိမ်ကြီးရှင်၏ ချမ်းသာ ကြွယ်ဝမှုကိုလည်း သူမက ခန့်မှန်းကြည့်ပြန်သည်။

ဦးစဝ်ရွှေကြာသည် သူမ တွေးထားတာထက်ကို ချမ်းသာ ကြွယ်ဝနေလေသည်။

ဒါကြောင့် ရွှေစင်မေက ဒီလူကြီးကို အလျင်စလိုလက်ထပ်ခဲ့တာပဲ ဖြစ်မည်။ ဦးစဝ်ရွှေကြာ၏ ကြင်ရာတော်အဖြစ် တင့်တယ် ခမ်းနားစွာ နေထိုင်ပြီး လိုတရ ဘဝကို ရောက်တော့မည်ဟု ရွှေစင် အပျော်ကြီး ပျော်နေခဲ့တာ ဖြစ်

မည်။

အခုတော့ဖြင့် ဦးစဝ်ရွှေကြာ ကြင်ရာတော်အဖြစ် ဘယ်နှရက်မှတောင် မနေရဘဲ ရွှေစင် သေဆုံးသွားရလေပြီ တည်း။

အတွေးကြောင့် မျက်ရည် လည်လာသည့်အတွက် အံတင်းတင်း ကြိတ်ထားလိုက်ဆဲ ဦးစဝ်ရွှေကြာက ပိတ်ထားသည့် တံခါးချပ်ကို ဖွင့်ရင်း သူမကို စကားလှည့်ပြောလေသည်။

"အသုဘအိမ်မှာ ဧည့်သည်တွေ ဆွေမျိုးသားချင်းတွေ ရှိမနေတဲ့အတွက် မင်းစိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်နေတယ် မဟုတ်လား ငွေစင်မေ"

"ဟုတ်ကဲ့"

အခန်းတံခါး ပွင့်သွားသည်။

တံခါးရွက် အနောက်၌ သူမထင်သလို အဆောင်ကျား စင်္ကြံလမ်းကို မတွေ့ရဘဲ အခန်းတစ်ခန်း ဖြစ်နေ၏။

ထိုအခန်းထဲသို့ မဝင်ရသေးခင်မှာပင် အခန်းထဲမှ အအေးလှိုင်ကြီးက သူမကို လာရိုက်ပြီး ကျောစိမ့်သွားရလေသည်။





နောက်အခန်းထဲမှ ထွက်လာတာက ချိုအီသည့် မွှေးရနံ့ တွေ ဖြစ်၏။

"ဟကယ်တော့ ကိုယ်ဟာ အထီးကျန်တစ်ယောက်ပါ ငွေစင်မေ၊ ကဲ... အခန်းထဲ မဝင်ခင် အမွှေးထည် အင်္ကျီဝတ် လိုက်ပါဦး"

အခန်းတံခါး နောက်ဘက်၌ အစီအရီ ချိတ်ထားသည့် သက္ကလပ်လောင်း ကုတ်ကြီးများကို ဦးစဝ်ရွှေကြာက ညွှန်ပြ ပြီး သူကိုယ်တိုင်လည်း အင်္ကျီတစ်ထည်ကို ယူဝတ်လိုက်တာ တွေ့ရသည်အတွက် ငွေစင်မေကပါ အင်္ကျီတစ်ထည် ယူဝတ် လိုက်ရလေသည်။

"ကဲ... လာငွေစင်မေ"

ဦးစဝ်ရွှေကြာက နောက်မှ လိုက်လာခဲ့ရင်း ဘာကြောင့် အမွှေးထည် ဝတ်ပြီးမှ ဒီအခန်းထဲသို့ ဝင်ရတာလဲ ဆိုတာ ကို သူမက နားလည်သွားရတော့သည်။

အခန်းထဲသို့ ဝင်လိုက်တာနှင့် ရိုးတွင်းချဉ်ဆီထိ ရောက် အောင် အေးစက်သွား၏။

တံခါးဝမှ ကြည့်လျှင် အခန်းထဲသို့ တိုက်ရိုက်မမြင်ရဘဲ မ်းလျှောက်ဝင်သွားပြီး အနည်းငယ် ကွေ့ဝင်လိုက်တော့

မှ အခန်းကျယ်ကြီးကို တွေ့မြင်ရလေသည်။
အခန်းကြီးသည် ရှည်မျောမျော ပုံသဏ္ဌာန်ဖြစ်
မျောကလက်ရောင် မွေးပွကော်ဇောများကို ခန်းလုံးပြည့်
ထားလေသည်။
အခန်းထဲ၌ ပရိဘောဂများမရှိဘဲ ပန်းအိုးများ ပန်း
များ ထင်တပ်ထားသည့် စားပွဲခုံပုံစံ အစုံသာ ရှိနေလေ
အခန်းကြီး၏ ထိပ်မှာတော့ အဖုံးဖွင့်ထားသ
အနောက်တိုင်း ပုံစံခေါင်းတလား တစ်ခုရှိနေ‌လေသည်
ထိုခေါင်းတလား၏ နံဘေးတွင် ထောင်ထားတ
ရွှေစင်မေ၏ လှပသော ဓာတ်ပုံကြီးပင် ဖြစ်တော့သည်

"ရွှေစင်"

ကြေကွဲဆို့နင့်စွာ အော်ဟစ် ခေါ်လိုက်သော်လ
သူမ အသံကလည်း ချောင်းအပြင်သို့ ထွက်မလာပါ။
ခေါင်းတလားကြီး ရှိရာသို့ ခလုတ်တိုက်လဲလှမ
ခြေလှမ်းများနှင့် သွားကြည့်လိုက်တော့ အဖိုးတန် အ
ကြီးထဲ၌ ရွှေစင်က အိပ်မောကျနေသည့် နတ်သမီး
တစ်ပါးလို လှပစွာ ငြိမ်သက်နေလေသည်။

"ရွှေစင် ရွှေစင်ရေ ငါရောက်လာပြီလေ ထကြ





ဦး"

ငွေစင်မေက ထိုစကားကို ညင်သာစွာ ပြောလိုက်ခြင်း ဖြစ်သည်။

ကြေကွဲဆို့နင့်နေသော်လည်း သူမက ငိုကြွေးလို့မရဘဲ ဖြစ်နေလေသည်။

"ရွှေစင် နင်တကယ် သေနေတာလား ငါ ငါမယုံဘူး"

လှပနူးညံ့နေသည့် ရွှေစင်ပါးပြင်ကလေးကို ဂိုင်တွယ်ကြည့်ဖို့ လက်လှမ်းလိုက်သည့် အချိန်တွင် ဦးစဝ်ရွှေကြာ၏ ကြောက်မက်ဖွယ် အသံကြီးက ဟိန်းထွက်လာသည်။

"မကိုင်နဲ့"

အလန့်တကြား လှည့်လိုက်တော့ ဦးစဝ်ရွှေကြာသည် နီရဲနေသော မျက်လုံးများဖြင့် သူမ အနားသို့ ချဉ်းကပ်လာတာကို တွေ့ရလေသည်။

"မထိနဲ့ ကျုပ်မိန်းမကိုမထိနဲ့၊ သူ့အနားမှာလဲ မငိုပါနဲ့ သူ အေးအေးချမ်းချမ်း နေပါစေ ငွေစင်မေ"

ဦးစဝ်ရွှေကြာသည် စိတ်နှင့်ကိုယ် မကပ်ဘဲ ထိုစကားများကို ပြောဆိုနေခြင်း ဖြစ်ကြောင်း သူမက သတိထားလိုက်မိသည်။

ဘာဖြစ်လို့လဲဆိုတော့ ဦးစဝ်ရွှေကြာ၏ နီရဲနေ
ချက်လုံးများသည် သူမကိုလည်း မကြည့် ရွှေစင်ဓေ မျက်
ကိုလည်း မကြည့်ဘဲ ရွှေစင်မေအလောင်းပေါ် တင်ထားသ
ပန်းပွင့်များကို စူးစိုက်ကြည့်နေလို့ပဲ ဖြစ်သည်။

ဦးစဝ်ရွှေကြာ ကြည့်သည့်နေရာကို လိုက်ကြည့်
တော့ မိုးပြာရောင် ပန်းပွင့်ကြီးများနှင့် အနက်ရောင်
ပွင့်ကလေးများ ရောနှောလျက် ရင်ညွန့်ပေါ်၌ တင်
ခြင်းကို တွေ့ရလေသည်။

ထိုပန်းများ၏ ပုံသဏ္ဌာန်နှင့် အရောင်းအသွေး
ထူးခြားလွန်းလှပြီး ငွေစင်မေအနေဖြင့် တစ်ကြိမ်တစ်
မမြင်ဖူးခဲ့တာ သေချာလေသည်။

ထိုပန်းများကို ကြည့်နေသည့် ဦးစဝ်ရွှေကြာ၏ မျက်
များသည် အားရကျေနပ်နေသည့် အသွင်ကို ဆောင်နေပြ
ပါးစပ်ကတော့ ဝမ်းနည်းစကားကို တတွတ်တွတ် ပြော
လေသည်။

"နောက်တစ်ပတ်ထဲမှာ ကိုယ်တို့ရဲ့ မင်္ဂလာဆ
လုပ်တော့မှာ၊ ပြီးတော့ ဟန်းနီးမွန်းခရီးအဖြစ် သုံးနိုင်ငံ
ပတ်ဖို့လဲ စီးစဉ်ထားပြီးသား။ ဒါပေမဲ့ ရွှေစင်က ကို





ထားရစ်ခဲ့ပြီ"

အကာယ်၍...

ဦးစစ်ရွှေကြာ၏ အမူအရာကို မမြင်ရဘဲ စကားသံကို
သာ ကြားရမည်ဆိုလျှင် ဇနီးသည်အတွက် ပူဆွေးယူကျုံး
ရဖြစ်နေတာပဲဟု ယုံကြည်မိမည်မှာ သေချာသော်လည်း
ခုတော့ ထိုလူကြီး၏ မျက်လုံးအမူအရာကြောင့် သူမက
ယုံသင်္ကာစိတ်တွေ ဖြစ်လာရတော့သည်။

"ဒီလူကြီးဟာ ရူးများ ရူးနေသလား"

"ရွှေစင် သေတာကရော သူ့ရှိုးသားရိုးမှ ဟုတ်ရဲ့
လား"

"ခုထိ အမေ့ကို မတွေ့ရသေးတာကရော ဘာသဘော
လဲ"

အတွေးကြောင့် ထိတ်လန့်သွားသည့် သူမက ဦးစဝ်
ရွှေကြာနှင့် ဝေးသွားအောင် နောက်သို့ အသာဆုတ်ရင်း
သူမတို့ ရောက်နေသည့် အခန်းကျယ်ကြီးကို ဝေ့ဝဲ အကဲ
ခတ်မိသည်။

စတုရန်းပုံ အခန်းကြီးတွင် ပြတင်းပေါက် လုံးဝရှိမနေ
။ သူမတို့ ဝင်လာသော တံခါးပေါက်သည် အခန်းကြီး၏

တစ်ခုတည်းသော အပေါက်ပဲ ဖြစ်သည်။

ပြီးတော့...

အခန်းကြီးထဲ၌ သူမရယ် ဦးစဝ်ရွှေကြာရယ် ရှ

အလောင်းရယ်ပဲ ရှိသည်။ တခြားလူတစ်ယောက်မှ ရှိမ

အကယ်၍ ဦးစဝ်ရွှေကြာသာ သူမကို အန္တရာယ်ပေ

ဆိုလျှင် သူမဘက်မှ ခုခံကာကွယ်ပေးမည့်သူ တစ်ယေ

မှမရှိ ရွှေစင်အသက်မဲ့ ခန္ဓာကိုယ်သည်လည်း သူမကို

နိုင်မည်မဟုတ် ဒီလူကြီးကို အရှုံးပေးဖို့ပဲ ရှိနေသည်

ဘုရား... ဘုရား။

ခိုက်ခိုက်တုန်အောင် အေးစက်နေသည့် အခန်

ပင် ငွေစင်မေက ဖော့ချွေးပြန်လာသည်။

"ကြည့်ပါဦး ငွေစင်မေ မင်းအစ်မက နတ်သမီး

တစ်ပါးနဲ့ မတူဘူးလားဟင် ကိုယ်သူ့ကို မပစ်ရက်

သူမက ဦးစဝ်ရွှေကြာကို သတိထားကြည့်နေမိ

"ဒီမှာ... ငွေစင်မေ"

"အမယ်လေး..."

ဦးစဝ်ရွှေကြာ သူမဘက်သို့ ရုတ်တရက် လှည့်

သည့်အတွက် ထိတ်လန့်သွားသည့် ငွေစင်မေ သတိ





င် အော်လိုက်မိသည်။

"ဟာ... ဆောရီး ငွေစင်မေ မင်းအရမ်း လန့်သွား

"

"ရ... ရပါတယ်"

"လာ... လာ ခဏထိုင်ရအောင် မင်း အရမ်းများ

နေ့သလား"

"မအေးပါဘူးရှင် ရပါတယ်"

အခုကျတော့လည်း ဦးစဝ်ရွှေကြာ၏ မျက်လုံးများက

နေပြန်သည်။

စောစောကလို စိတ်နှင့်ကိုယ် မကပ်သည့် ပုံစံမျိုးလည်း

တ်တော့ပြန်ပါ။

ဒီတစ်ခါတော့ အရူးဖြစ်သွားရတာက သူမပဲ ဖြစ်တော့

။

"ရွှေစင် ဆုံးသွားတာ ဘယ်နှစ်ရက် ရှိပြီလဲ"

"လေးရက် ရှိသွားပြီ"

ဒါဆို ဆုံးဆုံးခြင်း သူမကို အကြောင်းကြားတာ

နိုင်ဟု ငွေစင်က တွေးမိသည်။

အမေ နေမကောင်းဘူးဟုလည်း ဦးစဝ်ရွှေကြာက

ပြောသည်။ ပြီးတော့ အမေ့ကိုလည်း သူမတွေ့ရသေးပါ။ ဒီလိုဆိုလျှင် သူမထံသို့ ကြေးနန်းရိုက်တာ အမေ ဖြစ်နိုင် ပါ့မလား။

ဟိုတွေး ဒီတွေးနှင့် ငွေစင်မေက မူးနောက်နောက် ဖြစ်လာမိသည်။ အတွေးများထက် ပိုဆိုးတာက အေးစက် သိပ်သည်းသော အခန်းထဲ၌ ပျံ့လွင့်နေသည့် မွှေးရနံ့ပင် ဖြစ်၏။

အစပိုင်းက မွှေးထုံချိုအီနေသည်ဟု ခံစားရသည် ရနံ့ကို ရှူရှိုက်ရင်း သူမ၏ စိတ်အာရုံများအား ဆိုးဝါးစွာ ထိခိုက်နှောင့်ယှက် ခံနေရသလို ဖြစ်လာလေသည်။

ဒါဟာ စိတ်ထင်လို့လား တကယ်ပဲ ခံစားနေရတာ လား။

ခေါင်းစလားထဲမှ ရွှေစင်မေက ငြိမ်သက်နေသည်

အခန်း၏ အေးစက်မှုက ရိုးတွင်း ချဉ်ဆီထိအောင် တိုးဝင်နေသယောင် ထင်ရသည်။

အမွှေးရနံ့များက အသက်ရှူ လမ်းကြောင်းကို ကျဉ် မြောင်း ဖိတ်ဆို့စေသလို ခံစားရပြီး တဖြည်းဖြည်းနှင့် သူမ က အားအင်ကုန်ခန်း လာတော့သည်။





ဦးစဝ်ရွှေကြာကို ပြောဖို့ စကားများက အစိတ်စိတ် ွှာမွှာ ကွဲကြေပျောက်ပျက် ကုန်ပြီး ဘယ်လိုမှ လိုက်လံ ည်းလို့ မရတော့ပြန် စဉ်းစားတွေးခေါ်နိုင်သည့် စွမ်း ားများ ပျက်စီးဆုံးရှုံးသွား၍ သူမ၏ ဦးခေါင်းသည် နှောက်မဲ့နေသော အခွံကြီးတစ်ခုအလား ထင်မှတ်ရပြန် ည်။

ခံစားနေရတာတွေ သက်သာအောင် အသက်ကို မှန် ပြင်းပြင်း ရှူရှိုက်လေ ခံစားရသည့် ဝေဒနာက ပိုတိုးလာ နှင့် နောက်ဆုံးတော့ သူမက သတိလစ် မေ့မြောသွားမှာ ထိတ်လန့်လာမိတော့၏။

ဒီအခန်းထဲက အမြန်ထွက်သွားချင်သော ဆန္ဒများ ထဲတွင် ပြည့်ကျပ်နေသော်လည်း တကယ်တမ်းကြတော့ ဆန္ဒကိုပင် ထုတ်ဖော် ပြောဆိုဖို့ အင်အားများ သူမ၌ မနေတော့ပါ။

ထိုအခြေအနေတွင် ဦးစဝ်ရွှေကြာက သူမ၏ လက် ောင်းတစ်ဖက်ကို ကြင်နာဟန်ဖြင့် ဖေးမဆုပ်ကိုင်ပြီး မေး ည်။

"မင်း... နေကောင်းရဲ့လား ငွေစင်မေ"

ဦးစဝ်ရွှေကြာ၏ စကားသံများကို ကြားနေရသော်လည်း တုံ့ပြန်နိုင်စွမ်း မရှိတော့တာ သေချာသည်။

သူမအဖြစ်က အမြင်အာရုံအကြား အာရုံတွေ နိုးကြားနေပါလျက်နှင့် သေဆုံးနေသူ တစ်ယောက်လို ဖြစ်နေ၏။

"မင်း မျက်နှာကို ကြည့်ရတာ ဖြူဖပ် ဖြူရော် ဖြစ်နေပါလား။ ငွေစင်မေ နေမကောင်းရင်ပြောနော် အားမနာနဲ့ မင်းတို့ သားအမိတွေဆီမှာ စိတ်လှုပ်ရှားမှုကို မခံနိုင်တဲ့ရောဂါ ရှိတယ် ဖြစ်မယ်။ အန်တီလဲ မင်းလိုပဲ ရွှေစင်အလောင်းကို ကြည့်နေရင်းကနေ မငိုမရယ် စကားလဲ မပြောတော့ဘဲနဲ့ စိတ်ဖောက်ပြန်သွားတော့တာပဲ။ ဆရာဝန်ကတော့ ပြောတယ် အကြီးအကျယ် စိတ်ထိခိုက်သွားလို့ အခုလို ဖြစ်ရတာပါတဲ့။ ညတုန်းက မင်းကို မင်းအမေ မမှတ်မိဘူး မဟုတ်လား။ စကားလဲ မပြောဘူး မဟုတ်လား"

"ရှင်ဘာတွေ ပြောနေတာလဲ ကျွန်မအမေကို မတွေ့ရသေးဘူးရှင့်"

ထိုစကားကို ငွေစင်မေက စိတ်ထဲမှပဲ ပြောနိုင်တာ ဖြစ်ပြီး အပြင်ဘက်မှာတော့ အသံ တစ်ချက်မှပင် မထွက်နိုင်ပါ။





"စောစောတုန်းက ရွှေစင်ဆုံးတာ ဘယ်နှစ်ရက် ရှိပြီလို့ မင်းမေးတယ်နော် ကိုယ်က လေးရက်ရှိပြီလို့ ပြောပြီနော်။ ဟုတ်တယ် လေးရက် ရှိသွားပြီး ငွေစင်မေ။ ယ် သူ့ကို စိန်တစ်ဆင်စာ လက်ဆောင်ပေးခဲ့တဲ့ ညမှာ ဟာ ပျော်လွန်းလို့ အဲဒီ စိန်တွေကိုဝတ် စိန်သရဖူကို ါင်းပေါ်မှာ ဆောင်းပြီးနေခဲ့တာ ကိုယ့်ဇနီး ပျော်တော့လဲ ယ်လဲ အရမ်းပျော်ခဲ့တာပေါ့။ ဒါပေမဲ့ မနက်မိုးလင်းတော့ မှာ အသက်မရှိတော့ဘူး ငွေစင်မေ။ 'ဆရာဝန်က ရုတ် ရက် နှလုံးအခုန်ရပ်ပြီး သေသွားတာလို့ပြောတယ်။ ရွှေစင့် မှာ နှလုံးရောဂါ အခံရှိတယ် မဟုတ်လား"

"မရှိဘူး ရွှေစင်မေဆီမှာ ဘာရောဂါမှ မရှိဘူး။ ကြောင့် ရွှေစင် နှလုံးရောဂါနဲ့ သေတယ်ဆိုတာ လုံးဝ ဖြစ်နိုင်ဘူး"

သူမစိတ်ထဲမှ အော်ဟစ်ပြောဆိုနေသည့် စကားများကို စဝ်ရွှေကြာ ကြားနိုင်မည် မဟုတ်။

ကြားအောင်လည်း သူမက မပြောနိုင်။

ဘာဖြစ်လို့လဲဆိုတော့ သူမကိုယ်တိုင်ပင် အသက်ရှူ တော့ဘဲ သတိလစ်လု နီးနီး ခံစားနေရလို့ပဲ ဖြစ်သည်။

“ကျွန်မ အခန်းအပြင်သို့ ထွက်ပါရစေ”

အကျယ်ကြီး အော်ပြီး ပြောလိုက်ပေမဲ့ အသံတော့ ထွက်မလာပါ။

လည်ပင်းညှစ်ခံထားရသလို ဝေဒနာကို ပိုဆိုးလာသည်။ အသက်ပြင်းပြင်း ရှူလေ အသက်ရှူရကျပ်လေ။

“ကျွန်မ... ကျွန်မ နေလို့မရတော့ဘူး”

သူ၏စကားကို ကြားပုံမရသည့် ဦးစဝ်ရွှေကြာ စကားတွေ ဆက်ပြောနေလေသည်။

“ထုံးစံက အသုဘကို သုံးရက် ငါးရက် ဒါမှမဟုတ် ခုနစ်ရက်ထားရပြီး သင်္ဂြိုဟ်ရတယ်တဲ့။ ဒါပေမဲ့ အဲဒီထုံးစံတွေကို ကိုယ်ကတော့ မလိုက်နာနိုင်ဘူး။ ဘယ်တုန်းကမှလဲ မလိုက်နာခဲ့ဘူး၊ ကိုယ်ရဲ့ ကြင်ရာတော်တွေကို မစွန့်ပစ်ရက်လို့ပြောပြီး အခန်းကြီးကို ကိုယ့်စိတ်ကြိုက် ဖန်တီးထားခဲ့တာ ငွေစင်မေ။ မင်းကြည့်စမ်း ဒီအခန်းဟာ ဘယ်လောက် သေသပ်ကောင်းမွန်ထားသလဲ။ ဒီအခန်းမှာပဲ မင်းအစ်မကို အလှမပျက်အောင် နှစ်ပေါင်းများစွာ ထားထားလို့ရတယ်”

ဘုရား... ဘုရား ဒီလူကြီးဟာ တနည်းနည်းနဲ့ ရူး





ှုပ် နေတာပါလား။ ဒီနေရာမှာ ကြာကြာနေလို့ ဖြစ်ပါ့မလား။

အခြေအနေအမှန်တွေကို ဘာမှ မယ်မယ်ရရ မသိလိုက်ဘဲ ဦးစဝ်ရွှေကြာ၏ လက်ခုပ်ထဲမှ ရေတော့ အဖြစ်မခံနိုင်ပါ။ ဒီအတွက် ကိုယ့်ကိုယ်ကို အစွမ်းကုန် ကာကွယ်ရပါလိမ့်မည်။

သေဆုံးသွားရတဲ့ အစ်မ ရွှေစင်မေအတွက် ဘာဖြစ်နေမှန်း သေချာဂဏ မသိရသေးတဲ့ အမေ့တွက် သူမ ရှိရင့်ပါလိမ့်မည်။

ထိုအသိကြောင့် ခန္ဓာကိုယ်ထဲသို့ အင်အားတစ်ချို့ ပြန်ဝင်လာသည့် ငွေစင်မေက ကြိုးစားပမ်းစားဖြင့် စကားလုံး အချို့ကို အသံထွက်၍ ပြောနိုင်သွားတော့သည်။

“ကျွန်မ အပြင်ထွက်ချင်ပြီ”

“ဟင်... အပြင်ထွက်ချင်ပြီလား”

“ဟုတ်”

ဦးစဝ်ရွှေကြာက တစ်ခုခု စဉ်းစားသလို ငြိမ်သက်နေပြီးမှ သဘောတူကြောင်း ခေါင်းညိတ်ပြသည်။

“ကောင်းပြီလေ မင်း မနေချင်တော့ရင်လဲ ထွက်ပါ”

“တစ်ခုတော့ မှာထားလိုက်မယ်နော် ဒီအခန်းထဲကို ကောခဏ ဝင်လို့တော့ ရမှာမဟုတ်ဘူး ဟုတ်လား”

သူမက ခေါင်းညိတ်ပြလိုက်သော်လည်း ဦးခေါင်းလှုပ်မလှုပ်ပင် မသေချာတော့ပါ။

နောက်ဆုံးတော့ သတိလုံးဝ မလစ်ခင်မှာပင် အရူးတစ်ယောက်၏ ချောက်ချားဖွယ် အခန်းထဲမှ ငွေစင်မေက လွတ်မြောက်လာရလေတော့သည်။

သို့သော်...

သူမ၏ နာမကျန်း ဖြစ်မှုကတော့ သက်သာ ပျောက်ကင်း မသွားခဲ့ပါ။

သေချာတာကတော့ ထိုအချိန်အထိ ငွေစင်မေသည် သူမကိုယ်သူမ ပြန်လမ်းမရှိသည့် သားရဲတွင်းထဲသို့ ဝင်ရောက်မိပြီ ဖြစ်ကြောင်း မသိရှိနိုင်သေးတာပဲ ဖြစ်လေသည်။

* * *



## အခန်း (၁၂)

ရွှေစင်မေ အလောင်းထားရာ အခန်းထဲမှ လူမမာတစ်ယောက်၏ ပုံစံမျိုးဖြင့် ပြန်ထွက်လာခဲ့ပြီးနောက် သူမအတွက် ပေးထားသည့် အခန်းထဲ၌ ငွေစင်မေ နာရီပေါင်းများစွာ နားနေခဲ့ရပြီ အဲဒီအတွက် အမြတ်တစ်ခုတော့ ထွက်ခဲ့လေသည်။

အဲဒါကတော့ သူမကို စောင့်ကြပ် ကြည့်ရှုပြီး လိုအပ်တာတွေ ဆောင်ရွက်ပေးသည့် အိမ်အလုပ်သမား ဒေါ်ခင်မှုံဆိုသူနှင့် ရင်းနှီးသွားရခြင်းပင် ဖြစ်လေသည်။

ဒေါ်ခင်မှုံသည် အသက်လေးဆယ် အရွယ်တောင့်တင်းကြံ့ခိုင်သည့် မိန်းမကြီးတစ်ယောက်ဖြစ်ပြီး ရွှေစင်မေနှင့်

အတော်ကလေး အကျွမ်းဝင်ပုံ ရခဲ့သည်။ အဲဒါကြောင့်လည်း ရွှေခင်မေ၏ ညီမအဖြစ် သူမကို ရင်းနှီးခွေးထွေးတာ ဖြစ် ပါလိမ့်မည်။

သူမနှင့် ရင်းနှီးသည် ဆိုသော်လည်း တခြား အလု သမားများရှေ့မှာတော့ ရင်းနှီးဟန်မပြဘဲ ရှုသိုးသိုး ခေ တတ်ခြင်းသည် ဒေါ်ခင်မှူ၏ ကိုယ်ပိုင်ဟန်ပင် ဖြစ်တော့သည်။

တခြား လူတွေရှေ့တွင် သူမကို အခြားအိမ်ဖော်တွေ ခေါ်သလို မမလေးဟု ခေါ်တတ်သော်လည်း နှစ်ယောက် တည်း ရှိသည့်အခါမှာတော့ သမီးလေးဟု တရင်းတနှီး ခေါ်တတ်လေသည်။

"ဒီမှာ သမီးလေး အန္တရာယ်ကင်းကင်းနဲ့ အချိန်ကြာ ကြာ နေချင်တယ်ဆိုရင် သခင်မလေးရဲ့ အလောင်းကို နောက်ထပ် သွားမကြည့်ပါနဲ့ကွယ်"

ဟု ဒေါ်ခင်မှူက သတိပေးသည်။

သို့သော်...

အကြောင်းပြချက် တစ်စုံတစ်ရာတော့ မပေးခဲ့ပါ။ ထိုသတိပေးချက်ကို သူမ အနေဖြင့် သံသယမရှိ ယုံကြည် သည်။





ဘာကြောင့်လဲဆိုတော့ ရွှေစင့်အလောင်း ထားထား သည့် အခန်းကြီး၏ ကြောက်လန့်ဖွယ်ကို သူမကိုယ်တိုင် ကြုံတွေ့ထားခဲ့ရလို့ပဲ ဖြစ်လေသည်။

"ကျွန်မ အစ်မသေတာကို အဒေါ် ဘယ်လိုထင်လဲဟင် သွေးရိုးသားရိုး သေတာလို့ ကျွန်မကတော့ လုံးဝ မယုံနိုင်ဘူး အဒေါ် ကျွန်မနေကောင်းတာနဲ့ ရဲစခန်းမှာ ထွက်တိုင်မှာပဲ"

သူမစကားကို ဒေါ်ခင်မှူက ခေါင်းခါယမ်းပြပြီး တုံ့ ပြန်လေသည်။

"သမီးလေး ဖားများဟာ သူတို့ရဲ့ အော်သံကြောင့်သာ ဖားရိုက်သမားနဲ့ တွေ့ရတာကွယ့်။ ဒါကြောင့် အသံမထွက်မိ အောင် ကြိုးစားစမ်းပါ။ နောက်တစ်ခုက သမီးလေးအနေနဲ့ ရဲစခန်းကို ရောက်အောင် သွားနိုင်ဖို့ မပြောနဲ့ ဟောဒီ အိမ် ကြီးထဲကနေ အပြင်ထွက်ရဖို့တောင် မဖြစ်နိုင်ဘူးဆိုတာကို သိထားစမ်းပါ"

ကြားရသည့် စကားအတွက် အံ့ဩထိတ်လန့်နေမိဆဲမှာ ပင် ဒေါ်ခင်မှူက သူမ အနားမှ ထွက်ခွာသွားခဲ့တော့သည်။

ထိုစကားများသည် သူမကို ခြောက်လှန့်သည့် စကား များတော့ ဟုတ်လိမ့်မည် မထင်ပါ။

ဒါဆို ဘာလုပ်ရမလဲ။

သူမကို ဦးစဝ်ရွှေကြာက ဘာတွေလုပ်ဖို့ ကြံ
စိတ်ကူးထားပြီး အချုပ်လုပ်ထားချင်ရတာလဲ။

တကယ်တမ်းကျတော့ ဘာကိုမှ ရေရေရာရာ ထိ
ရောက်ရောက် အဖြေထုတ်လို့ မရနိုင်ခဲ့တာ သေချာသည်

သူမ၏ နာမကျန်း ဖြစ်မှုအတွက် ဆရာဝန်တစ်ယော
လာကြည့်ပေးသော်လည်း ငွေစင်မေကတော့ ထိုဆရာဝန်
လုံးဝ သဘောမကျနိုင်ခဲ့ပါ။ ထိုဆရာဝန် ဆေးထိုးပေးခဲ့လျှ
သူမ ခံစားရသည့် အာရုံမစုစည်းနိုင်သည့် ဝေဒနာကို ပို
ရသည်ဟု ခံစားရလို့ပဲ ဖြစ်လေသည်။

ဆရာဝန်သည် သူမကို သောက်ဆေးများ မပေး
ဆေးတွေချည်း ထိုးပေးတတ်တာကတော့ ဆိုးရွားလွန်း
သည်။

ဒီလိုနှင့် ငွေစင်မေသည် သုံးရက်လုံးလုံး သူမအတွ
ပေးထားသည့် အခန်းထဲတွင်သာ အချိန်ကုန်ဆုံးခဲ့ရသည်
ထိုရက်များအတွင်း သူမနှင့် အထိစပ်ဆုံးက ဒေါ်ခင်မှု
ပြီး ဦးစဝ်ရွှေကြာနှင့်ရော အမေနှင့်ပါ တွေ့ဆုံခွင့် မရခဲ့

တကယ်တော့ သူမသည် အပြင်လောကနှင့် အဆ





အသွယ် ပြတ်တောက်ပြီး အကျယ်ချုပ်ဖြင့် ယဉ်ယဉ်လေး
အကျဉ်းချခံထားရတာပဲ ဖြစ်လေသည်။

သုံးရက်မြောက်သည့် နေ့၏ ညနေခင်းကျမှ သူမသည်
အမေ့ကို တွေ့ခွင့်ရခဲ့ပါတော့သည်။

သို့သော်...

အမေ့ကို တွေ့ဆုံရခြင်းသည် သူမအတွက် စိတ်ချမ်း
မြေ့မှုကို မဖြစ်စေခဲ့ပါ။

ဘာကြောင့်လဲဆိုတော့ အမေသည် ငွေစင်မေကို လုံးဝ
သိကျွမ်း မှတ်မိခြင်း မရှိတော့လို့ပဲ ဖြစ်လေသည်။

မှတ်မိခြင်း မရှိရုံသာမက သူမနှင့် တွေ့ဆုံဖို့ကိုပါ
ါးသီးစွာ ငြင်းဆန်တာကတော့ အဆိုးဆုံးပဲ ဖြစ်၏။

ဦးစဝ်ရွှေကြာ ပြောသလိုပင် အမေသည် စိတ်ရောဂါ
သည် တစ်ယောက် ဖြစ်နေပြီတည်း။

ထိုမျှမက အမေသည် စကားတစ်ခွန်းမှ မပြောနိုင်တော့
တဲ သူ့ရင်ထဲမှ ဆန္ဒများကို ခြေဟန်လက်ဟန်ဖြင့်သာ ဖော်
ထုတ်ပြနိုင်လေသည်။

ငွေစင်မေ ငိုသော်လည်း အမေက လုံးဝအရေး မစိုက်
တဲ မောင်ထုတ်သည့်အတွက် အမေ့အခန်းထဲမှ ပြန်လာခဲ့ရလေ

သည်။

ဒီလိုနှင့်ပင် အမင်္ဂလာ အိမ်ကြီးသို့ သူမ ရောက်ခဲ့ရတာ
လေးရက်တိတိ ရှိသွားလေတော့သည်။

သို့သော်...

ရွှေစင် အသုဘ အခမ်းအနားကို ဘယ်နေ့ ဘယ်
ရက်တွင် ကျင်းပမည်ဆိုတာကိုလည်း မကြားရ အသုဘနှင့်
စပ်ဆိုင်သည့် ဧည့်ပရိသတ်များကိုလည်း တစ်ယောက်တလေ
ကိုမျှ မတွေ့ရဘဲ ထိုရက်များအား စိုးရိမ်သောကများ
ဒေါသများ၊ သံသယများဖြင့် ပူလောင်စွာ ဖြတ်ကျော်လာ
ရခြင်း ဖြစ်သည်။

သေချာတာကတော့ ထိုအခြေသည် သူမကို ပိုမို နှ
ကြားသွားစေတာပဲ ဖြစ်ပါသည်။

ငွေစင်မေက ဆုံးဖြတ်ချက် တစ်ခုကို ခိုင်မာစွာ ချ
သည်။

ရွှေစင် ဘာကြောင့် ရုတ်တရက် သေဆုံးသွားရတာ
လဲ။

အမေကရော ရောဂါအခံမရှိပါပဲ ဘာကြောင့် စိတ်
ဝေဒနာကို ကောက်ခါငင်ခါ ခံစားနေရတာလဲ။





အလောင်းထားသည့် အခန်းထဲမှ မွှေးရနံ့ကို ရှူရှိုက်
တာနှင့် ဘာကြောင့် သူမက နာမကျန်း ဖြစ်သွားရတာလဲ။
အခြင်းအရာများကို မဖြစ်မနေ ရပါလိမ့်မည်။

သေချာသည်။ ဘယ်လောက်ပဲ ခက်ခဲပါစေ ထိုဆုံးဖြတ်
ချက်ကို သူမက မပြင်ဆင်တော့ပါ။

* * *

## အခန်း (၁၃)

ပြင်းထန် ခိုင်မာသောဆုံးဖြတ်ချက်ကို ချထားမိသေ
လည်း ထိုဆုံးဖြတ်ချက်အတိုင်း အကောင်အထည် ဖော်
အတွက်ကတော့ ငွေစင်မေအတွက် အလွန် ခက်ကဲလွန်း
သည်။

အခုချိန်ထိ သူမသည် မနက်စာ ညစာကို သူမ
အခန်းထဲမှာပင် စားသောက်နေပြီး ထမင်းစားခန်းကို တစ်ကြ
သာ ရောက်ဖူးသေးသည်။

ထို့ကြောင့်...

အိမ်ကြီး၏ မည်သည့်နေရာတွင် ထမင်းစားခန်းရ
ရှိကြောင်း သူမ ဘယ်လိုမှ မခန့်မှန်းနိုင်သေးပါ။

အဲဒီလိုပင် သူမအတွက် ပေးထားသည့် အခန်းမှ
ဧည့်ခန်းကျယ်ကြီးသည် မည်မျှ ကွာဝေးကြောင်းကိုလည





သူမ မသိရသေးပါ။

အကယ်၍ ဧည့်ခန်းကျယ်ကြီးထဲသို့ ရောက်ခဲ့လျှင်
တောင် ရွှေစင်အလောင်းရှိရာ အခန်းသို့ သွားရမည့် တံခါး
ပေါက်ကို သူမ ရွေးချယ်နိုင်ပါ့မလားဟု သံသယဖြစ်မိ၏။

တကယ်လို့ ရွေးချယ်နိုင်တယ်ပဲ ထားပါဦး ထိုအခန်း
တံခါးကို ဖွင့်ရန်သော့ သူမတွင် ရှိမနေပါ။

ထိုသော့ကို ဘယ်သူကိုင်ထားနိုင်သလဲ။ ထို့ကြောင့်
သူမ၏ ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်နိုင်ဖို့က လူတစ်
ယောက်၏ အကူအညီ လိုအပ်မည်ဟု ငွေစင်မေ တွေးမိသည်။

ထိုအတွင်းလူကိုလည်း ဒေါ်ခင်မှုံကိုပဲ သူမက ရွေး
ချယ်ဖြစ်၏။

ဘာကြောင့်လဲဆိုတော့ သူမသိသမျှ အိမ်ဖော် အမျိုး
သမီး သုံးယောက်ထဲတွင် ဒေါ်ခင်မှုံသည်သာ လူသားဆန်လို့
ပဲ ဖြစ်မည်။

ကျွန်နှစ်ယောက်သည် ဦးစဝ်ရွှေကြာ ဖန်တီး ထုတ်လုပ်
ထားသည့် စက်ရုပ်များနှင့် တူလေသည်။

သူတို့သည် စကားကို အသံအနိမ့်အမြင့်မရှိဘဲ အသက်
မဲ့စွာ ပြောတတ်ကြသည်။

လိုအပ်တာထက် ပို၍လည်း မပြောကြ။

ဘယ်လို အကြောင်းအရာမျိုးကိုမှလည်း မေးမြန်း ရေး။ သူတို့၏ သခင်ကြီး ဦးစဝ်ရွှေကြာ သင်ကြားထားသ စကားလုံးကိုသာပဲ ထပ်ကာထပ်ကာ ပြောတတ်သူများ ဖြ လေသည်။

သူမကို မမလေးဟုခေါ်ပြီး ရိုရိုကျိုးကျိုး ဆက် ကြသော်လည်း မျက်လုံးများကတော့ အေးစက်တင်းမာ တစ်စုံတစ်ရာ ရတ်စက်ပစ်ဖို့ ဝန်မလေးကြောင်း ထုတ် ပြသနေမည်ဟု ငွေစင်မေက ခံစားမိသည်။

ဒီတော့ သူမအပေါ် နွေးထွေးပြီး ကြင်နာတတ်သ ဒေါ်ခင်မှုံကိုပဲ အားကိုးရပါလိမ့်မည်။

"အဒေါ် ဦးစဝ်ရွှေကြာဆီမှာ အလုပ်လုပ်တာ ကြ လားဟင်"

သူမကို ထမင်းလာပို့ပေးသည့် ဒေါ်ခင်မှုံကို မေးလို တော့ ဒေါ်ခင်မှုံက အခန်းတံခါးဆီ တစ်ချက် လှမ်းကြ ပြီး စကားမပြောဖို့ မျက်စိဖြင့် အချက်ပြသည်။

ငွေစင်မေက ပါးနပ်စွာ တိတ်ဆိတ်နေလိုက်ဆဲ နော ထပ် အိမ်ပေါ်တစ်ယောက်က ပန်းအိုး လှလှကလေး





တယုတယ ကိုင်တွယ်၍ သူမ အခန်းထဲသို့ ဝင်လာလေသည်။

ပန်းအိုးကလေးသည် ရှည်သွယ်လှပသော တရုတ်ကြွေ အိုးကလေး ဖြစ်ပြီး ပန်းအိုးထဲတွင် ထိုးစိုက်ထားသည့် ပန်းက နှစ်မျိုးရောစပ်ထားတာ ဖြစ်သည်။

ပန်းတစ်မျိုးသည် သေးငယ်သော အနက်ရောင်ပန်းပွင့် ကလေးများဖြစ်ပြီး နောက်တစ်မျိုးကတော့ မိုးပြာရောင် ပန်း ပွင့်ဖြစ်လေသည်။

ထိုပန်းအိုးကလေး အခန်းထဲသို့ ရောက်လာတာနှင့် မွှေးကြိုင်သော ရနံ့များက တစ်ခန်းလုံးသို့ ပျံ့နှံ့သွားလေတော့ သည်။

"သခင်ကြီးက မမလေးအတွက် ပန်းလက်ဆောင် ပို့ ခိုင်းလိုက်ပါတယ်ရှင့်"

ပြောပြောဆိုဆိုပင် ထိုအမျိုးသမီးသည် ပန်းအိုးကလေး ကို သူမအိပ်သည့် ခုတင်နံဘေးရှိ စင်ကလေးပေါ် သွား တင်လိုက်ပြီး အခန်းထဲမှ လှည့်ထွက်သွားဖို့ ဟန်ပြင်လေ သည်။

ဒီလိုပန်းမျိုးကို မြင်ဖူးပါတယ်။ ဒီရနံ့မျိုးကို ခံစားဖူး ပါတယ်။ ငွေစင်မေက ဇဝေဇဝါတွေးနေဆဲ အိမ်ဖော်အမျိုး

သမီးက အခန်းဝသို့ ရောက်နေလေပြီ။

"ဒီမှာ ဒီမှာရှင့် ရှင်တို့ သခင်ကြီး အခု ဘယ်မှာလဲ ကျွန်မ သူ့ကို တွေ့ချင်တယ်၊ ကျွန်မ အစ်မကို ဘယ်တော့ သဂြိုဟ်မှာလဲ။ ပြီးတော့ ကျွန်မအမေကိုခေါ်ပြီး ပြန်ချင်နေပြီ ဒီကိစ္စတွေ ရှင်တို့သခင်ကြီးနဲ့ ဆွေးနွေးရမှ ဖြစ်မယ်"

အိမ်ဖော် အမျိုးသမီးသည် သူမ ပြောသည့်စကားများကို တိတ်ဆိတ်ငြိမ်သက်စွာ နားထောင်နေပြီးမှ ထုံးစံအတိုင်းပင် အသုံးမကျသည့် ထပ်ခါတလဲလဲ စကားများဖြင့် တုံ့ပြန်တော့သည်။

"သခင်ကြီးက မမလေးအတွက် ပန်းလက်ဆောင် ပို့ခိုင်းလိုက်ပါတယ်ရှင့်"

"တောက်..."

သူမ စိတ်ဆိုးသွားသည့် အချိန်မှာပင် ထုံပေပေ မျက်လုံးများနှင့် အမျိုးသမီးက အခန်းထဲမှ ပြန်ထွက်သွားလေတော့သည်။

အဲဒီအခါမှာတော့ သူမ စားဖို့ပြင်ဆင်ပေးနေသည့် ဒေါ်ခင်မှုံသာ အခန်းထဲ၌ ကျန်ရစ်ခဲ့တော့၏။

ဒေါ်ခင်မှုံကို စကားပြောဖို့ လှည့်ကြည့်ချိန်မှာပင်





တ်တရက် သူမ၏ မှတ်ဉာဏ်များက လင်းလက်သွားပြီး န်းအိုးထဲမှ ပန်းနှင့် ထိုပန်း၏ရနံ့ကို ရွှေစင်မေ အလောင်း ားသည့် အခန်းထဲ၌ တွေ့ဖူးခံစားဖူးသည်ဆိုတာ ဖျတ်ခနဲ မှတ်ရလိုက်တော့သည်။

"မြတ်စွာဘုရား ဒါ... ဒါ အလောင်းထားတဲ့ အခန်းထဲ ာ တွေ့ခဲ့တဲ့ပန်းတွေပဲ အဲဒီပန်းအနံ့ကြောင့် ကျွန်မ နေ ကောင်း ဖြစ်သွားရတာအဒေါ်၊ အခုဒါတွေ ကျွန်မအခန်း ဲ ရောက်လာပြီ။ ကျွန်မ... ကျွန်မ ဘာလုပ်ရမလဲ"

အထိတ်တလန့် ဖြစ်နေသည့် သူမကို တိတ်ဆိတ်နေဖို့ ချက်ပြပြီး ဒေါ်ခင်မှုံက အခန်းထဲမှ ပြန်ထွက်သွားသည်။

ပန်းအိုးကလေးကို ပြတင်းပေါက်မှ လွှင့်ပစ်လို့ ရ လား။ ဒါမှမဟုတ် ရိုက်ခွဲပစ်လိုက်ရမလားဟု စိတ်လှုပ်ရှား ာ တွေးတောနေဆဲ ဒေါ်ခင်မှုံက သူမ အခန်းထဲသို့ ပြန် င်လာပြီး အခန်းတံခါးကိုလည်း ပိတ်လိုက်လေသည်။

ထို့နောက်

ဒေါ်ခင်မှုံသည် ခါးကြားထဲမှ ပလက်စတစ်အိတ် ထူတစ်လုံးကို ခွဲထုတ်၍ ပန်းအိုးကလေးကိုရော ပန်းများကို အိတ်ထဲသို့ထည့်၍ လေလုံအောင် ပိတ်ထားလိုက်တော့၏။

ပြီးတော့မှ သူမအနားသို့ ကပ်၍ လေသံတိုးတိုးဖြ
ဖြင့် ပြောသည်။

"သမီးလေး အဲဒီပန်းရနံ့ကို ဘယ်တော့မှ မရှူမိ
အဲဒါ သေမင်းစိုက်တဲ့ပန်း အဆိပ်ပန်းပဲ"

"ရှင်"

ငွေစင်မေက ပလတ်စတစ်အိတ်ထဲ ရောက်နေသ
ပန်းလှလှကလေးများကို ထိတ်လန့်အံ့အားသင့်စွာ ငေးကြ
မိသည့် အချိန်မှာပင် ဒေါ်ခင်မူက သူ့ခါးကြားထဲမှ တ
တစ်ရာကို ဆွဲထုတ်ယူနေသည်။

သူမတော့ ရွှေစင်အလောင်း၏ ရင်ဘတ်ပေါ်
လှပစွာ စီချယ်ခင်းကျင်းထားသည့် ပန်းများကိုပဲ မြင်ယေ
နေမိသည်။

သေမင်းစိုက်တဲ့ပန်း

ဘုရား တရား ဒါဟာ တကယ်ပဲလား။

ပန်းများ၏ ရနံ့ကို ရှူရှိုက်မိပြီးနောက် မြင်နေကြ
ပေါ်လျက် တုံ့ပြန်မှု မပြုနိုင်ဘဲ ခေတ္တခဏ အရှင်လတ်
သေဆုံးနေခဲ့ရဖူးတာကို သူမက ပြန်အမှတ်ရမိသည်။

အခုတော် အနည်းငယ် ရှူရှိုက်မိထားသည့် ပန်





ကြောင့် သူမ ဦးခေါင်းတွေ နောက်ကျိ မူးဝေနေတာကို မေ့
လျော့ထားလို့ မရပါ။

"ရော့... သမီးလေး ဒါကို မြန်မြန် ငုံထားလိုက်
ဟုတ်ပြီ ကျန်တာကို နှာခေါင်းထဲကနေ ရှူသွင်းပစ်လိုက်
ကွယ်"

ဘာမှစဉ်းစားမနေတော့ဘဲ ဒေါ်ခင်မူ ပေးသည့်အမည်း
ရောင် အမှုန့်များကို ပါးစပ်ထဲလည်းထည့်ငုံ နှာခေါင်းကလည်း
ရှူသွင်း လုပ်ပစ်လိုက်သည်။

ထူးဆန်းစွာပင် ထိုအမည်းရောင် အမှုန့်များကို ရှူသွင်း
ပြီးတာနှင့် နောက်ကျိနေသော ဦးခေါင်းသည်လည်း တဖြည်း
ဖြည်း ပြန်လည် ကြည်လင်လာတော့သည်။

"ဒါ... ဒါ ဘာတွေလဲ အဒေါ်"

"အဆိပ်ဖြေဆေးပဲ သမီးလေး။ အဲဒီဖြေဆေး ရှိထာ
ရင် သမီးလေး ဘာမှမဖြစ်နိုင်တော့ဘူး"

ငွေစင်မေက ဆတ်ခနဲတုန်သွားပြီး အလျင်စလို မေး
လိုက်မိသည်။

"အဆိပ်ဖြေဆေးမရှိရင် ကျွန်မ... ကျွန်မ ဘာတွေ
ဖြစ်ကုန်မှာလဲ အန်တီ"

"ဒီနေ့ကစပြီး သခင်ကြီးဟာ သမီးလေးဆီကို အဲဒ်
သေမင်းပန်းတွေ နေ့တိုင်း ပို့ပေးလိမ့်မယ်"

"ရှင်..."

"ဟုတ်တယ် ပန်းတွေ နေ့တိုင်းပို့ပေးမှာပဲ"

"ပို့ပေးရင် ဘာဖြစ်မလဲအဒေါ်"

ဒေါ်ခင်မှုံက ဘာမှပြန်မပြောဘဲ။ ဖြူဖတ်ဖတ် နှုတ်ခမ်
များကို လျှာဖြင့်သပ်ပြီး ခေတ္တခဏ ငြိမ်သက်နေလေသည်။

ငွေစင်မေက ဒေါ်ခင်မှုံ၏ ပြာနှမ်းနှမ်း လျှာကြီးကိ
မြင်လိုက်ရသည့်အတွက် အလန့်တကြား ဖြစ်သွားရပြန်သည်
အရင်နေ့တွေတုန်းက ဒေါ်ခင်မှုံကို အခုလောက် သတိမထား
ခဲ့။ အခုမှ အသေအချာ သတိထားမိတော့။ ဒေါ်ခင်မှုံမျက်နှာ
သည် လူသေမျက်နှာနှင့် တူသည်ဟုထင်မိပြီး သူမက တဆတ်
ဆတ် တုန်ယင်သွားရတော့သည်။

သွေးမရှိသည့်မျက်နှာ ဖြူစုတ်စုတ်နှုတ်ခမ်း ပြာနှမ်း
နေသောလျှာ၊ ဝါကြင်ကြင် ဖြစ်နေသည့် ခြေဖဝါး လက်ဖဝါး
များသည် လူသေတစ်ယောက်နှင့် တူလွန်းလှသော်လည်း
မျက်လုံးများကတော့ အံ့ဩစရာ ကောင်းလောက်အောင်
စူးရှတောက်ပြောင်နေခြင်းသည် ဒေါ်ခင်မှုံတစ်ယောက်တည်း





၏ သွင်ပြင်လက္ခဏာမဟုတ်။

ဦးစစ်ရွှေကြာ၏ အိမ်ဖော်အမျိုးသမီး သုံးယောက်စလုံး
ပိုင်ဆိုင်ထားသည့် ရုပ်လက္ခဏာတွေပဲ ဖြစ်လေသည်။

"အဲဒီ... ပန်းရနံ့တွေကို နေ့တိုင်းရှူ ်း သမီးလေး
သေသွားမှာပေါ့ကွယ်"

"ရှင်... သေသွားမယ် ဟုတ်လား"

ဒေါ်ခင်မှုံက အေးဆေးစွာ ခေါင်းညိတ်ပြသည်။ ပြီး
တော့ ထူးဆန်းပြီး အဓိပ္ပာယ်မဲ့သည့် စကားကို ထပ်ပြော
ပြန်သည်။

"ဟုတ်တယ် သေသွားမယ် နောက်တော့ ပြန်ရှင်လာ
မယ်။ သေပြီးတဲ့ လူတစ်ယောက် ပြန်ရှင်လာရင် လူပြန်မဖြစ်
တော့ဘူး ဟုတ်တယ် ဘယ်တော့မှ လူပြန်မဖြစ်နိုင်တော့ဘူး"

"ကျွန်မ... ကျွန်မ နားမလည်ဘူး အဒေါ်"

ငွေစင်မေ အသံတွေက မှတ်မိချင်စရာ မရှိလောက်
အောင် ရုပ်ပျက်ဆင်းပျက် ဖြစ်နေလေသည်။

"နားမလည်ဘူးလား"

"ဟုတ် ဟုတ်ကဲ့အဒေါ် ဦးစဝ်ရွှေကြာက ကျွန်မကို
ဘာကြောင့် သတ်ချင်ရတာလဲ သူနဲ့ ကျွန်မက ရန်သူတွေမှ

[illegible] ကျွန်မကို သတ်လို့ရော သူ့အတွက် ဘာအကျိုး ရှိလို့လဲ”

ဒေါ်ခင်မှုက သူမ မျက်နှာကို စူးစိုက်ကြည့်ပြီး တစ်ခွန်းချင်း ပြန်ပြောလေသည်။

“အဲဒါတော့ မသိဘူးလေ ဒါပေမဲ့ သမီးလေး သိအောင် တစ်ခုတော့ ပြောထားမယ်။ ဒီအိမ်မှာရှိတဲ့ လူတွေအားလုံးဟာ သေပြီးသား လူတွေချည်းပဲကွယ့်”

“ဘုရားရေ…”

ထိတ်လန့်ခြင်း၏ အထွတ်အထိပ်ကို ရောက်သွားသည့်အတွက် သူမ၏ အသိဉာဏ်များက မိုက်ခနဲ ဖြစ်သွားလေသည်။

ကိုယ့်ကိုယ်ကို မထိန်းချုပ်နိုင်မှာပင် ငွေစင်မေသည် ကြမ်းပြင်ပေါ်သို့ အရုပ်ကြိုးပြတ် လဲကျသွားရတော့သည်။

သေချာတာကတော့ အကြောက်လွန်သွားသည့် သူမသည် အမှောင်ထဲသို့ လွင့်စဉ်ကျသွားခြင်းပဲ ဖြစ်လေသည်။

* * *



## အခန်း (၁၄)

“သမီးလေး… သမီးလေး”

ခေါ်သံရယ် ပါးပြင်ကို လာထိနေသည့် အေးစက်စက် အထိအတွေ့ရယ်ကြောင့် ငွေစင်မေက သတိပြန်ရလာသည်။

မျက်စိကို ဖွင့်လိုက်တာနှင့် သူမမျက်နှာအနီး၌ စီးမိုး ကြည့်နေသည့် ဒေါ်ခင်မှု မျက်နှာဖြူဖပ်ဖပ်ကြီးကို ပထမဦးဆုံး တွေ့မြင်ရပြီး သူမက လိပ်ပြာလွင့်ချင်သလို ခံစားလိုက် ရသည်။

“အား…”

လန့်ဖျပ်ပြီး အော်လိုက်တော့ ဒေါ်ခင်မှု၏ အေးစက် အေးယန်းနေသော လက်တစ်ဖက်က သူမပါးစပ်ကို အသာ

အယာ လာပိတ်လေသည်။

အေးစက်စေးထန်းသောလက်။

လူသေတစ်ယောက်ရဲ့လက် သေပြီးသား လူတ

ယောက်ရဲ့လက်။

ရွံရှာစက်ဆုတ်သွားသည့်အတွက် ရှိသမျှ အင်အားမျာ

ကို စုစည်းပြီး ငွေစင်မေက တအားကုန် အော်ချပစ်လိုက်

သည်။

"မကိုင်နဲ့..."

"သမီးလေး... အဒေါ်မလေကွယ်"

"မကိုင်နဲ့ လူသေလက်ကြီးနဲ့ ကျွန်မကို မကိုင်ပါနဲ့

ပြောပြောဆိုဆိုပင် သူမက အတင်းလူးလဲ ထထိုင်လိုက

တော့ ဒေါ်ခင်မှုံ၏ လက်အေးကြီးက သူမ မျက်နှာပေါ

ကွာကျသွားလေသည်။

ပြီးတော့ စိတ်မကောင်း ဖြစ်သွားသည့် မျက်လုံးမျာ

နှင့် ဒေါ်ခင်မှုံက သူမနှင့်ဝေးရာသို့ တဖြည်းဖြည်း ရွေ့သွာ

လေ၏။

"အဒေါ်က စိတ်ပူသွားလို့ပါ သမီးရယ်"

ငွေစင်မေက ဘာမှပြန်မပြောနိုင်ဘဲ ဒေါ်ခင်မှုံကိုသ





ထိတ်တလန့် ငေးကြည့်နေမိသည်။

ကြည့်လေ ကြည့်လေ လူသေကောင်ကြီး တစ်ကောင်

နှင့် တူလေလေပဲဟု ထင်မိသည့်အတွက် သူမ စိတ်ထဲသို့

ကြောက်စိတ်များက တိုးဝင်လာလေသည်။

တစ်ဖက်မှ ကြောက်စိတ်များ ဖြစ်နေသလိုပင် တခြား

တစ်ဖက်ကလည်း ဒေါ်ခင်မှုံ ပြောပြသည့် စကားကို စိတ်

ဝင်စားမှုများ ဆပွားလာလေ ပြန်သည်။

"ဒီအိမ်မှာရှိတဲ့ လူတွေအားလုံးဟာ သေပြီးသား

လူတွေချည်းပဲတဲ့"

အဲဒါ ဘာကိုပြောတာလဲ။

ဘာအဓိပ္ပာယ်လဲ။

ဒေါ်ခင်မှုံ အပါအဝင် အိမ်ဖော်အမျိုးသမီး သုံးယောက်

လုံး၏ သွင်ပြင်လက္ခဏာများကို အစုမှ သူမက စေ့စေ့စွာ

ပြန်မြင်ယောင်မိသည်။

အားလုံး လူသေတွေနဲ့ တူနေတာပ။

မျက်လုံးများသာ အသက်ရှိနေပြီး ခန္ဓာကိုယ်တွေက

တော့ အသက်ကင်းမဲ့သူတွေလို ဖြစ်နေတာ အမှန်ပဲဖြစ်သည်။

အဲဒီ မိန်းမကြီးတွေဟာ လူတွေမဟုတ်ကြဘူးလား။

လူတွေမဟုတ်ရင် ဘာတွေလဲ။

သူမက ဘယ်လိုမှ မတွေးတတ်တော့ပါ။

"သမီးလေး"

"အမယ်လေး..."

ထိတ်လန့်တုန်လှုပ်နေသည့် သူမကို ဒေါ်ခင်မှူ ကြင်နာဟန်ဖြင့် ကြည့်နေလေသည်။

"သမီးလေး အရမ်းလန့်နေပြီ မဟုတ်လား။ ဒါကြေ သမီးသိချင်တာတွေကို အဒေါ်မပြောပြခဲ့တာပေါ့"

ဒေါ်ခင်မှူ၏ ကြင်နာနွေးထွေးသော အသံကြေ ပရမ်းပတာ ကြောက်လန့်နေသည့် သူမ၏ စိတ်များ အနည်းငယ် ငြိမ်သက်သွားလေသည်။

သူမနှင့် ခပ်ဝေးဝေးတွင် ငြိမ်သက်စွာ ထိုင်နေ ဒေါ်ခင်မှူကို ကြည့်ပြီး ငွေစင်မေက သနားမိသွားသည်။

ဘာအကြောင်းကိုမှ အသေအချာ မသိရသေး ဒေါ်ခင်မှူအပေါ် ရှုံ့ရှာဟန်ဖြင့် ဆက်ဆံဖို့ မကောင်း တွေးမိသည့်အတွက် သူမက ခပ်မြန်မြန်ပဲ တောင်းပန်လို ၏။

"တောင်းပန်ပါတယ် အဒေါ်ရယ်။ ကျွန်မ ရုတ်တ





လန့်သွားလို့ အဒေါ်ကို အော်လိုက်မိတာ စိတ်မဆိုးပါနဲ့နော်"

"ရပါတယ် သမီးလေးရယ် ဒီစကားကို ပြောရင် ဘယ်သူမဆို ဒီလိုပဲ လန့်ဖျပ်ကုန်ကြမှာပဲလေ သမီးလေး ဆီမှာ အပြစ်မရှိပါဘူးကွယ်။ အဒေါ့်စိတ်ထဲမှာလဲ ဘယ်လိုမှ သဘောမထားပါဘူး"

အခုမှပဲ သူမက ဒေါ်ခင်မှူအနားသို့ ချဉ်းကပ်သွားဖို့ ကြိုးစားလိုက်တော့သည်။

ဒေါ်ခင်မှူပခုံးကို ဆုတ်ကိုင်ဖို့အတွက် အတော်ပဲ ကြိုးစားလိုက်ရသည်။ ဘာကြောင့်မှန်းမသိဘဲ သူမက ဒေါ်ခင်မှူကို ကြောက်လန့် စက်ဆုပ်နေမိ၏။

"အဒေါ် သိသမျှ ဒီအိမ်ကြီးရဲ့ အကြောင်းနဲ့ ဦးစံ ရွှေကြာရဲ့ အကြောင်းတွေ ကျွန်မကို ပြောပြပါလားဟင်"

ဒေါ်ခင်မှူကို တောင်းပန်ရင်း သူမ၏ အကြည့်များက ဒေါ်ခင်မှူ၏ လက်သည်းခွံ ညိုပုပ်ပုပ်များဆီသို့ တည့်မတ်စွာ ရောက်သွားပြီး အော်ဂလီဆန်သွားရပြန်သည်။

အလျင်နေ့တွေတုန်းက သူမကိုယ်တိုင် နေထိုင် မကောင်း ဖြစ်နေသည့်အတွက် ဒေါ်ခင်မှူ၏ သွင်ပြင်လက္ခဏာ များကို အခုလောက် မလေ့လာမိခဲ့ပါ။

ထို့ကြောင့်လည်း နေ့စဉ်ပင် ဒေါ်ခင်မွှံ ကျွေးသည့် အစားအစာ အချို့ကို စားသောက်မိခဲ့လေသည်။

သူမက ပျို့အန်ချင်စိတ်ကို မနည်းအားတင်း ထိန်းချုပ် ထားရဆဲ အလိုက်မသိသည့် ဒေါ်ခင်မွှံက သူမကို အစာစား တိုက်တွန်းလေတော့သည်။

"သမီးလေး ထမင်းစားလိုက်ပါလား"

သူမက ခပ်မြန်မြန်ပဲ ငြင်းဆန်လိုက်မိသည်။

"ဟင့်အင်း... အဒေါ် ကျွန်မ မဆာဘူး"

ဒေါ်ခင်မွှံ သူမကို အတင်းအကျပ် မကျွေးပါစေနှင့်ဟု စိတ်ထဲမှ ဆုတောင်းမိသေးသည်။

ဒီအိမ်မှာရှိတဲ့ လူတွေအားလုံး သေပြီးသားလူတွေချည်း ပဲဟုဆိုလျှင် ဒီထမင်းဟင်းတွေကိုလည်း သေပြီးသားလူတွေ ချက်ထားတာပဲပေါ့။

"အမယ်လေး..."

ပျို့အန်ချင်စိတ် ပျောက်သွားအောင် ခွေစင်မေ အသက်ကိုဝအောင် ရှူနေလိုက်မိသည်။

ဖြစ်နိုင်လျှင် ဒီအိမ်ကြီးကနေ အမေ့ကို ခေါ်ဆောင် ထွက်ခွာသွားချင်နေပြီ။ တစ်ဖက်က စဉ်းစားပြန်တော့လည်း





ခွေစင်မေ သေဆုံးသွားခဲ့ရတာ ရိုးသားမှု ရှိမရှိကို သိအောင် လုပ်ရမည့် တာဝန်ကလည်း သူမပခုံးပေါ်တွင် ရှိနေသေး သည်။

သေတဲ့လူလည်း သေသွားပါပြီ ဆိုတာမျိုး လက်လွှတ် ပယ်တော့ သဘောမထားနိုင်ပါ။ ဦးစဝ်ရွှေကြာသည် ယုံ ကြည်နိုင်လောက်သူ တစ်ယောက်မဟုတ်ဆိုသည့် အသိသည် ခွေစင်ဆုံးတာ ရိုးသားမှု မရှိနိုင်ဆိုသော သံသယကို ပိုမို ခိုင်မာအောင် ပံ့ပိုးပေးနေသောကြောင့် သူမ၌ စုံစမ်းဖို့ တာဝန်ရှိနေလေပြီ။

"ထမင်းမစားရင် အချိုရည်လေး သောက်လိုက်ပါလား ကွယ်"

"ဟုတ်ကဲ့"

ဒေါ်ခင်မွှံ ယူပေးသော အချိုရည်ကို အတင်းမျိုချ လိုက်ရသည်။ ပြီးတော့ သူမက ဒေါ်ခင်မွှံကို နှုတ်ဆော်မိပြန် သည်။

"လုပ်ပါအဒေါ် ဒီအိမ်ကြီးက လူတွေအကြောင်း ကျွန်မ ကို ပြောပြပါနော်"

ဒေါ်ခင်မွှံက သက်ပြင်းချသည်။

“အင်း ပြောပြရင် သမီးလေးယုံချင်မှ ယုံလိမ့်မယ် အဒေါ်ကို အရူးကြီးလို့ ထင်မှာအမှန်ပဲ”

“ဟုတ်တာ အဒေါ်ကို ကျွန်မ ယုံပါတယ်ရှင်။ ဒီ အိမ်ကြီးထဲက လူတွေထဲမှာ အဒေါ့်ကို အယုံဆုံးပါပဲ။ အား လဲ ကိုးမိပါတယ်၊ အဒေါ်ဟာ တခြားလူတွေနဲ့ မတူဘူး ဆိုတာကိုလဲ ကျွန်မ ခံစားလို့ရပါတယ်”

ဒေါ်ခင်မှုံ ပြုံးလိုက်တာကို တွေ့ရသည်။ ပြုံးလိုက်တော့ မှ မျက်နှာပြင်ပေါ်မှ အသားများသည် သားရေဖတ်ကြီးသဖွယ် တွန့်လိမ်သွားတာကို ထိတ်လန့်ဖွယ် တွေ့လိုက်ရလေ၏။

ငွေစင်မေက ခပ်မြန်မြန် မျက်နှာလွှဲပစ်လိုက်သော်လည်း ရင်တဒိတ်ဒိတ် ခုန်နေတာကတော့ ငြိမ်သက်မသွားပါ။

“အင်လေး... သမီးလေး ယုံကြည်မယ်ဆိုရင်တော့ ပြောပြရတာပေါ့ကွယ်”

ထိုစကားကို ပြောပြီးနောက် ဒေါ်ခင်မှုံက တိတ်ဆိတ် သွားပြန်သည်။

သူမကတော့ ဒေါ်ခင်မှုံပြောမည့် စကားများကို စိတ်အား ထက်သန်စွာ နားထောင်နေမိလေသည်။

“သမီးလေး အဒေါ်မျက်နှာကို အသေအချာ ကြည့်





ခန့်မှန်းကြည့်စမ်းကွယ် အဒေါ်အသက် ဘယ်နှစ်နှစ် ာက် ရှိပြီလဲလို့”

ထိုမေးခွန်းသည် သူမ မျှော်လင့်ထားသည့် မေးခွန်း ဟုတ်။

ထို့ကြောင့် အနည်းငယ်တော့ ကြောင်အသွားမိလေ ည်။

ဒေါ်ခင်မှုံကို စတွေ့ကတည်းက အသက်ဘယ်လောက် ိုင်မလဲဟု တစ်ခါမှ မခန့်မှန်းမိဖူးပါ။ အမေ့ထက် မငယ် င်ဆိုသည့် အတွေးဖြင့်သာ အဒေါ်ဟု ခေါ်ခဲ့တာ ဖြစ်သည်။

ငွေစင်မေက ဒေါ်ခင်မှုံမျက်နှာကို သေချာစေ့ငုစွာ ကြည့်လိုက်မိသည်။

သွေးရောင်လွှမ်းခြင်း မရှိသည့် ဖြူဖပ်ဖပ် ခြောက်သွေ့ သွေ့ မျက်နှာပေါ်တွင် တွန့်ခေါက်နေသည့် နေရာများမှ ရေပြားများသည် ပြန်လည် ပြေလျော့သွားခြင်း မရှိပါဘဲ ရေးအကြောင်းများအဖြစ် နက်ရှိုင်းစွာ ထင်နေလေသည်။

နဖူးစပ်မှ ဆံပင်များသည် ခြောက်သွေ့နေပြီး ငွေ ခါင်ခေါင် ကွင်းပြင်၌ သေဆုံးနေသည့် မြက်ပင်များလို ်နေလေသည်။

ဆံပင်များ၏ အရောင်အဆင်းကလည်း မွဲနေ[...]
သည်။

ထိုဆံပင်များနှင့် ထိစပ်နေသည့် နဖူးပြင်ကတော့ ဝါတာတာ ပြာတာတာ အရောင်အဆင်းနှင့် အသက်မဲ့သည့် အသွင်ကို ဆောင်နေလေသည်။

သို့သော် ထိုအရာများနှင့် ဆန့်ကျင်ဘက် ဖြစ်နေတာ[...] တော့ ဒေါ်ခင်မွှေ၏ မျက်လုံးများပင် ဖြစ်၏။

မျက်လုံးများသည် ကြင်လင်တောက်ပပြီး အသက် အရွယ် ကြီးရင့်သူများတွင် တွေ့ရတတ်သည့် သွေးကြော[...] များလည်း ယှက်သန်းနေခြင်း မရှိ။

မျက်သားများသည် ဖြူစင်ပြာလဲ့နေပြီး စူးရှတောက်[...] သည့် မျက်စိသူငယ်အိမ်ကို ဝန်းရံထားကြလေသည်။

မျက်လုံးတစ်ခုတည်းကိုသာ ကြည့်မည်ဆိုလျှင် ဒေါ်ခင်မွှေကို သူမအနေဖြင့် အဒေါ်ဟု ခေါ်ရန်ပင် မသင့်ပါ[...] ဘာကြောင့်လဲဆိုတော့ ဒေါ်ခင်မွှေ မျက်လုံးများသည် အသက် နှစ်ဆယ်ဝန်းကျင် မိန်းမငယ် တစ်ယောက်၏ မျက်လုံးများ အဖြစ် နုပျိုလွန်းနေလို့ပဲ ဖြစ်လေသည်။

"ပြောလေ အဒေါ် အသက်ဘယ်လောက် ရှိပြီထင်





သလဲ"

"ကျွန်မ မခန့်မှန်းတတ်ဘူး"

"မခန့်မှန်းတတ်ဘူး ဟုတ်လား။ ဒါဆိုရင် သမီးရဲ့ အမြင်ကို ပြောကြည့်လေ"

ငွေစင်မေက သူမ၏ အမြင်ကို မဆိုင်မတွပင် ပြောပြလိုက်မိသည်။

"မျက်နှာသွင်ပြင်ကို ကြည့်လိုက်ရင်တော့ အသက်ငါးဆယ်နီးပါးလို့ ထင်မိရမလိုပဲ အဒေါ်။ ဒါပေမဲ့ မျက်လုံးတွေကိုတော့ ကြည့်ရတာတော့ သိပ်ငယ်လွန်း နုပျိုလွန်းတယ် ရှင့် အသက်နှစ်ဆယ် ဝန်းကျင် မိန်းမငယ် တစ်ယောက်ရဲ့ မျက်လုံးတွေအတိုင်းပါပဲ "

"ဒီလိုပဲ မြင်သလားကွယ်"

"ဟုတ်ကဲ့ ဟို... ကျွန်မပြောတဲ့ စကားတွေထဲမှာ အမှားပါခဲ့ရင် ခွင့်လွှတ်ပါနော်"

"သမီးလေးပြောတာ မမှားပါဘူးကွယ်။ စိတ်ဆိုးစရာ ဘာမှမရှိပါဘူး။ ဟုတ်တယ် သမီးလေးပြောတာ မှန်တယ်။ အဒေါ့်အသက်ကို အဒေါ် ကိုယ်တိုင်တောင် ခန့်မှန်းလို့ မရဘူးကွယ့်၊ ဘာကြောင့်လဲဆိုတော့ အဒေါ်ဟာ လွန်ခဲ့တဲ့

[illegible] အဒေါ်အသက် နှစ်ဆယ်တစ်နှစ် အရွယ်မှာ [illegible]"

"ရှင်..."

[illegible] ဦးခေါင်းက အသံက ဝီဝီမြည်လျက် ချာချာ [illegible]သွားရလေသည်။

[illegible]ကြားများ လွဲလေသလားဟု ထပ်မေးကြည့်လိုက်တော့ ဒေါ်ခင်မှူက အသေအချာ ထပ်ပြောသည်။

"ဟုတ်ပါတယ် သမီးလေး အဒေါ်ဟာ နှစ်ဆယ့်တစ်နှစ်အရွယ်မှာ သေဆုံးသွားခဲ့ပြီးတဲ့ လူသေတစ်ယောက်ပါပဲကွယ် အခုဆို အဒေါ်သေဆုံးသွားခဲ့ပြီးတာ အနှစ်နှစ်ဆယ်တောင် ရှိပြီလေ"

"ဘုရားရေ"

"လူတစ်ယောက်ရဲ့ အသက်ဟာ လူသေသွားတဲ့ အချိန်မှာ ရပ်တန့်ပစ်ရမယ် ဆိုရင်တော့အဒေါ် အသက်ဟာ နှစ်ဆယ့်တစ်နှစ်ပေါ့ အဲဒီလိုမှ မဟုတ်ဘဲ အသက်ကို ဆက်ရေတွက်ထားရမယ်ဆိုရင်တော့ အဒေါ်အသက် လေးဆယ့်တစ်နှစ်ပေါ့"

အံ့အားသင့်လွန်းလို့ ငွေစင်မေက ကိုယ့်ကိုယ်ကို ဘာ





တွေ ခံစားနေရသည် ဆိုတာကိုပင် သတိမထားနိုင်တော့ပါ။

ဒေါ်ခင်မှူပြောတာတွေကို ယုံရမလား မယုံရဘူးလား။

ဒေါ်ခင်မှူသည် သူမကို လိမ်ညာပြောမှာ မဟုတ်။ ထို့ကြောင့် ယုံကြည်သင့်သည်။

သို့သော် လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်တုန်းက သေဆုံးသွားပြီးသည့် လူတစ်ယောက် အခုသူမ ရှေ့တွင် စကားတွေပြောဆိုနေသည်ဆိုတာကတော့ ယုတ္တိမတန်ပါ။

"ကဲ... ဘယ်လိုလဲသမီးလေး အဒေါ်ပြောတာတွေကို ယုံရခက်နေပြီ မဟုတ်လား"

"ဟုတ်... ဟုတ်ကဲ့ ကျွန်မ ကျွန်မဟိုလေ ဘယ်လိုပြောရမလဲ"

တကယ်ပင် ငွေစင်မေသည် ဘာတွေဆက်ပြောရမည်နည်း မသိတော့ဘဲ အထစ်ထစ် အငေါ့ငေါ့နှင့်ပင် စကားကိုတစ်ဝက်တစ်ပျက်နှင့် ရပ်တံ့ထားလိုက်ရတော့သည်။

ဒေါ်ခင်မှူက သူမကို လက်ကာပြပြီး ဆက်ပြောပြလေသည်။

"နေဦး တဖြည်းဖြည်းနဲ့ သမီးသဘောပေါက်အောင် အဒေါ် ပြောပြနိုင်မှာပါ။ အဲ... အလုပ်သမား နောက်နှစ်

ယောက်လေး ချတို့လဲ အခေါ်လို သေပြီးသားတွေပဲကွဲ့၊ သူတို့
က အခေါ်ဆက်တောင် စောပြီးသေခဲ့ကြတာ”

“ရှင်...”

“ဟဲ... နောက်မှ ထပ်ပြောပြမယ် သမီးလေး၊ အခေ
ဒီအခန်းထဲကို အခေါ်ရောက်နေတာ အချိန်အရမ်း ကြာနေပြီ
တော့ ပြန်ထွက်မှ ဖြစ်တော့မယ်ကွယ့်”

“နေပါဦး အခေါ် အခေါ်ပြောတာတွေကို ကျွန်
သိပ် သိပ်သဘောမပေါက်ဘူး”

“နောက်တော့ သိလာမှာပါကွယ် ရော့ ဒီအမှုန့်ထုပ်
ကလေးကို ယူထားပြီးရင် လေးနာရီခြားတစ်ကြိမ် ပါးစပ်ထဲ
လဲထည့်ငုံ၊ နှာခေါင်းကလဲ ရှူသွင်းပေး၊ ဒါဆို ဟိုပန်းတွေ
ပန်းအိုးကို ပလတ်စတစ် အိတ်ထဲကနေ အပြင်ထုတ်ထာ
လို့ရပြီ သမီးလေးကို အဆိပ်သင့်မှာ မဟုတ်တော့ဘူး”

ပြောရင်း ဆိုရင်းနှင့်ပင် ဒေါ်ခင်မှုံသည် ပန်းအိုးကထေ
ကို ပလတ်စတစ် အိတ်ထဲမှ ထုတ်လိုက်ပြီး သူမ အိပ်ယာ
နံဘေးရှိ စင်ကလေးပေါ်သို့ အသာ ပြန်တင်ထားလိုက်လေ
သည်။

ထူးဆန်းတာက ဒေါ်ခင်မှုံပေးသည့် အမည်ရောင်





ဆေးမှုန့်များကို ရှူရှိုက်ထားသည့် သူမသည် သေမင်းစိုက်
သည့်ပန်း (သို့ပဟုတ်) အဆိပ်ပန်း၏ စူးရှမွှေးပျံ့သည့် ရနံ့
ကို လုံးဝ မရရှိတော့ခြင်းပဲ ဖြစ်သည်။

“ဒီမှာ အခေါ်ပြောတာတွေကို ရင်ထဲမှာပဲ ထားနော်
တစ်ယောက်ယောက်ကို သွားမမေးလိုက်နေနဲ့ ဒုက္ခရောက်
သွားလိမ့်မယ်”

“ဟုတ်...”

“အစာကိုလဲ စားလိုက်ဦး သမီးလေး၊ အားအင်ရှိမှ
အရာရာကို ရင်ဆိုင်နိုင်မှာကွယ့်”

“ဟုတ်...”

အဲဒီနောက်မှာတော့ ဒေါ်ခင်မှုံသည် သူမ အခန်းထဲမှ
လျင်မြန်စွာ ထွက်ခွာသွားလေတော့သည်။

အတွေးပေါင်းစုံ ထင်မြင်ချက်ပေါင်းစုံဖြင့် မူးနောက်
နေစွာ ကျန်ရစ်ခဲ့ရတာကတော့ ငွေစင်မေပဲ ဖြစ်လေသည်။

* * *

# အခန်း (၁၅)

ထိုနေ့နံနက်ပိုင်းကတည်းက သူမ အခန်းထဲမှ ထွ
သွားခဲ့သည့် ဒေါ်ခင်မှုသည် ညနေအထိ ရောက်မလာတော့ပါ
ငွေစင်မေကတော့ ဒေါ်ခင်မှု ပြောသွားသည့် စကားမျ
ကို အပြန်ပြန် အလှန်လှန် စဉ်းစားရင်း ကြောက်စိတ်များ
ဖြင့် မွန်းကျပ်နေရတော့၏။

လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်တုန်းက သေထားပြီးပြီဆို
ဒေါ်ခင်မှုဟာ အခု ဘာကြောင့် ရှင်သန်နေရတာလဲ။

ဘာအကြောင်းကြောင့် သေဆုံးခဲ့ပြီ ဘယ်လိုကြော
ပြန်ရှင်လာခဲ့တာလဲ ဒေါ်ခင်မှု တစ်ယောက်တည်း မဟုတ်
ကျန်တဲ့အိမ်ဖော် နှစ်ယောက်သည်လည်း သေဆုံးသွားပြီးသ





တွေ့ပါဟု ဒေါ်ခင်မှုက ပြောပြသွားခဲ့သည်။

ဒါဆို ဒေါ်ခင်မှုတို့ကို သေအောင် ရှင်အောင် ဖန်တီးနေတာ ဘယ်သူလဲ။ ဘယ်လို ရည်ရွယ်ချက်နဲ့ လုပ်နေတာလဲ။ အတွေးကြောင့် ငွေစင်မေက အမေ့အတွက် စိုးပူရပြန်သည်။

တကယ်တော့ လက်တလော သူမ နေထိုင်ရတာလဲ အကျယ်ချုပ်သဘောပဲ ဖြစ်သည်။ သူမသဘောနှင့် အခန်းအပြင်သို့ ထွက်ခွင့်မရှိ အမေနှင့်အတူ သွားနေခွင့်လည်း မရ ထမင်းစားတာပင် အခန်းထဲမှာပဲ စားရတာဖြစ်သည်။

အိမ်ကြီးထဲကနေ ခြံထဲ ဆင်းခွင့်ပင် တစ်ကြိမ်မှ မရရှိသေးပါ။ ခြံဝင်းအပြင် ထွက်ရဖို့ကတော့ အိမ်မက်ပင် မက်ခွင့် မရသေးတာ သေချာသည်။

သူမကို ဘာကြောင့် အခုလို လုပ်ထားရတာလဲဆိုတာကိုတောင် သိခွင့်မရှိခဲ့ပါ။ လူသေမျက်နှာတွေကို ပိုင်ဆိုင်ထားသည့် အိမ်ဖော်မိန်းမများကလည်း သူမ မေးတာကို အဖြေမပေးနိုင်။

အဖြေပေးနိုင်မည့် ဦးစံဝ်ရွှေကြာနှင့်လည်း တွေ့ခွင့်မရဘဲ အခြေအနေက ဒေါသဖြစ်စရာ ကောင်းလွန်းလှသည်။

လောလောဆယ်တွင် ဒေါ်ခင်မှု ထပ်ပြောပြမည့်

စကားများကို နားထောင် ချင်လွန်းလှသည့်အတွက် သူမက နေမထိ ထိုင်မသာ ဖြစ်နေဆဲ တံခါးဖွင့်သံ ကြားရပြီး အခန်းထဲသို့ အိမ်ဖော် မိန်းမ တစ်ယောက်ဝင်လာလေသည်။

သူမက ဒေါ်မေတင် နောက်တစ်ယောက်က ဒေါ်သက်လယ်ဟု သူမ သိထားသည်။

ဒေါ်ခင်မှူ မဟုတ်သည့်အတွက် သူမက စိတ်ပျက်မိသွားပြီး ထိုမိန်းမကို စကားတစ်ခွန်းမှ မပြောဘဲ ကြည့်နေလိုက်၏။ အသေအချာ ကြည့်မိတော့မှပင် ထိုမိန်းမကြီးသည် ဒေါ်ခင်မှူ ထက်ပင် ပို၍ လှသေကောင်နှင့် တူနေသေးတော့သည်။

ဝါတာတာဖြစ်နေသည့် အသားအရေ ပြာနှမ်းနှမ်း နှုတ်ခမ်း ခြောက်သွေ့နေသည့် ဆံပင်သေများ ပြာနှမ်းရုံမက ပဲ အမည်းရောင်ဘက်သို့ သမ်းနေသည့် လက်သည်းခွံကြီးများ။

ကြည့်နေရင်း ကျောချမ်းလာသည့်အတွက် သူမက ကမျာကယာပင် မျက်နှာလွှဲပစ်လိုက်ရ၏။

ထိုအမျိုးသမီးသည် သူမ လုံးဝစားသောက်ထားခြင်း မရှိသည့် မနက်စာ ထမင်းဟင်းများကို တိတ်ဆိတ် အေးစက်စွာ သိမ်းဆည်းပြီး သူထပ်မံ ယူဆောင်လာသည့် ညစာ ထမင်းဟင်းများအား စားပွဲပေါ်တွင် ပြင်ဆင်နေလေသည်။





မနက်စာထမင်းကို သူမ စားမထားခြင်းအတွက် တင်း မေးခြင်းလည်းမပြု အစားစားရန် တိုက်တွန်းခြင်း ည်း မရှိပဲ။

"ညစာ စားလို့ရပါပြီ မမလေး"

ဆိုသည့် စကားကို အနိမ့်အမြင့်မရှိ ရွတ်လျက်အခန်း မှ ပြန်ထွက်သွားလေတော့သည်။

ထိုမိန်းမကြီးသည်လည်း သေထားပြီးသူ တစ်ယောက် သည်ဆိုသော အသိသည် သူမကို ကြက်သီးဖျန်းဖျန်း စေပြီး အော်ဂလီဆန်လာစေသည်။

ဒါဆို သူမနေ့စဉ်နှင့်အမျှ ထိတွေ့နေရသည့် မိန်းမကြီး ယောက်သည် သေပြီးမှ ပြန်ထ၍ လှုပ်ရှားရှင်သန်နေကြ သာ ဖုတ်ကောင်ကြီးတွေလား။

အခု သေဆုံးနေသည့် ရွှေစင်ကရော ဖုတ်ကောင်အဖြစ် ပြန်ထလာဦးမှာလား။

နေပါဦး ဒီလောကမှာ လူသေပြီးမှ ပြန်ထလာတဲ့ ကောင်ဆိုတာရော တကယ်ရှိရဲ့လား။ ရှိနိုင်ရဲ့လား။ နိုင်ရဲ့လား။ ဒါဟာ ရူးသွပ်နေတဲ့ မိန်းမကြီးတစ်ယောက် စိတ်ထင်ရာ လျှောက်ပြောနေတဲ့ စကားတွေ မဖြစ်နိုင်

ဘူးလား။

တကယ်တော့ ဘာမှန်းမသိဘဲ ဟိုလိုဟုတ်နိုးနိုး သည် ဖြစ်လိမ့်နိုးနိုး တွေတောကြည့်ရတာလောက် စိတ်ပင်ပန်း ဘာမှ မရှိနိုင်။

မနက်စာ စားသောက်မထားဘဲ ရေသောက်ပြီး စိတ် သာ အပြင်အထန် အလုပ်ပေးထားသည့်အတွက် ငွေစင် အဆမတန် မောပန်းဆာလောင်နေလေပြီ။

စားပွဲပေါ်တွင် အငွေ့တထောင်းထောင်း ထမြော စားသောက်ဖွယ်ရာများ ရှိသည်။ သူမ ကိုယ်တိုင် ဆာလောင်နေသည်။ သို့သော် ထိုစားစရာများကို ဘယ် မှ စားလို့မရဘဲ ဖြစ်နေလေသည်။

ထိုအရာများကို သေပြီးသား လူတွေက ချက်ပြုတ် ခြင်းဖြစ်သည်ဆိုသော အတွေးသည် သူမ၏ ဆာလောင် များကို ချိုးဖဲ့ ဖျက်ဆီးပစ်စေတော့သည်။

ဆာလောင်လွန်းသည့်အဆုံး သူမက ငှက်ပျောသီး သစ်တော်သီး တချို့ကို ရေအထပ်ထပ် ပြန်ဆေးကာ ပစ်လိုက်ရလေသည်။

ရေပုလင်းထဲမှ ရေကို သောက်ရတာပင် စိတ်





မသတီဘဲ မနည်းမျိုချရ၏။

အစာနည်းနည်း ဝင်သွားတော့မှ မဒေါ်ခင်မှုံ ပေးထားသည့် အမည်းရောင် အမှုန့် အနည်းငယ်ကို ပါးစပ်ထဲလည်း ထည့်နှာခေါင်းမှလည်း ရှူသွင်းပြီး သူမကလှဲလျောင်း အနားယူ နေလိုက်သည်။

ခန္ဓာကိုယ်ကို ငြိမ်သက်နေလိုက်သော်လည်း စိတ်တွေ ကတော့ ဘယ်လိုမှ မငြိမ်နိုင်။ ဦးစံရွှေကြာ၏ အကြောင်း ကို တွေးလိုက် အိမ်ဖော် အမျိုးသမီးများ၏ အကြောင်းကို တွေးလိုက် ရွှေစင်နှင့် အမေ့အကြောင်းကို တွေးလိုက်နှင့် လုံးချာလည်နေသည်။

အရောင်ဆန်းဆန်း ရနံ့မွှေးမွှေးနှင့် အဆိပ်ပန်းတွေ အကြောင်းကိုလည်း တွေးမိသည်။ တကယ်တမ်းကြတော့ သူမ၏ အတွေးများသည် ရေရာခိုင်မာမှု မရှိဘဲ ယောင်တောင် တောင်တွေပဲ ဖြစ်နေလေသည်။

အခုထိ သူမသည် ဘာတစ်ခုကိုလည်း သေသေချာချာ ရေရေရာရာ မသိရသေးပါ။ ရွှေစင် ဘာကြောင့် သေဆုံးရ သည်ကိုလည်း မသိရသေး အမေ့အခြေအနေကိုလည်း မသိ ရသေး။ အဲဒီလိုပင် သူမ၏ ကံကြမ္မာကိုပင် သူမကိုယ်တိုင်

မခန့်မှန်းနိုင်သေးတာ အမှန်ပင် ဖြစ်သည်။

ဒီလို အနေအထားမှာ သူမက ဘယ်သူ့အတွက် ဘာတွေ လုပ်နိုင်မှာတဲ့လဲ။

ဦးစဝ်ရွှေကြာ ဘယ်မှာ ရှိနေသလဲ။ ဘာတွေ လုပ်နေသလဲ။ ထိုလူကြီးနှင့် မျက်နှာချင်းဆိုင် တွေ့ချင်မိသည်။

သို့သော် ထိုအခွင့်အရေးကို သူမရနိုင်သေးပါ။

ထိုလူကြီးကို တွေ့ဖို့ရှာဖွေရအောင်မည် သူမသည် အခန်းထဲမှပင် ထွက်ရသူမဟုတ်။

ဘာကြောင့် ဒီလို အခြေအနေတွေကို ကြုံတွေ့နေရတာလဲ စဉ်းစားလို့ မရအောင်ပင် ဖြစ်နေတော့သည်။

တွေးရင်း တွေးရင်း မောပန်းစွာဖြင့် မှေခနဲ တစ်ချက် အိပ်ပျော်သွားသည့် အချိန်မှာပင် အခန်းတံခါး ဖွင့်သံကြောင့် သူမက အလန့်တကြားဖြင့် နိုးသွားရလေသည်။

သို့သော် တံခါးဖွင့်သူကို သူမက စိတ်မဆိုးမိပါ။

ဘာကြောင့်လဲဆိုတော့ တံခါးဖွင့်ပြီး အခန်းထဲသို့ ဝင်လာသူသည် ဒေါ်ခင်မှုံ ဖြစ်နေလို့ပဲ ဖြစ်သည်။

* * *



## အခန်း (၁၆)

"လာ… သမီးလေး အဒေါ်နောက်ကို လိုက်ခဲ့"

ဒေါ်ခင်မှုံက လေသံလေးဖြင့် ပြောလိုက်ခြင်း ဖြစ်သည်။

အမှန်အတိုင်း ဝန်ခံရလျှင် ညဘက်ကြီး ဒေါ်ခင်မှုံနောက်မှ လိုက်သွားဖို့ဆိုတာ သူမအတွက် မဟာစွန့်စားခန်းပဲ ဖြစ်လေသည်။

လိုက်သွားဖို့အတွက် တွန့်ဆုတ်သည့်စိတ်နှင့် သိချင်သည့် စိတ်များက လွန်ဆွဲကြတော့သည်။

နောက်ဆုံးမှာတော့ သူမ မသိသေးသည့် အကြောင်းအရာများအား သိလိုသည့် စိတ်က အနိုင်ရသွားပြီး ဒေါ်ခင်မှုံ

နှင့်အတူ ထွက်လိုက်လာ ဖြစ်သွားတော့သည်။

အခန်းထဲမှ အပြင်သို့ ထွက်လိုက်တာနှင့် တိတ်ဆိတ်
ငြိမ်သက်ခြင်းက သူမကို ဆီးကြိုလေသည်။

စင်္ကြံလမ်းတွင် မီးထွန်းထားခြင်း မရှိသော်လည်း
မှောင်ပိန်းမနေပါ။

ဒေါ်ခင်မူသည် သူမကို ရှေ့မှ ဦးဆောင် ခေါ်သွားလျက်
ရှိပြီး ဘယ်နေရာကို သွားမည်ဆိုတာကိုတော့ မပြောသေးပါ။

စိတ်လှုပ်ရှားလွန်းလို့ ကိုယ့်နှလုံးခုန်သံကိုပင် ဖုံးပေါက်
ကွဲသံသဖွယ် ကျယ်လောင်စွာ ကြားနေရသည့်အတွက်ငွေစင်မေ
ကိုယ်တိုင်လည်း စကားမပြောနိုင်။

အခန်းအတော်များများကို ကျော်ပတ်၍ သွားရ၏။

စင်္ကြံကိုဆုံးအောင် လျှောက်သွားပြီး နောက်မှာတော့
ရှေ့ဆက်စရာ လမ်းမရှိတော့ဘဲ သော့ခတ်ထားသည့် တံခါး
ကြီး တစ်ချပ်ကို တွေ့ရလေသည်။

ဒေါ်ခင်မူသည် အသင့်ပါလာသည့် သော့ချောင်းနှင့်
သော့ခလောက်ကို ဖွင့်လိုက်လေသည်။ သော့ကြီးကို အလွယ်
တကူ ဖွင့်မရတာကိုကြည့်ပြီး မဖွင့်တာကြာသည့် တံခါး
ကြီးပဲ ဖြစ်မည်ဟု သူမက တွက်ဆလိုက်မိသည်။





သော့ဖွင့်လို့ ရတော့လည်း တံခါးရွက်ကြီးကို အတော်
းစိုက်၍ ဆွဲဖွင့်ရလေသည်။ တံခါးပွင့်သွားတာနှင့် နက်ရှိုင်း
ာ အမှောင်ကို တွေ့ရပြီး ငွေစင်မေက ဒူးတုန်ချင်သွား
သည်။

“လာ… နောက်ကလိုက်ခဲ့”

သူမ ဘာမှမပြောနိုင်ခင်မှာပင် ဒေါ်ခင်မူက အမှောင်ထဲ
ကိုးဝင်သွား၏။ ရပ်ကျန်ရစ်ခဲ့ဖို့ မဖြစ်နိုင်သည့်အတွက်
ကြောက်လန့်တကြားပင် သူမက ဒေါ်ခင်မူ နောက်မှ လိုက်
တော့သည်။

အမှောင်ထဲသို့ သူမ ဝင်လိုက်တာနှင့် ဒေါ်ခင်မူက
းလံသော တံခါးရွက်ကြီးကို ပြန်ဆွဲ ပိတ်လိုက်သည့်
တွက် တစ်သက်နှင့်တစ်ကိုယ် တစ်ကြိမ်တစ်ခါမှ မကြုံ
သည့် အမှောင်ကြီးထဲသို့ သူမက ရောက်သွား ရလေတော့
ည်။

ကြောက်လန့်တကြား မျက်လုံးကို အစွမ်းကုန် ပြူးထား
ဲ ဘာဆိုဘာမှ မမြင်ရ။

ကိုယ့်အသက် ရှူသံကိုပဲ ကျယ်လောင် ပြင်းထန်စွာ
ကြားနေရလေသည်။

ဘာမှန်းညာမှန်း မသိနားမလည်ဘဲ ဒေါ်ခင်မှုံ
လိုက်လာခဲ့မိတာ မှားပြီလားဟု နောင်တအတွေးကို တွေး
ဆဲ ဒေါ်ခင်မှုံသည် အေးစက်စက်လက်ကြီးဖြင့် သူမ လ
မောင်းကို ဆုပ်ကိုင်လိုက်လေ၏။

"အမလေး..."

အလန့်တကြား အော်လိုက်မိသည့် ငွေစင်မေ အသံ
ပဲ့တင်သံတွေဖြစ်ပြီး အတော်နှင့် မရပ်နိုင်။

ဒီတော့မှပဲ သူမ ဝင်လိုက်သော နေရာသည် သာ
အခန်းတစ်ခန်း မဟုတ်ဘဲ လိုဏ်ခေါင်းတစ်ခု ဖြစ်နိုင်သည်
တွေးမိတော့သည်။

"ကြောက်နေလား သမီးလေး။ မှောင်ပေမဲ့ ကြော
စရာ မရှိပါဘူး"

"ဟုတ် ဒါ... ဒါမြေအောက်ခန်းကို ဆင်းနေတာ
အဒေါ်"

"မဟုတ်ဘူး အပေါ်တက်ရမှာ၊ လာအဒေါ့်ခါးကို
ပြီးလိုက်ခဲ့"

ရှုံ့တွန့်တွန့် ဖြစ်မိသော်လည်း မတတ်နိုင်ဘဲ ငွေစ
က ဒေါ်ခင်မှုံ၏ အင်္ကျီပွပွကြီးကို ခါးနေရာမှ ဆွဲကိုင်





ထက်ကြပ်မခွာ လိုက်ရလေတော့သည်။

အမှောင်ကြောင့် နောက်ကျောမလုံသလို ဘေးဘီကို
လည်း စိတ်မချ ဘယ်နေရာကနေ ဘာကြီးတွေ ထွက်လာလေ
မလဲ ဆိုသည့်အတွေးသည် သူမကို အတော် ဒုက္ခပေးနေလေ
၏။

"ကျွန်... ကျွန်မတို့ ဘယ်ကိုသွားနေတာလဲဟင်"

ထိုမေးခွန်းကို မေးသည့်အချိန်တွင် သူမ၏ ခြေထောက်
များသည် အေးစက်သော လှေကားထစ် ကြမ်းကြမ်းများပေါ်
စတင် နင်းဖြတ်နေရပြီ ဖြစ်သည်။

"ရှူး... စကားမပြောနဲ့"

ဒေါ်ခင်မှုံက သူမကို တားမြစ်သည်။

ငွေစင်မေက သတိကြီးစွာထားပြီး လှေကားထစ်များ
ကို ရေရွတ်မှတ်သား ကြည့်သော်လည်း မအောင်မြင်ပါ။

စိတ်လှုပ်ရှားလွန်းနေသည့်အတွက် တစ် နှစ် သုံး
လေး ရေတွက်ရတာပင် ကဘောက်တိ ကဘောက်ချာ ဖြစ်နေ
တော့သည်။

ဒူးတွေ တဆတ်ဆတ် တုန်နေသည့်အတွက် ခဏခဏ
လဲပြိုကျတော့မလိုမျိုးလည်း ဖြစ်နေသေးသည်။

စိတ်ကို လွှတ်ပေးထားသောကြောင့် အကြောက်တရားက အတိုင်းအဆမရှိ ဖိစီးနှိပ်စက်လာသည်မှာ ကြောက်တာနှင့်ပင် ဘုန်းဘုန်းလဲကျ သေဆုံးရတော့မလို ခံစားလာရလေ၏။

အဲဒီအခါကျတော့မှ ငွေစင်မေက ဖြစ်ချင်ရာ ဖြစ်ပါစေတော့ အတတ်နိုင်ဆုံး ရင်ဆိုင်ပစ်လိုက်မည်ဟု စိတ်ကို လျှော့ချပေး၍ သက်သာရာ ရရတော့သည်။

ကြုံချင်ရာသာကြုံ။

ဖြစ်ချင်ရာသာဖြစ်၊ သေသွားရင်လည်း သေပါစေတော့ ဆိုသည့်စိတ်ကို မွေးမြူ ပစ်လိုက်တော့မှ ကြောက်စိတ်တွေက အနည်းငယ် လျော့ပါးသွားရတော့သည်။

ဒီတော့မှ ဒူးတုန်နေတာပါ သက်သာသွားပြီး ခဏခဏ လဲကျမလိုလည်း မဖြစ်တော့ပါ။ အသက်ကိုတော့ ဝအောင် မရှူရဲ အသိစိတ်ဖြင့် ကြောက်လန့်နေသေးလို့ပဲ ဖြစ်ပါလိမ့်မည်။

"ရပ်တော့..."

ဒေါ်ခင်မှူ အမိန့်ပေးသည့်အတိုင်း သမက ရပ်လိုက်မိသည်။





အမှောင်ထဲတွင် ဒေါ်ခင်မှူ ဘာတွေလုပ်နေသည်ကို မြင်ရ ငါးမိနစ်လောက် ကြာအောင် ရပ်နေပြီးတော့မှ ကျီ'ခနဲ တံခါး ပတ္တာသံကို ကြားလိုက်ရပြီး မှုန်မွှားမွှား လင်းရောင်က သူမ ဦးခေါင်းပေါ်တွင် ပေါ်လာ၏။

နောက် လေအေးများကလည်း သူမ၏ ခန္ဓာကိုယ်ကို တွန်းတိုက်သွားတော့သည်။

"လာ သမီးလေး"

ငွေစင်မေက ဒါအိမ်ကြီး အပြင်ဘက်ကို ထွက်တာပဲဟု ထင်လိုက်တာနှင့် သူမကို ဒေါ်ခင်မှူ ကယ်ထုတ်လာတာများ လားဟု ဝမ်းသာအားရ တွေးမိပြန်သည်။

ပွင့်သွားသည့် အပေါက်မှ ဒေါ်ခင်မှူက အလျင်တက်ပြီး သူမက နောက်မှ လိုက်တက်သည်။ အပြင်သို့ လွတ်လွတ် ကျွတ်ကျွတ် ရောက်သွားတော့မှပဲ သူမ ရောက်နေသည့် ပတ်ဝန်းကျင်ကို ကြည့်ပြီး ငွေစင်မေက လိပ်ပြာလွင့်စဉ် မတတ် ဖြစ်သွားရတော့၏။

"မြတ်စွာဘုရား သင်္ချိုင်းကုန်းကြီးထဲကို ရောက်နေတာ ပါလား"

အလန့်တကြား အော်ဟစ်ပစ်လိုက်ပေမဲ့ အသံက ထွက်

မလာ။

လကွေးကွေးလေး၏ အလင်းရောင် မှုန်မွှားမွှား အောက်တွင် သချိုင်းကုန်း သချိုင်းဂူများက တစ္ဆေကြီးတွေ ငုတ်တုတ် ထိုင်နေသည့်အလား ထင်မှတ်ရလေသည်။

တောင်ကုန်းထိပ် ဖြစ်သည့်အတွက် လေများက တဟူး ဟူး တရားရား တိုက်ခတ်နေပြီး ပန်းနွယ်ပင်များက တရှေ ယိမ်းကနေသည် ထင်ရလေသည်။

အလင်းရောင် မှုန်မှုန်အောက်တွင် တွေ့ရသည့် ဒေါ်ခင်မှုံ၏ ပုံစံကပင် ကြောက်လန့်စရာ ဖြစ်နေလေသည်။

"ကျွန်မ... ကျွန်မကို ဘယ်ခေါ်လာတာလဲဟင်"

သူမ အသံကရုပ်ပျက်ဆင်းပျက် ဖြစ်နေသော်လည်း ဒေါ်ခင်မှုံကတော့ ခပ်အေးအေးပဲ ပြန်ပြောသည်။

"ညကြီး အချိန်မတော် ဒီလိုနေရာကို လာရတယ် ဆိုတော့ သမီး ကြောက်နေမှာပေါ့လေ။ နေ့ခင်းဘက် လာဖို့ ဆိုတာ လုံးဝ မဖြစ်နိုင်လို့ ညဘက်မှာ ခေါ်လာရတာပါတယ် တကယ်တော့ သချိုင်းဟာ ကြောက်စရာ မရှိပါဘူး သမီးရယ် လာ... လာ အခေါ် သမီးကို ပြစရာရှိတယ်"

"အဒေါ်"





"ဘာမှ မမေးနဲ့ဦး။ သမီးလေး အဒေါ်ပြောတာတွေကိုပဲ ားထောင်ထားစမ်းပါ တို့အတွက် အချိန်က သိပ်မရှိဘူး"

သူမက ဘာမှမပြောသာဘဲ ဖြစ်သွား ဆဲ။ ဒေါ်ခင်မှုံက တစ္ဆေကြီး ငုတ်တုတ်ထိုင်နေသ ပုံမျိုး ဖြ နေ ည့် အုတ်ဂူ တွေဆီသို့ သူမကို ဦးဆောင် ခေါ်သွား လေ တော့သည်။

အုတ်ဂူတွေဆီ ရောက်သွားတော့မှ တစ်ပုံစံတည်း ဆောက်ထားသည့် အုတ်ဂူလေးလုံးကို သူမက အံ့အားသင့်စွာ တွေ့လိုက်ရလေ၏။

ထိုအချိန်မှာပင် ဒေါ်ခင်မှုံက ပိုမို အံ့ဩစရာကောင်း သည့် အကြောင်းအရာကို ပြောပြလေသည်။

"ဟောဒီ... အုတ်ဂူပုံစံတူးလေးလုံးဟာ ဦးစဝ်ရွှေကြာရဲ့ ဇနီးတွေရဲ့ ဂူတွေပဲကွဲ့"

"ရှင်... ဒီ ဒီလူကြီးဆီမှာ မိန်းမတွေ အများကြီးရှိတယ် လား"

"အများကြီး ဟုတ်တယ် သူမသေခင်မှာ နောက်ထပ် အိမ်ထောင် ဘယ်လောက် ထပ်ပြုမယ်ဆိုတာ ဘယ်သူမှ မပြောနိုင်ဘူးလေ"

ရွှေစင်အတွက် ယူကျုံးမရ ခံစားနေဆဲ ဒေါ်ခင်မှုံက

ပြောသည်။

"ကဲ... အုတ်ဂူပေါ်က နာမည်တွေကို ဖတ်ကြည့်ရ
အောင်"

ပြောပြောဆိုဆိုပင် ဒေါ်ခင်မှုံက ရင်ဘတ်ကြားထဲ
ဖောင်တိန်အရွယ် လက်နှိပ်ဓာတ်မီးကလေးကို ထုတ်ယူပြီ
ထိပ်ဆုံးဂူကို မီးထိုးပြလေသည်။

မီးရောင်ဖြင့် မြင်ရသည့် ကမ္ပည်းစာကို ငွေစင်မေက
အသံထွက် ဖတ်လိုက်၏။

"မသက်သက်လယ် အသက် နှစ်ဆယ့်နှစ်"

မြတ်စွာဘုရား။

ဒါ အိမ်ဖော်မိန်းမကြီး ဒေါ်သက်လယ် ဆိုတာလား

သေဆုံးသည့် နေ့စွဲကို ဖတ်ကြည့်လိုက်တော့ လွန်ခဲ့
သည့် နှစ်အစိတ်က နေ့စွဲ ဖြစ်နေသည်။

"အဒေါ် ဒါ... ဒါ ဦးစဝ်ရွှေကြာရဲ့ အလုပ်သမာ
ဒေါ်သက်လယ်လားဟင် သူ သူ သေပြီးမှ ပြန်ထလာတာ
လား"

ဒေါ်ခင်မှုံက ဘာမှမပြောပဲ ခေါင်းညိတ်ပြသည်။

ပြီးတော့ ဒုတိယ အုတ်ဂူကို မီးထိုးပြသည်။





ငွေစင်မေကလည်း အသံထွက်၍ ဖတ်လိုက်ပြန်သည်။

"မမေမေတင် အသက် ဆယ့်ကိုးနှစ်"

သေဆုံးသည့် နေ့စွဲက လွန်ခဲ့သည့် နှစ်ဆယ်သုံးနှစ်က
နေ့စွဲဖြစ်၏။

ဘုရား ဘုရား။

ဒီတစ်ခါတော့ ငွေစင်မေက မတ်တတ်မှ လဲကျမသွား
ရအောင် ကိုယ့်ကိုယ်ကို အနည်း ထိန်းမတ်ထားရလေတော့
သည်။

ဒါ... ဒါဟာလည်း အိမ်ဖော်မိန်းမကြီး ဒေါ်တင်မေပဲ
ပေါ့။

သူမ ဘာမှမပြောနိုင် မမေ့နိုင်ပင်မှာပင် ဒေါ်ခင်မှုံက
တတိယ အုတ်ဂူကို မီးထိုးပြပြန်၏။

"မခင်ခင်မှုံ အသက် နှစ်ဆယ့်တစ်နှစ်"

သေဆုံးသည့် နေ့စွဲက လွန်ခဲ့သည့် အနှစ်နှစ်ဆယ်။

ကြည့်စမ်း...

ဒီမိန်းမ သုံးယောက်စလုံးဟာ သေထားပြီးသားတွေပဲ
သေပြီးမှ ပြန်ထလာတဲ့ ဖုတ်ကောင်ကြီးတွေ လူသေကောင်
ကြီးတွေပဲ။

ဆောက်တည်ရာမဲ့နေသည့် သူမကို ဒေါ်ခင်မွှံက သတိပေးသည်။

"သမီးလေး စိတ်ကို အေးအေးထားနော် သမီးဘာမှ မကြောက်ဖို့ အဒေါ်တာဝန်ယူတယ်"

"နေဦး ဒီဂူ ဒီဂူက ဘယ်သူ့ဂူလဲ"

သူမ၏ မေးခွန်းကြောင့် ဒေါ်ခင်မွှံက နောက်ဆုံး အုတ်ဂူကို မီးထိုးပြလေသည်။

"မရွှေစင်မေ အသက် နှစ်ဆယ့်နှစ်နှစ်"

ဒီတစ်ခါတော့ သူမက သတိလက်လွတ်ပင် သချိုင်းမြေပေါ်သို့ အရုပ်ကြိုးပြတ် ပစ်ကျသွားရလေတော့၏။

* * *



# အခန်း (၁၇)

လေအေးတစ်ချက် အသုတ်တွင် ညဥ့်ငှက်အော်သံ ...ကို ကျယ်လောင်စွာ ကြားရသည်။

ငွေစင်မေနှင့် ဒေါ်ခင်မွှံသည် ကျောက်တုံး တစ်တုံးစီ ...၌ မျက်နှာချင်းဆိုင် ထိုင်နေကြလေ၏။

အခုအချိန်တွင် ငွေစင်မေ၏ စိတ်များသည် လှုပ်ရှား ...ဝေမနေတော့ဘဲ တည်ငြိမ်စ ပြုနေပြီး ကြောက်စိတ်များ ...သည် ပျောက်ကွယ်သွားပြီ ဖြစ်သည်။

သေချာတာကတော့ ဒေါ်ခင်မွှံပြောမည့် စကားများကို ...ထောင်ရန်အတွက် သူမဘက်မှ အသင့်ဖြစ်နေခြင်းပင် ...လေသည်။

"အဲဒီ အုတ်ဂူလေးလုံးဟာ တစ်ပုံစံတည်းနဲ့ အတူတူ

ရှိနေတယ်ဆိုတော့"

ထိုစကားကို သူမ စပြောလိုက်ခြင်း ဖြစ်သည်။

"ဟုတ်တယ် အဲဒီ အုတ်ဂူလေးလုံးစလုံးမှာ သဂြိုဟ်
မယ့် မိန်းကလေးတွေ အားလုံးဟာ ဦးစဝ်ရွှေကြာရဲ့ တရား
ဇနီးမယားတွေချည်းပဲပေါ့"

"ရှင်…"

"ဟုတ်တယ် သက်သက်လယ် မေမေတင် ခင်ခင်
အခု နောက်ဆုံး ရွှေစင်မေ အားလုံးဟာ ဦးစဝ်ရွှေကြာ
ဇနီးတွေချည်းပဲပေါ့ အားလုံးဟာလဲ သူနဲ့ လက်ထပ်ပြီး
တစ်လမကျော်ခင် အချိန်မှာ ရုတ်တရက် သေသွားရ
သူတွေချည်းပဲ"

"ဒါ ဒါဆို သေပြီးမှ ဘာကြောင့် ပြန်ထလာနိုင်ရတာ
လဲ"

ဒေါ်ခင်မှုံက ခေါင်းခါယမ်းပြ၏။

ပြီးတော့ ခပ်တိုးတိုးပဲ ဖြေသည်။

"မသိဘူး"

"အဒေါ် ပြန်ရှင်လာတာ ဘယ်လောက် ကြာပြီလဲဟာ
ပြီးတော့ အုတ်ဂူထဲက ဘယ်လို ထွက်လာတာလဲ။ ဘာကြော





ဒီလို အသက်ပြန်ရှင်လာတာကို လူတွေသိအောင် မကြိုးစား
တာလဲ။ ဘာကြောင့် ဦးစဝ်ရွှေကြာဆီမှာ အလုပ်သမား
တစ်ယောက်အဖြစ် နေနေရတာလဲ။ အဲဒီ လူကြီးက အဒေါ်
တို့ကို သူ့ဇနီးအဖြစ် မသတ်မှတ်တော့ဘူးလား"

မေးခွန်းများစွာကို တောက်လျှောက် မေးလိုက်ရသည့်
သူမက မောပန်းသွားသည်။

"အဒေါ်တို့က သေပြီးသားတွေပဲကွယ့်၊ သူ့ဇနီး ဘယ်
ဖြစ်တော့မှာလဲ။ သေပြီး ဆယ့်ငါးနှစ်လောက်ကြာမှ သင်္ချိုင်း
က ပြန်ထလာတဲ့ လူတစ်ယောက်ကို လူ့ပတ်ဝန်းကျင်
အသိုင်းအဝိုင်းက သာမန်လူတစ်ယောက်အဖြစ် လက်ခံမှာ
တဲ့လား။ ဒီတော့ သူ့အနားမှာပဲ အစေအပါးအဖြစ် နေရတာ
ပေါ့"

"ဟင်… ဒါဆို သေပြီးဆယ့်ငါးနှစ်ကြာမှ အဒေါ်က
ပြန်ထလာခဲ့တာပေါ့ ဟုတ်လား။ ဒါဆိုရင် အဒေါ်ပြန်ရှင်လာ
တာ ငါးနှစ်ပဲ ရှိသေးတာပေါ့ ဟုတ်လား"

"ဟုတ်တယ် သမီးလေး။ အဒေါ်က သင်္ချိုင်းက ပြန်
ထလာခဲ့တာ ငါးနှစ်ရှိသွားပြီ"

"ဟို… ဟိုနှစ်ယောက်ရော အဒေါ် သူတို့ ပြန်ရှင်လာ

တာခဲ့ရော ဘယ်လောက် ကြာပြီလဲဟင်”

“ဟင့်အင်း... အဒေါ်မသိဘူး။ အဒေါ် ဒီအိမ်ကြီး ရောက်တဲ့အချိန်မှာ သူတို့နှစ်ယောက်က ရှိနေနှင့်ပြီကွယ့်”

“သူတို့ကို အဒေါ်မေးမကြည့်ဘူးလား”

ဒေါ်ခင်မှုံက ခေါင်းခါယမ်းပြပြန်သည်။

စိတ်ဝင်စားမှုကြောင့် ငွေစင်မေက ကြောက်ရွံ့ဖို့ကို သတိမရနိုင်တော့ဘဲ ပတ်ဝန်းကျင်ကိုပါ မေ့လျော့နေတော့၏။

“ဟင့်အင်း မေးလို့လဲမရဘူး သူတို့ နှစ်ယောက်ဟာ ဦးစဝ်ရွှေကြာက သင်ပေးတဲ့အတိုင်းပဲ လုပ်တတ်တယ်။ သင်ထားတဲ့ စကားကိုပဲ ပြောတတ်ကြတယ်။ ဦးစဝ်ရွှေကြာက သေဆိုသေ ရှင်ဆိုရှင်ပဲ သူတို့နှစ်ယောက်စလုံးဟာ ဒီလူကြီးရဲ့ အခိုင်းအစေ အသေခံသက်သက်တွေပဲ၊ သူတို့ဆီမှာ တွေး ခေါ်မြော်မြင်တတ်တဲ့ အသိဉာဏ်လဲ မရှိတော့ဘူး။ ပူတာ၊ အေးတာ၊ နာကျင်တာ၊ ပျော်ရွှင်တာ၊ ဆာလောင်တာတွေကို ခံစားနိုင်တဲ့ စွမ်းအင်တွေလဲ မရှိကြတော့ဘူး၊ သူတို့ဟာ တကယ့် ဖုတ်ကောင်ကြီးတွေ လုံးလုံးပဲ”

“ဘာ... ဘာကြောင့် အဲဒီလို ဖြစ်ရတာလဲ အဒေါ်။ အဒေါ်ကတော့ သူတို့လို ဘာကြောင့် မဖြစ်ရတာလဲ”





“အဲဒါတော့ အဒေါ်မသိဘူးကွယ်”

“ဖြစ်နိုင်မယ်ဆိုရင် အဒေါ့်အကြောင်း ကျွန်မကို ပြောပြပါလားဟင်...”

အဒေါ်နဲ့ ဦးစဝ်ရွှေကြာဟာ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ် ကျော်တုန်းက လက်ထပ်ခဲ့ကြတာ ဆိုတော့ အဒေါ်တို့ နှစ်ယောက်စလုံး အသက်နှစ်ဆယ်ကျော် အရွယ်တွေပဲပေါ့နော်”

သူမမေးခွန်းကို ဒေါ်ခင်မှုံက အံ့အားသင့်ဖွယ် အဖြေ ပြန်ပေးလေသည်။

“ဟင့်အင်း... အဒေါ်နဲ့ လက်ထပ်စဉ်တုန်းကလဲ ဦးစဝ်ရွှေကြာဟာ အခုအရွယ်ပါပဲ၊ လက်ထပ်တုန်းက သူဟာ အဒေါ်ထက် အသက်နှစ်ဆယ်ကျော် ကြီးတယ်လို့ အဒေါ် သိခဲ့တာပဲ။ ဒါပေမဲ့ သူက ချမ်းသာတယ်။ ပညာတတ်တယ်။ ဒါကြောင့် မုဆိုးဖိုဆိုတာ သိသိကြီးနဲ့ အဒေါ် သူ့ကို လက်ထပ်ခဲ့မိတယ်ပေါ့ သမီးလေးရယ်”

“ရှင်... ဒါဆို ဒီလူကြီးရဲ့ အသက်က”

“ဟုတ်တယ် သူ့အသက်ကို ဘယ်သူမှ အမှန်မသိနိုင်ဘူး”

ထို့နောက်မှာတော့ ဒေါ်ခင်မှုံသည် လွန်ခဲ့သည့် အနှစ်

နှစ်ဆယ်ကျော်မှ အဖြစ်အပျက်များကို သူမအား မခြွင်းမချန်
ပြောပြလေတော့သည်။

"အဲဒီအချိန်တုန်းက အဒေါ်ဟာ အရမ်းလှပြီး အရမ်း
ချမ်းသာတဲ့ လူလတ်တန်းစားထဲက မိန်းကလေး တစ်ယောက်
ပေါ့ကွယ်။ ဦးစဝ်ရွှေကြာဟာ မျိုးနဲ့ရိုးနဲ့ ချမ်းတာတဲ့ ပြီးတော့
နိုင်ငံခြားပြန် ပညာတတ်တစ်ယောက်၊ ရုပ်ကလဲ မိန်းမတွေ
ကျလောက်တယ်။ ဒီမှာတင် ကိုယ့်ထက် အသက်နှစ်ဆယ်
ကျော် ကြီးတာကိုရော ဇနီးသည်ဆုံးထားတာ နှစ်နှစ်လောက်
ပဲ ရှိသေးတဲ့ မုဆိုးဖိုဆိုတာကိုပါ အရေးမထားတော့ဘဲ
သူ့ကို လက်ထပ်ပြီး ဟောဒီအိမ်ကြီးကို သျှောင်နေ
ဆံထုံးပါခဲ့ရတာပေါ့ သမီးလေးရယ်။ အဒေါ်က ချမ်းသာခဲ့
တဲ့ မိန်းမကိုး"

ထိုနေရာတွင် ဒေါ်ခင်မွှေး၏ အသံများက တိမ်ဝင်ပျောက်
ကွယ်သွားပြီး အတော်ကြာတော့မှ လည်ချောင်းရှင်း၍
အတိတ်ကို ပြောပြလေတော့သည်။

တိတ်ဆိတ်သည့် သစ်ချိုင်းမြေ၌ ဒေါ်ခင်မွှေး၏ အသံ
ကလေးတွဲ့စွာ ပျံ့လွင့်လျက်။

* * *



# အခန်း (၁၈)

ကြီးကျယ်ခမ်းနားသည့် အိမ်ကြီးရယ် ချွေရုံသင်းပင်း
များရယ် ဦးစဝ်ရွှေကြာ၏ အရေးထား မြတ်နိုးမှုရယ်ကြောင့်
ခင်ခင်မွှေးသည် ကိုယ့်ကိုယ်ကို ကမ္ဘာပေါ်တွင် ကံအကောင်း
ဆုံး မိန်းမတစ်ယောက်အဖြစ် ကျေနပ်စွာ ဂုဏ်ယူပစ်လိုက်
တော့သည်။

သာမန် လူလတ်တန်းစား ဘဝကနေ စိန်တွေ ရွှေတွေ
တစ်သီကြီးနှင့် လက်ညှိုးညွှန်ရာ ရေဖြစ်စေသည့် ဘဝသို့
ရောက်သွားရသည့်အတွက် ပျော်ရွှင်မှုများက အတိုင်းအဆ
မရှိ။

လက်ထပ်ပြီး တစ်ပတ်ကြာသည်အထိ ဦးစဝ်ရွှေကြာ၏

[illegible] ကြည့် ဂရုစိုက် ကြင်နာမှု အနေးပေးမှု တန်
[illegible] အနှင့်တပိုး ရရှိခဲ့သော်လည်း ရက်သတ္တပ
[illegible] အနှင့် အံ့သြဖွယ် အေးစက်မှုကို ခံစားရ
သည်။

ဦးစဝ်ရွှေကြာသည် မှန်လုံခန်းကြီးထဲ၌ စိုက်ပျိုး
သည့် သူ့ပန်းပင်များရှယ် သူ့စာတ်ခွဲခန်းရယ်မှာပင် အချိ
ကုန်ဆုံး နေတတ်တော့၏။

ပထမတော့ ခင်ခင်မှုံက နူးညံ့ညင်သာစွာပင် သူ
ဆန္ဒကို သွယ်ဝိုက် အသိပေးခဲ့သည်။

"အစ်ကိုကြီး အရမ်း အလုပ်များနေလားဟင်"

"အင်း... ပန်းပင်တွေဆိုတော့ ယုယရတာပေါ့ ခင်

"ခင်ပါ ဝိုင်းကူမယ်လေ အစ်ကိုကြီးရယ်။ ခင်
ပန်းပင်စိုက်ရတာ ဝါသနာ ပါပါတယ်။ ပြီးတော့ အစ်ကိုကြ
ရဲ့ ပန်းလေးတွေကိုလဲ ခင်ကြည့်ချင်တယ် သိလား။ နောက်
ကစပြီး အဲဒီပန်းအိမ်ကလေးထဲကို ခင်ပါခေါ်နော်"

ခင်ခင်မှုံ စကားကြောင့် အစ်ကိုကြီးမျက်နှာပေါ်
အပြုံးများ ပျောက်ကွယ်သွားပြီး မျက်နှာ တည်တည်ကြ
ဖြစ်သွားလေသည်။





ဘာဖြစ်လို့လဲ သူမ ပြောလိုက်တဲ့ စကားထဲမှာ ဘာ
အမှားတွေ ပါနေလို့လဲ။

ခင်ခင်မှုံက ဘယ်လိုမှ စဉ်းစားလို့မရ။ သူမပြောသည့်
စကားကြောင့် အစ်ကိုကြီး တစ်ခုခု ဖြစ်သွားပြီဆိုတာကိုတော့
ကောင်းစွာ သဘောပေါက်လိုက်မိ၏။

"မင်းကို အဲ့ဒီ ပန်းပင်တွေထဲ ခေါ်မသွားနိုင်ဘူးခင်၊
ပြင်းပြင်းထန်ထန် သတိပေးလိုက်မယ်။ အဲဒီပန်းတွေရှိတဲ့
ဖလ်အိမ်ရဲ့ အနားကိုတောင် မင်း မကပ်နဲ့ကြားလား"

အံ့အားသင့်လွန်းလို့ ခင်ခင်မှုံက ကြောင်အသွားသည်။

လက်ထပ်ပြီးကာစ အသစ်စက်စက် ဇနီးမယား
တစ်ယောက်ကို ဆက်ဆံပုံက တိတ်ဆိတ်လွန်းနေသည်ဟု
ဝမ်းနည်းစွာ တွေးမိ၏။

သူစိုက်ထားတဲ့ ပန်းတွေက ဘာပန်းတွေမို့ ဒီလောက်
တောင် အဖြစ်သည်းနေရတာလဲ။ ဘယ်လောက်တောင် အဖိုး
တန်နေလို့ ဒီလိုမျိုး ကာကွယ်နေရတာလဲ။

ဝမ်းနည်းသလို ဒေါသလည်း ထွက်မိပေမဲ့ ဦးစဝ်
ရွှေကြာ နောက်သို့ တစ်ယောက်တည်း လာခဲ့မိသည့်အတွက်
တစ်ကောင်ကြွက်လို ဖြစ်နေသည့် ခင်ခင်မှုံက မျက်ရည်ကျရင်း

ခေါင်းငုံ့နေလိုက်ရတော့သည်။

သူမ စိတ်မကောင်း ဖြစ်သွားမှန်း သိသော်လည်း ဦးစဝ်ရွှေကြာ မချော့မော့သည့်အပြင် နောက်ထပ် တားမြစ်ချက် တစ်ခုကိုပင် ထုတ်လိုက်သေးသည်။

"ကိုယ့်အလုပ်ခန်းထဲကိုလဲ လုံးဝမဝင်မိစေနဲ့နော်။ မင်းက ပစ္စည်းတွေကိုလဲ ကိုင်လားတွယ်လား မလုပ်မိစေနဲ့။ အဲဒီကိစ္စကို ကိုယ်ဘယ်လိုမှ သည်းမခံနိုင်ဘူး နားလည်လား"

"ဟုတ်ကဲ့"

ကြေကွဲမှုကို မျိုချပြီး ခင်ခင်မှူက ခေါင်းညိတ်လိုက်သည်။

စိတ်ထဲမှာတော့ လုံးဝ မကြည်လင်တော့ဘဲ ဦးစဝ်ရွှေကြာကိုလည်း ခပ်စွာစွာ နေမိ၏။

ထိုအတောအတွင်း သူမ စိတ်ကောက်နေတာကိုလည်း ဦးစစ်ရွှေကြာက သိဟန်မတူပါ။

ဘာဖြစ်လို့လဲဆိုတော့ နေ့ရှိသရွေ့ သူ့အပင်များရယ် သူ့အလုပ်ခန်းရယ်ထဲတွင်သာ အချိန်ကုန်နေလို့ပဲ ဖြစ်သည်။ ဘယ်လောက်အထိ ဆိုးဝါးသလဲဆိုလျှင် သူမနှင့် ထမင်းလက်ဆုံမစားနိုင်အောင်ဘဲ ဖြစ်သည်။





အဲဒီအခါမှာတော့ အထီးကျန် ဖြစ်နေသည့် သူမက အိမ်အလုပ်သမားတွေနှင့်ပဲ မိတ်ဖွဲ့ရင်းနှီး ရလေတော့သည်။

ထိုအထဲတွင် သူမနှင့် အရင်းနှီးဆုံးက 'ဘွားသင်' ဖြစ်သည်။

အိမ်အလုပ်သမားတွေထဲတွင် အသက်အကြီးဆုံးနှင့် သြဇာအရှိဆုံး ဘွားသင်သည် သူမအပေါ်၌လည်း နွေးထွေးခဲ့လေသည်။ ဘွားသင်သည်သာ သူမ၏ စကားပြောဖော် ဖြစ်ရတော့သည်။

"အဘွား အစ်ကိုကြီးက သူ့ရဲ့ ပထမဇနီးကိုရော ခပ်စိမ်းစိမ်းပဲ ဆက်ဆံသလားဟင်"

"အင်း... ရှေ့က မိန်းမ နှစ်ယောက်စလုံးကိုလဲ အေးတိ အေးစက်ပါပဲ သမီးရယ်"

ထိုစကားကြောင့် ခင်ခင်မှူက အံ့အားသင့်သွားရသည်။

သူမ သိထားတာက ဦးစဝ်ရွှေကြာတွင်ဇနီး တစ်ယောက် ရှိခဲ့ဖူးသည်၊ လက်ထပ်ပြီး မကြာခင် ဆုံးသွားခဲ့သည်၊ ဆိုတာပဲ ဖြစ်သည်။ နှစ်ယောက်ဟုတော့ သိမထားခဲ့ပါ။

ထို့ကြောင့် သူမက အထိတ်တလန့် မေးရတော့သည်။

"ဟင်... အစ်ကိုကြီးမှာ ကျွန်မအပြင် မိန်းမနှစ်ယောက်

တောင် ရှိခဲ့တယ် ဟုတ်လား အဘွား။ ကျွန်မက သေသွား ပြီဆိုတာ တစ်ယောက်ကိုပဲ သိတာ နောက်တစ်ယောက်ကရော ဘယ်မှာလဲဟင်"

"သူလဲ သေသွားတာပဲလေကွယ်"

"ရှင်..."

အံ့ဩစိတ်ကြောင့် ခန္ဓာကိုယ် တစ်ခုလုံး လွင့်ထွက်သွား သလို ထင်ရသည်။

"ဟုတ်တယ်ကွယ့် သူ့နာမည်က 'သက်သက်လယ်' တဲ့ လွန်ခဲ့တဲ့ ငါးနှစ်လောက်က သခင်ကြီးနဲ့ လက်ထပ်ခဲ့တာ ပေါ့၊ အင်မတန်လှတဲ့ မိန်းကလေးပါပဲ။ အသက်ကလဲ သမီး အရွယ်ပဲလေ။ ဒါပေမဲ့ ကံဆိုးရှာတယ် လက်ထပ်ပြီး ဆယ် ငါးရက်လောက်ကြာတယ် ဆုံးသွားရောကွယ့်"

"ဟင်... ဘာ... ဘာဖြစ်လို့ ဆုံးသွားရတာလဲ"

"မသိပါဘူး သမီးရယ် အိပ်ပျော်နေရာကနေ ပြန်နိုး မလာဘဲ ဆုံးသွားခဲ့တာပေါ့ သခင်ကြီးမှာ အရူးတစ်ပိုင်းပဲ"

"သက်သက်လယ် ဆုံးသွားပြီး နှစ်နှစ်အကြာမှာ 'မေမေတင်'ဆိုတဲ့ မိန်းကလေးနဲ့ အိမ်ထောင်ထပ်ပြုတယ် သူလဲ မိန်းမချောလေးပါပဲ။ ဒါပေမဲ့ လက်ထပ်ပြီး တစ်လ





ပြည့်ခင်မှာပဲ 'မေမေတင်'လဲ ဆုံးသွားခဲ့ပြန်တယ်"

ဘုရား... ဘုရား။

ခင်ခင်မှူက ဘာပြောရမည်မှန်း မသိအောင်ပင် ကြောင် သွားရတော့သည်။ အတော်ကြာမှပဲ စကားပြောနိုင်တော့ သည်။

"နောက်... နောက်တစ်ယောက်ကရော ဘာကြောင့် သေသွားရတာလဲ အဘွား"

"သူလည်း ပထမတစ်ယောက်လိုပဲ အိပ်ပျော်နေရင်း ကနေ သေသွားခဲ့ရတာပေါ့။ သူသေသွားတာ နှစ်နှစ်ကြာခဲ့ ပြီလေ။ အခု သမီးလေးဟာ သခင်ကြီးရဲ့ တတိယမြောက် ကြင်ရာတော်ပေါ့ကွယ်"

"ရှေ့က နှစ်ယောက် သေဆုံးသွားသလိုမျိုး ကျွန်မ ကျွန်မလဲ သေ... သေရမှာပဲလားဟင်"

သူမ၏ စကားသံတွေက အထစ်ထစ် အငေါ်ငေါ် ဖြစ်နေပြီး အထိတ်အလန့် ဖြစ်နေတော့သည်။ .

သူမ၏ စကားကြောင့် 'ဘွားသင်'က မျက်စိမျက်နှာ ပျက်သွားပြီး ပါးစပ်မှာတော့ သူမကို အားပေးစကား ပြော သည်။

"အို… မဟုတ်တာ သမီးရယ်။ နိမိတ်မရှိ နမာမရှိမတွေ့ ပြောပါနဲ့ ရှေ့ဂါ နှစ်ယောက်ဆီမှာ ရောဂါအခံရှိလို့ ဖြစ်မှာ ပေါ့။ သမီးက ဘာကြောင့် သေရမှာလဲ"

ဘွားသင်က အားပေးစကား ပြောခဲ့သော်လည်း ထိုနေ မှစ၍ ခင်ခင်မှုံက စိတ်ဖိစီးမှုဒဏ်ကို ခံရလေတော့သည်။

နေလို့လည်းမပျော် အိပ်လို့လည်းမရ စားလို့လည်း ခံတွင်းမတွေ့ဘဲ ဖြစ်ရလေသည်။ နေ့ရှိသရွေ့ ဦးစဝ်ရွှေကြာ ၏ သေဆုံးသွားသော ဇနီးနှစ်ယောက် အကြောင်းကိုသာ တွေးတောနေမိပြီး ဦးစဝ်ရွှေကြာကို လက်ထပ်မိတာ မှား ဟား ဆိုသည့် အတွေးကိုလည်း အချိန်တိုင်း တွေးမိနေ၏။

ထိုအတွေးများနှင့်အတူ ခင်ခင်မှုံက ချမ်းသာချင်စောဖြင့် လူချမ်းသာ တစ်ယောက်ကို မဆင်မခြင်ဖြင့် အချိန်တိုတ အတွင်းနဲ့ လက်ထပ်လိုက်မိသည့် ကိုယ့်ကိုယ်ကိုလည်း ကျိန် ဆဲမိသည်။

သူမအပေါ် အဖြစ်အပျက်တွေ အားလုံး ပြောပြမထား တချို့တစ်ဝက် ထိန်ချန်၍ လက်ထပ်ခဲ့သည့် ဦးစဝ်ရွှေကြာ ကိုလည်း မကျေမနပ် ဖြစ်မိသလို သူဘာတွေ လုပ်နေသည် ဆိုတာကိုလည်း အပြင်အထန် စိတ်ဝင်စား လာမိတော့သည်





ထို့ကြောင့် ခင်ခင်မှုံက ဘွားသင်ကို အဆင်ပြေအောင် ပေါင်းပြီး သိချင်တာ မေးခဲ့သလို ဦးစဝ်ရွှေကြာ တားမြစ် သည့် ကြားထဲမှ အခြေအနေ ပေးတိုင်း ပန်းပင်တွေ စိုက် ထားသည့် မှန်လုံးခန်း အနီးသို့လည်းကောင်း၊ ဓာတ်ခွဲခန်း အနီးသို့လည်းကောင်း၊ ရအောင် သွားခဲ့လေသည်။ ထိုကြိုး စားမှုသည် သူမအတွက် အချည်းအနှီးတော့ မဖြစ်ခဲ့ပါ။

မေးပါများသည့်အတွက် 'ဘွားသင်' ထံမှ အရေးတကြီး အကြောင်းအရာ တစ်ခုကို စိတ်ဝင်စားဖွယ် သိရလေသည်။

"အဘွား အစ်ကိုကြီးရဲ့ မှန်လုံအိမ်ကလေးထဲမှာ ဘာ အပင်တွေ စိုက်ထားတာလဲ"

ဟု မေးတော့ အစပိုင်းက မပြောပါ။ မေးပါများလာ တော့မှ ဘွားသင်က ပြောပြသည်။

"သခင်ကြီးက အဲဒီ ဒီမှန်လုံးခန်းထဲမှာ ထူးဆန်းတဲ့ ပန်းပင်တွေ စိုက်ထားတာ သမီးရေ"

"ထူးဆန်းတဲ့ ပန်းပင် ဟုတ်လား အဘွား"

"ဟုတ်တယ် သမီးရဲ့ ဒီမှာပေါက်တဲ့ပန်း မဟုတ်ဘူး၊ သခင်ကြီး နိုင်ငံခြားမှာ စာသွားသင်ပြီး ပြန်လာတုန်းက ပုလင်းသေးသေးလေးထဲမှာ ထည့်ယူလာတဲ့ အပင်သေးသေး

ဆေးပင်တွေကို ဒီမှာ ပြန်စိုက်ထားတာ"

သူကတို့ ဝန်းသင်တွေ စိုက်ထားသည့် နေရာအနားသို့ ရောက်ရှိ သတိပေးထားတာမို့ ခင်ခင်မွှံက ထိုပန်းပင်များ အကြောင်းကို ပိုမို စိတ်ဝင်စားမိလေသည်။

"ဘာတွေများ ထူးဆန်းလို့လဲ အဘွားရယ်"

"အို... ထူးဆန်းတာပေါ့ကွယ့် ထူးဆန်းလို့ကို သူ့ကို အလုံကာထားတဲ့ မှန်ခန်းထဲမှာ စိုက်ရတာပေါ့ မဟုတ်ဘူး လား။ သခင်ကြီးက ပြောတယ် အဲဒီပန်းတွေရဲ့အနံ့ အပြင်ကို ပျံ့နှံ့ ထွက်သွားမှာစိုးလို့ မှန်တွေနဲ့ ကာထားရတာတဲ့ကွယ့်"

သူမက အားတက်သရော မေးလိုက်မိသော်လည်း ဘွားသင်၏ အဖြေက ယောင်ဝါးဝါးပင် ဖြစ်သည်။

"မသိဘူးလေကွယ်"

"နေပါဦး အဲဒီပန်းကိုရော အဘွားမြင်ဖူးသလားဟင်"

"ဟင့်အင်း မမြင်ဖူးပါဘူးကွယ်။ သခင်ကြီးက အဲဒီ မှန်လုံအခန်းနားကို ဘယ်သူမှ မလာရဘူးလို့ အမိန့်ထုတ် ထားတယ်ဆိုတော့ အဘွားလဲ မသွားပါဘူး"

ထိုစကားကြောင့် သူမက အံ့သြရပြန်သည်။

အလုပ်သမားတွေဟာ ဘာကြောင့် ဦးစဝ်ရွှေကြာကို





အရမ်းကြောက်ကြရတာလဲ။

အကြောင်းတစ်ခုခုတော့ ရှိပါလိမ့်မည်။ သူမသည် ထိုအကြောင်းကို မဖြစ်မနေ သိချင်သည့် ဆန္ဒများနှင့် မွှန်း ကျပ်လာလေတော့သည်။

ထိုအခါမှာတော့ ခင်မွှန်းသည် ဦးစဝ်ရွှေကြာ၏ အပြင်း အထန် သတိပေး တားမြစ်ချက်များကို တိတ်တဆိတ် ကျူး လွန်ဖောက်ဖျက်မိသွားလေတော့သည်။

* * *

ဦးစဝ်ရွှေကြာ၏ အိမ်ကြီးသည် တောင်ကုန်းတစ်ခုပေါ် မှာတင် ဆောက်လုပ်ထားသည်။ ဥရောပ ပုံစံအိမ်ကြီး ဖြစ် သည်။

အပြင်မှ ကြည့်လျှင် သိပ်ကြီးမား ကျယ်ဝန်းပုံ မရသော် လည်း အထဲရောက်မှ အဆောင်ဆောင် အခန်းခန်းနှင့် ရှုပ် ထွေး ကျယ်ဝန်းကြောင်း တွေ့ရလေသည်။

ဦးစဝ်ရွှေကြာ၏ ဇနီးအဖြစ် ဤအိမ်ကြီးသို့ ခင်ခင်မွှံ ရောက်လာခဲ့သည်မှာ ရက်သတ္တ နှစ်ပတ်ကျော်ပြီဖြစ်သော် လည်း အိမ်ကြီးမှ နေရာတိုင်း အဆောင်တိုင်းကို သူမ အနေဖြင့် ရောက်ဖူးခြင်း မရှိသေးပါ။

သူမ အကျွမ်းတဝင် ဝင်ထွက်သွားလာနေသည့် နေရာဆိုလို့ မီးဖိုဆောင်ရယ် ထမင်းစားခန်းရယ် အိမ်ရှေ့ မျက်ဝစာရှိ ဧည့်ခန်းကျယ်ကြီးရယ် သူမနှင့် ဦးစဝ်ရွှေကြာ၏ အိပ်ခန်းကြီးရယ်ပဲ ဖြစ်သည်။

ဧည့်ခန်းကျယ်ကြီး ပတ်ပတ်လည်ရှိ ပိတ်ထားသော ကျွန်းတံခါးကြီးများကို သူမ ဖွင့်ကြည့်ဖူးခြင်း မရှိခဲ့ပါ။ ဦးစဝ်ရွှေကြာသည် အံ့အားသင့်စရာကောင်းသော ဘာသာမဲ့ တစ်ယောက်ဖြစ်ပြီး ကြီးမားသော အိမ်ကြီးတွင် ဘုရားပန်း ဘုရားဝတ်ပြုဆောင်ဆိုလို့ လုံးဝ ထားရှိခြင်း မရှိပါ။ ထို့ အတွက် ခင်ခင်မှုံသည် တစ်နေ့မှ စိတ်မချမ်းသာနိုင်ခဲ့။ ဘာဖြစ် လို့လဲဆိုတော့ သူမသည် ဘာသာရေး ကိုင်းရှိုင်းသော မိသားစု တွင် ကြီးပြင်းလာခဲ့ပြီး ကံ ကံ၏ အကျိုးကို ယုံကြည်သော ဗုဒ္ဓဘာသာဝင် တစ်ယောက် ဖြစ်သောကြောင့် ဖြစ်လေသည်။

သို့သော် ဦးစဝ်ရွှေကြာနှင့်တော့ ထိုအကြောင်းအရာကို တစ်ကြိမ်တစ်ခါမျှ ဆွေးနွေးဖူးခြင်း မရှိခဲ့ပါ။

ထိုအကြောင်းကိုမှ မဟုတ်၊ မည်သည့် အကြောင်းအရာကိုမှလည်း ဆွေးနွေးဖူးခြင်း နှီးနှောတိုင်ပင်ဖူးခြင်း မရှိခဲ့ တာ အမှန်ပဲဖြစ်သည်။





ဦးစဝ်ရွှေကြာသည် သူမ လက်ထဲသို့ သုံးစွဲချင်ရာ ...း‌စွဲဖို့ ငွေကြေးမြောက်မြားစွာ ပေးထားသော်လည်း အိမ် ...ပြင်ထွက်ခွင့်ကိုတော့ ပိတ်ပင်ထားလေသည်။

ထို့ကြောင့် သူမ လက်ထဲရှိ ငွေကြေးများသည် ဘယ် ...မှ အသုံးမဝင်ခဲ့ပါ။ ဦးစဝ်ရွှေကြာသည် ခင်ခင်မှုံကိုသာ ...ပြင်ထွက်သွားလာ လည်ပတ်ဖွင့် ပိတ်ပင်ထားတာ မဟုတ် ...ကိုယ်တိုင်လည်း အပြင်လောကနှင့် ခပ်ကင်းကင်း နေသူ ...၏။

“အစ်ကိုကြီး ကျွန်မတို့ တစ်ရက်လောက် အပြင်ကို ...ပွဲစား ထွက်လည်ရအောင်လားဟင်”

ဟု သူမက တောင်းဆိုတိုင်း ရှုတည်တည် မျက်နှာပေး ...…

“အဲ့ဒီလို အပိုအလုပ်တွေကို ကိုယ် သိပ်မုန်းတယ်ခင်”

ဟု ခပ်ပြတ်ပြတ် ပြောတတ်လေသည်။

သူမက စိတ်ဆိုး စိတ်ကောက် ပြလိုက်လျှင်လည်း ...ချော့ဖို့ စိတ်ကူးပင် ရှိပုံမရဘဲ ဘာသိဘာသာ ပစ်ထားလိုက် ...ချည်းပဲ ဖြစ်သည်။

တစ်ခါတစ်ရံတွင်တော့ အံ့သြစရာကောင်းလောက်

အောင် ရှင်ပြနေပြီးလျှင်...

"ပန်းတွေ ထပ်ပွင့်ပြီ ဒါကိုယ်ရဲ့ အောင်မြင်မှုပဲ ကို ရဲ့ ခမ်းနားပြောင်မြောက်မှုပဲ"

ဆိုသည့်စကားကို အဆက်အစပ်မဲ့ ရေရွတ်တတ်ခဲ့

ထိုစကားများကြောင့်ပဲ ခင်ခင်မှုံသည် ဦးစဝ်ရွှေကြာ အပင်များရှိရာသို့ ရောက်အောင် သွားဖြစ်ခဲ့လေတော့သ

* * *

ထိုနေ့သည် အရေးတကြီး ဆေးပစ္စည်းတစ်ခု ဝ အတွက် မန္တလေးသို့ ဦးစဝ်ရွှေကြာ သွားသည့်နေ့ဖြစ်သ

ပထမတော့ ခင်ခင်မှုံက မရမက ပူဆာ၍ မန္တ သို့ သူမပါ လိုက်သွားမည်ဟု စဉ်းစားသည်။

သို့သော် ဘယ်လောက်မှ မကြာခင်မှာပင် အတွေးတ ကြောင့် သူမက မန္တလေးလိုက်ဖို့ အကြံအစည်ကို စွန့်ရ လိုက်တော့သည်။

ဦးစဝ်ရွှေကြာ မရှိသည့်အခိုက်အခွင့်အရေးကို အမိ ယူပြီး သူ့ပန်းပင်တွေကို သွားကြည့်ရမည်။

နောက်တစ်ကြိမ် အခုလို အခွင့်အရေးမျိုးရဖို့ ဆို ဘယ်လိုမှ မဖြစ်နိုင်ပါ။ ဒီတော့ အခွင့်သာတုန်း ဦးစဝ်ရွှေ





၏ လျှို့ဝှက်ချက်များကိုတော့ တစေ့တစောင်း ချောင်းမြောက် ကြည့်ရှုရပါလိမ့်မည်။

ကိုယ့်လင်သား ဘာတွေလုပ်နေသည် ဆိုတာကို ဇနီး ယားတစ်ယောက် အနေဖြင့် သိထားသင့်သည်။ သူက သိမပေးလျှင်တောင် ကိုယ့်ဘက်ကသိအောင် ကြိုးစားထား ပါလိမ့်မည်။

ဒါပေမဲ့ မန္တလေးကို လိုက်ခဲ့ပါရစေဟု ခွင့်မတောင်းဘဲ အတိုင်းနေလိုက်လျှင် ဦးစဝ်ရွှေကြာ သူမ၏ စိတ်ကူးကို ပ်မိသွားမှာ စိုးသောကြောင့် လိုက်ချင်သည်ဟု ပြောရသေး သည်။

"အစ်ကိုကြီး မန္တလေးကို ကျွန်မလဲ လိုက်ချင်တယ်"

ပြောလိုက်ရပေမဲ့ ခင်ခင်မှုံက ရင်တထိတ်ထိတ်။

မတော်လို့ ဦးစဝ်ရွှေကြာက စိတ်ကောင်းတွေ ဝင်ပြီး လိုက်လာခဲ့ဖို့ခေါ်လျှင် သူမ အကြံအစည်များ ပျက်စီးရလိမ့် ည်။

သို့သော် ဦးစဝ်ရွှေကြာက မခေါ်ခဲ့ပါ။

"ကိုယ်က အလုပ်ကိစ္စနဲ့သွားမှာခင် အပျော်သွားမှာ ဟုတ်ဘူးလေ။ ခင်မန္တလေးကို အလည်အပတ် သွားချင်ရင်

ကိုယ်နောက်မှ သတ်သတ်လိုက်ပို့ပေးမယ်နော်"

"အလည်မဟုတ်ပါဘူး ဈေးဝယ်ချင်တာပါ"

"နောက်တော့ဝယ်နော် ဈေးချို တစ်ခုလုံး ဝယ်ပစ်လို့ ရတဲ့ငွေတွေ ခင့်ကို ကိုယ်ပေးထားတာပဲ"

ခင်ခင်မွှံက နှုတ်ခမ်းစူချင်ယောင် ဆောင်၍ ကျန်ရစ်ခဲ့ပြီး ဦးစဝ်ရွှေကြာ မရှိတော့မှပဲ မှန်လုံအိမ်ကလေးအနီးသို့ ချဉ်းကပ်သွားလိုက်သည်။

ဦးစဝ်ရွှေကြာ၏ ခြံဝန်းကြီးသည် ကျယ်ဝန်းလွန်းလှသလို ခြံထဲ၌ တောင်ကုန်းကလေးတွေလည်း ရှိသည်။

သစ်ကြီး ဝါးကြီးပင်များလည်း ရှိသည်။ ရာသီဥတုနှင့် မြေဆီ၊ မြေသြဇာ ကောင်းမွန်သည့် အရပ်ဒေသမှာမို့ ခြံတစ်ခြံလုံး ပန်းပင်များ သီးပင်စားပင်များနှင့် စနစ်တကျ ရှိနေလေသည်။

အိမ်ကြီး၏ ရှေ့ပိုင်းခြံဝင်းထဲသို့ သူမကို သွားလာခွင့်ပြုထားသော်လည်း အိမ်ကြီး၏ အနောက်ဘက် အပြာမှန်လုံအိမ်နှင့် အလုပ်ခန်းရှိသည့် နေရာသို့ သူမ ဝင်ခွင့်မရှိပါ။

သူမတစ်ယောက်တည်း မဟုတ်၊ အိမ်ကြီးရှိ အလုပ်သမားတွေပါ ဝင်ခွင့်မရ ဖြစ်သည်။





ဦးစဝ်ရွှေကြာ မရှိတော့တာနှင့် ခင်ခင်မွှံက အိမ်ဖော်တစ်ယောက်ကို သူမအား မနှောင့်ယှက်ရန် သတိပေးလိုက်သည်။

"မရွှေ ကျွန်မအိပ်မယ်နော်။ ဘာအကြောင်းနဲ့မှ ကျွန်မအခန်းတံခါးကို လာခေါက်ပြီး မနှောင့်ယှက်ပါနဲ့၊ အားလုံးကိုလည်း ပြောထားပါ"

"ဟုတ်... ဟုတ်ကဲ့ သခင်မ"

"ကောင်းပြီ လုပ်စရာရှိတာ သွားလုပ်တော့"

"ဟုတ်... ဟုတ်ကဲ့"

အိမ်ဖော် အမျိုးသမီးက ခင်ခင်မွှံရှေ့မှ ခပ်ကုပ်ကုပ်လေး ထွက်သွားတာနှင့် ခင်ခင်မွှံက အခန်းတံခါးကို အသံမြည်အောင် ဆောင့်ပိတ်လိုက်သည်။

သဘောကတော့ မန္တလေး မလိုက်ရလို့ ယောကျ်ားကို စိတ်ကောက်ပြီး အခန်းအောင်းနေသည်ဟု ထင်ကြစေရန်ဖြစ်သည်။ ဒါမှလည်း အလိုလို အကာအကွယ်ယူပြီးသားဖြစ်သွားပါလိမ့်မည်။

တကယ်လို့ ဦးစဝ်ရွှေကြာက စုံစမ်းမေးမြန်းလျှင်တောင် အိမ်ဖော်တွေက သူမ အခန်းထဲမှ မထွက်ကြောင်း သက်သေခံ

ကြမှာ သေချာသည်။

အိမ်ကြီးက ကြီးမားပြီး အလုပ်သမားက အိမ်ကြီးနှင့် စာလျှင် အလွန်နည်းပါးနေသည့်အတွက် ဘယ်သူကမှ သူမကို စောင့်ကြည့် နေနိုင်မည်မထင်ပါ။

အခန်းတံခါးဝကနေ စောင့်ကြည့်နေလျှင်လည်း ကိစ္စမရှိ။ ဘာဖြစ်လို့လဲဆိုတော့ သူမက ပြတင်းပေါက်မှ ဆင်းဖို့ ကြံစည်းထားလို့ပဲ ဖြစ်လေသည်။

ခင်ခင်မှူက အခန်းထဲတွင် အချိန်အနည်းငယ် ဖြုန်းနေလိုက်ပြီးမှ ကြိုတင်ကြံစည်ထားသည့်အတိုင်း ပြတင်းပေါက်ကနေ အောက်သို့ လျှောဆင်းလိုက်သည်။

သူမ၏ အိမ်ခန်းသည် အိမ်ကြီး၏ အနောက်ဘက်ခြမ်းတွင် ရှိနေတာမို့ မှန်လုံအိမ်ရှိရာသို့ အလွယ်တကူဘဲ သွားနိုင်လေသည်။

မှန်အမိုး မှန်အကာများနှင့် စနစ်တကျ တည်ဆောက်ထားသော မှန်လုံအိမ်ကလေးသည် သစ်ပင်ကြီးများ ဝိုင်းရံထားသည့် အလယ်တွင် ရှိနေတာမို့ အပြင်မှ ကြည့်လျှင် ရုတ်တရက် မမြင်နိုင်။

အနားကပ်သွားတော့မှ ထိုမှန်လုံအိမ်ကလေးသည်





သူမ ထင်တာထက် ကြီးမားသော ရှည်မျောသည့် အခန်းကျယ်ဖြစ်ကြောင်း တွေ့ရလေသည်။

ထူးဆန်းတာက မှန်အလုံ ကာရံထားသည့် အခန်းကြီးထဲရှိ အပင်များနှင့် ထိုအပင်များမှ ပွင့်နေသည့် ပန်းပွင့်များဖြစ်လေသည်။

လူတစ်ရပ်မက မြင့်သော အပင်ကြီးများ၏ အရွက်သည် အံ့အားသင့်စရာ ကောင်းလောက်အောင်ပင် အမည်းရောင်များ ဖြစ်နေကြပြီး ထိုအပင်မှ ပွင့်နေသည့် ပန်းပွင့်တွေကတော့ ဟင်းသောက်ပန်းကန်လုံးအရွယ် မိုးပြာရောင် အပွင့်ကြီးတွေ ဖြစ်နေ၏။

ထိုအပင်များသည် မှန်လုံးခန်း၏ နေရာတစ်ဝက်ကို ယူထားပြီး ကျန်တစ်ဝက်မှာတော့ မြေကြီးပေါ်၌ တွားသွားနေသည့် အပင်များ ရှိနေလေသည်။

ထိုတွားသွားပင်များ၏ အရွက်သည် အစိမ်းရောင်လက်လက် ထနေပြီး ဝါးရွက်များနှင့် ဆင်တူတာကို တွေ့ရသည်။ ထူးခြားတာကတော့ ထိုအပင်၏ အပွင့်များပင်ဖြစ်လေသည်။ တွားသွားပင်များ၏ ရွက်ကြားနေရာမှ သုံးပေလောက် မြင့်အောင် ရှည်လျားဖြောင့်တန်းသည့် အရိုးတံများ

ထောင်မတ်စွာ ထွက်နေကြပြီး ထိုရိုးတံတို့၏ ထိပ်များမှာတော့ နက်မှောင်သည့် စံပယ်ပွင့် အငှက်ပန်းပွင့်ကလေးများ ပွင့်နေလေ၏။

ပန်းပွင့်ကလေးများ၏ ရိုးတံကလေးများသည် ယိမ်းနွဲ့လှုပ်ရှားနေသည့်အတွက်ရော အမည်းရောင် သစ်ရွက်များ လှုပ်ခတ်နေတာကိုပါ တွေ့ရသည့်အကွက် ထိုအထဲ၌ သဘာဝအတိုင်း လေတိုက်နေသလို ဖန်တီးထားကြောင့် သိသာနေ၏။

သေချာတာကတော့ ထိုအပင်မျိုးနှင့် ထိုပန်းမျိုးများကို သူမ၏ တစ်သက် မြင်လည်း မမြင်ဖူး။ ဒါမျိုးတွေ ရှိပါသည်ဟု ကြားလည်း မကြားဖူးခဲ့တာပဲ ဖြစ်သည်။ ပုံပြင်ထဲမှာလည်း မကြားဖူး။ လူကြီး သူမတွေ ပြောတာလည်း နားမထောင်ခဲ့ဖူး။

ထူးခြား အံ့သြဖွယ်ကောင်းလွန်းတာကတော့ အမှန်ပဲ ဖြစ်သည်။

ကာရံထားသည့် မှန်နံရံများ ပတ်ပတ်လည်တွင် ဖြည်းဖြည်းချင်း လျှောက်ရင်း ခင်ခင်မှုံက ထူးဆန်းသည့် ပန်းပွင့်များကို ကြည့်လို့မဝနိုင်အောင် ဖြစ်နေရပြီး ကိုင်တွယ်ကြည့်လိုသည့် ဆန္ဒများကလည်း သူမရင်ထဲသို့ အလုံးအရင်းဖြင့်





တိုးဝင်နေတော့သည်။

အကယ်၍သာ မှန်လုံခန်းကြီး၏ တံခါးပေါက်ကို ဖွင့်ထားလျှင် ဖြစ်ချင်ရာဖြစ် သူမက အထဲသို့ ရောက်အောင်ဝင်မိမှာ သေချာသည်။

သို့သော် မှန်လုံခန်းကြီး၏ ဝင်ပေါက်ကို ပိတ်ထားသည့်အတွက် သူမ ဝင်လို့မရဘဲ ဖြစ်ရသည်။

ထူးဆန်းလှပသည့် ပန်းတွေကို ကိုင်တွယ်ကြည့်ချင်သည်။

ထိုပန်းများ၏ ရနံ့ကို ခံစားကြည့်ချင်သည်။

ပြီးတော့ ဦးစဝ်ရွှေကြာသည် ထိုပန်းများကို ဘာကြောင့် လူမမြင် ကွယ်ရာမှာ ဝှက်ထားရတာလဲဆိုတာကို သိချင်လာသည်။

ဘွားသင်ကတော့ ပန်းရနံ့တွေ ပျံ့လွင်ကုန်မှာစိုးလို့ မှန်လုံခန်းထဲတွင် စိုက်ရတာပါဟု သူမကို ပြောပြဖူးသည်။

ဒါ... တကယ်ပဲလား။

အခု သူမ တွေ့နေရသည့် ပန်းပင်များကို ဦးစဝ်ရွှေကြာ နိုင်ငံခြားက ယူလာခဲ့တာဟုလည်း ဘွားသင်ပြောဖူးသည်။ ပြီးတော့ ဦးစဝ်ရွှေကြာသည် ဇနီးထက်ပင် ဒီအပင်တွေကို

အလေးအမြတ် ထားတာသေချာသည်။

စေ့နိုးသည်ထက်လည်း ပိုချစ်ခဲ့ရသည်။

ပိုစိတ်ဝင်စားပုံရသည်။

ဘာဖြစ်လို့လဲ။

ဒီအပင်တွေက ဘာတွေ ထူးခြားနေလို့လဲ ဘယ်လို လျှို့ဝှက်ချက်တွေ ရှိနေလို့လဲ။

နောက် ဦးစဝ်ရွှေကြာတွင် ဓာတ်ခွဲစမ်းသပ်ခန်း တစ်ခု လည်း ရှိနေသည်။

ထိုနေရာသို့ သူမကို လုံးဝမလာဖို့လည်း အပြင်းအထန် သတိပေးထားသေးသည်။

ထိုအကြောင်းအရာများကို ဆက်စပ် တွေးတောကြည့် လိုက်တာနှင့် သူမ၏ ခင်ပွန်းသည် ဦးစဝ်ရွှေကြာသည် တစ်စုံတစ်ခုကို လျှို့ဝှက်စွာ လုပ်ကိုင်နေတာပဲ ဖြစ်ရမည်ဟု ခင်ခင်မွှံက မှတ်ချက်ချလိုက်ပါတော့သည်။

"အစ်ကိုကြီး ဘာတွေလုပ်နေတာလဲ"

ဟု သူမမေးလျှင်လည်း သူမ၏ ခင်ပွန်းသည်ကတော့ ဖြေမည်မဟုတ်ပါ။

သူမကိုယ်တိုင်ကရော မေးဝံ့ပါရဲ့လား။





လင်မယားချင်းဆိုပေမဲ့ စိမ်းပြတ်စွာ နေတတ်သည့် ခင်ပွန်းသည်ကို သူမ လန့်မိသည်။ နောက် သူမ၏ ခင်ပွန်း ဦးစဝ်ရွှေကြာသည် သူမအပေါ် ချစ်ခင်စုံမက်ခြင်းတွေ လျော့ ပါးနေပြီဆိုတာကိုလည်း သူမဘာသာ သိနေသည့်အတွက် အိမ်ထောင်သက် နုနုကလေးတွင် အငြိုအငြင် မခံချင်ပါ။

တကယ်တမ်း လင်မယား ပြဿနာတက်ပြီး တစ်စုံ တစ်ခု ဖြစ်လာမည်ဆိုလျှင် သူမကို ဖေးမကူညီမည့်သူများ ဒီအရပ်ဒေသ၌ ရှိမနေပါ။

ခင်ခင်မွှံ မိဘအသိုင်းအဝိုင်းက ရန်ကုန်မှာ ဖြစ်သည်။

ဒီတော့ သူမသိချင်သည်များကို ဦးစဝ်ရွှေကြာထံတွင် မေးမြန်းဖို့ထက် သူမဘာသာ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် စုံ စမ်းမှပဲ ဖြစ်နိုင်ပါလိမ့်မည်။

ထိုအတွေးကို တွေးလိုက်ပြီးတာနှင့် ခင်ခင်မွှံက အခွင့် အရေးရတုန်း ဦးစဝ်ရွှေကြာ၏ ဓာတ်ခွဲခန်းကို ဝင်ကြည့်ဖို့ ဆုံးဖြတ်မိသွားတော့သည်။

* * *

ဓာတ်ခွဲခန်းသည် မှန်လုံအိမ်ကြီးနှင့် သိပ်မကွာဝေးသော နေရာ၌ တစ်သီးတခြား ရှိနေသည်။ တစ်ထပ်တိုက်ကလေး

ပဲ ဖြစ်သည်။

တိုက်ကလေးသည် အစိမ်းရောင် ဆေးများ သုတ်ထားသောကြောင့် သစ်ပင်များနှင့် ရောနှောနေသယောင် ထင်ရလေသည်။

ဝင်ပေါက် တစ်ပေါက်သာရှိသော တိုက်ပုကလေး၏ တံခါးသည် သံမဏိပြား တံခါးကြီး ဖြစ်ပြီး ကြီးမားသည့် အာမခံ သော့ခလောက်ကြီးနှင့် ခတ်ပိတ်ထားလေသည်။

အဆောက်အအုံ၏ ဘေးပတ်ပတ်လည်ကို လိုက်ကြည့်တော့ အခိုင်မာပိတ်ထားပြီး အတွင်းမှ လိုက်ကာ အထူကြီးများ စေ့ပိတ်အောင် ထပ်ဆင်ကာရံထားသည့် မှန်ပြတင်းပေါက်သုံးပေါက်ကို တွေ့ရလေသည်။

ပြတင်းပေါက်များကို ဖွင့်နိုင်ဖို့ ကြိုးစားသော်လည်း အချည်းအနှီး။

အပြင်မှ ဖွင့်လို့ ဘယ်လိုမှမရနိုင်တာ သေချာသည်။

အကယ်၍ မှန်တံခါးကို ရိုက်ခွဲဝင်လျှင်တော့ ဖြစ်နိုင်သည်။ ဒါပေမဲ့ အဲဒီလို လုပ်လိုက်တာနှင့် သူမ လက်ချက်ဆိုတာ ဗူးပေါ်သလို ပေါ်သွားလိမ့်မည်။

အတွင်းထဲသို့ ဝင်လို့မရလျှင်တောင်မှ အထဲကို လှမ်း





မြင်ရလျှင် တော်သေးသည်ဟု စိတ်လျော့ရင်း မှန်တံခါးချပ်များမှ အတွင်းသို့ လိုက်ချောင်းကြည့်တော့လည်း ထူထဲသည့် ခန်းဆီးလိုက်ကာ အစိမ်းရောင်ကြီးများကြောင့် ဘာကိုမှ မမြင်ရပါ။

အတွင်းထဲမှာ ဘာတွေရှိနေသည် ဆိုတာကို မမြင်ရလေ ပိုသိချင်လေ ဖြစ်နေသည်။ ခင်ခင်မှုံက အလျှော့မပေးနိုင်ဘဲ တိုက်ပုလေး၏ ပတ်ပတ်လည်ကို မနားတမ်း လျှောက်ကြည့်ပြီး အထဲဝင်နိုင်ဖို့ (သို့မဟုတ်) အထဲကို မြင်ရနိုင်ဖို့ အကြံထုတ်နေမိတော့သည်။

ခွဲကောင်းပြီး ဖြတ်ထိုးဉာဏ်ရှိသည်။ သူမက မကြာခင်မှာပင် အခွင့်အရေး တစ်ခုကို သွားမတွေ့သည်။

အဲဒါကတော့ တိုက်ပုကလေး၏ ခေါင်မိုးမှ ထိုးထွက်နေသည် မီးခိုးခေါင်းတိုင်ပင် ဖြစ်သည်။ အေးမြသည့် ရာသီဥတုရှိရာ အရပ်ဒေသမို့ ဥရောပဆန်ဆန် ဆောက်ထားသည့် တိုက်အိမ်ကလေးများတွင် မီးလင်းဖိုများ ပါဝင်ပြီး မီးခိုးခေါင်းတိုင် ကလေးများကလည်း ခေါင်မိုးမှ ထိုးထွက်နေတတ်လေသည်။

မီးခိုးခေါင်းတိုင် အပေါက်ကနေ အထဲကို ဝင်လို့မရနိုင်

ဘူးလား။

ရနိုင်ပါလိမ့်မည်။ မီးခိုးခေါင်းတိုင် အပေါက်များသည် ကြပ်ခိုးများကို ရှင်းလင်းသုတ်သင်ဖို့ လွယ်ကူအောင် လူတ ကိုယ်စာ ချောင်ချောင်ချိချိ ရှိနိုင်မည့် အနေအထားမျိုး ဖောက်ထားတတ်ကြပြီး တချို့ဆိုလျှင် မီးခိုးခေါင်းတိုင် တစ်လျှောက်၌ သံကွင်းကလေးများကို လှေကားထစ်သဖွယ် ပင် ထည့်ထားတတ်ကြပါသေးသည်။

အကယ်၍ ဓာတ်ခွဲခန်း၏ မီးခိုးခေါင်းတိုင်တွင် လှေ ကား သဖွယ် သံချောင်းကလေးများကိုသာ တပ်ဆင်ထားမည် ဆိုလျှင် ထိုအပေါက်မှနေ၍ အတွင်းသို့ အလွယ်တကူ ဝင် သလို အလွယ်တကူလည်း ပြန်ထွက်နိုင်ပါလိမ့်မည်။

မီးခိုးခေါင်းတိုင်မို့ ကျပ်ခိုးများ မီးခိုးမှိုင်းများ ပေ နိုင်သော်လည်း ကိစ္စမရှိပါ။ အထဲကို ရောက်အောင် ဝင် ဖို့ကပဲ အရေးကြီးသည်ဟု သူမက တွေးမိသည်။

ရဲရင့်ဖျတ်လတ်နေသည့် ခင်ခင်မှုံက ပထမဦး တိုက်ပုကလေး၏ ခေါင်မိုးပေါ်သို့ ရအောင် တက်လိုက် သည်။ အဆောက်အအုံသည် မြင့်မြင့်မားမားကြီး မဟုတ် လည်း ခေါင်မိုးပေါ်ရောက်အောင် တက်ရတာတော့ ထ





သလောက် မလွယ်ကူပါ။

အကြိမ်ကြိမ် ကြိုးစားပြီး ချွေးသီးချွေးပေါက်တွေ ကျလာတော့မှပဲ ခေါင်မိုးပေါ်သို့ ရောက်ရလေတော့သည်။

အပေါ်ရောက်ပြန်တော့လည်း အုတ်ကြွပ်ပြားများ မိုး ထားသည့် ခေါင်မိုးပေါ်မှ ပြုတ်မကျအောင် မနည်း ထိန်းမတ် ထားရသေးသည်။ မီးခိုးခေါင်တိုင် အပေါက်ဆီသို့ ရောက် အောင် မနည်းကြိုးစား သွားရသည်။

ဒါပေမဲ့ ကံကောင်းထောက်မစွာပင် မီးခိုးခေါင်းတိုင်ထဲ ၌ သူမ မျှော်လင့်ထားသလို လှေကားသဖွယ် သံကွင်းများ တပ်ဆင်ထားတာ တွေ့ရသည့်အတွက် သူမက ဓာတ်ခွဲခန်း ထဲသို့ ရောက်သွားရလေတော့၏။

မီးခိုးခေါင်းတိုင်ကနေ ဆင်းလာရသည့်အတွက် သူမ တစ်ကိုယ်လုံး ပေတူးကုန်သည်။ မီးလင်းဖိုထဲမှ လေးဖက် တွား ထွက်လိုက်တော့ ဓာတ်ခွဲခန်းထဲသို့ အလွယ်တကူ ရောက်သွားပြီး အလင်းရောင် နည်းနေသောကြောင့် အခန်း ထဲမှ အရာဝတ္ထုများကို ထင်ရှားစွာ မမြင်ရ။

ရောက်နေသည့် နေရာမှ မရွေ့လျားသေးဘဲ ခင်ခင်မှုံက အမှောင်ကို မျက်စိကျင့်သား ရအောင် ခဏနေပြီးမှ ပတ်ဝန်း

ကျင်ကို လိုက်ကြည့်မိသည်။

အမှောင်နုနုကို ကျင့်သား ရသွားပြီး မြင်လိုက်ရသည် မြင်ကွင်းကြောင့် သူမက လိပ်ပြာလွင့်မတတ် ကြောက်လန့် ပြီး အော်ဟစ်မိသွားလေတော့သည်။

"အမလေး"

သူမ တွေ့လိုက်ရတာက မီးလင်းဖိုနှင့် အနီးဆုံး နေရာ တွင် ရှိနေသည့် လူ့ယေထည့်သော အခေါင်းကြီး နှစ်လုံး ဖြစ်လေသည်။ ပို၍ လန့်စရာ ကောင်းတာက အခေါင်းကြီး နှစ်လုံး၏ အဖုံးများသည် ပိတ်မနေဘဲ ပွင့်နေကာ မှန်ဝါး အလင်းရောင်ဖြင့် အခေါင်းထဲမှ လူသေအလောင်းကို မြင်နေ ရတာပဲ ဖြစ်သည်။

"မြတ်စွာဘုရား ကယ်တော်မူပါ"

ရုတ်တရက် ရောက်နေသည့် နေရာမှ အမြန်ပြန်ထွက် ပြေးချင်သော ဆန္ဒများ ဖြစ်လာသော်လည်း တကယ်တမ်း ကျတော့ ဘာမှမတတ်နိုင်ဘဲ သူမက ငြိမ်သက်နေရလေသည်။

"အို... မကြောက်ဘူး။ လူသေအလောင်းဆိုတာ ဘာများ ကြောက်စရာရှိလို့လဲ သေပြီးသား လူဟာ အသက် ရှင်နေတဲ့ လူကို ဘာမှမလုပ်နိုင်ဘူး။ ဘာမှလဲ မပြောနိုင်





ဘူး။ အန္တရာယ် ပေးနိုင်ဖို့ဆိုတာ ပိုတောင် ဝေးသေးတယ်။ ဒါကြောင့် ကြောက်စရာ မလိုဘူး။ ခက်ခက်ခဲခဲနဲ့ ဒီအထဲကို ရောက်အောင် ဝင်လာခဲ့ပြီးမှ ဘာမှ မသိရဘဲ ပြန်ထွက်မသွား နိုင်ဘူး။ ရဲရင့်စမ်း သတ္တိရှိစမ်း"

ခင်ခင်မူသည် ကိုယ့်ကိုယ်ကို အမိန့်ပေး ဖျောင်းဖျပြီး ခတ်ခွဲခန်းဆိုသည့် အဆောက်အအုံ၏ အတွင်းပိုင်းကို လျှောက်ကြည့်မိသည်။

"မကြောက်ဘူး"

ဟု ဘယ်လိုပဲ အားတင်းထားစေကာမူ အလောင်း ကောင်တွေကိုတော့ ရှုံ့မိတာ အမှန်ပင် ဖြစ်သည်။ ထို့ကြောင့် အလောင်းတွေဘက်ကို မကြည့်သေးဘဲ တခြားနေရာကို ကြည့် လိုက်လေသည်။

တစ်ထပ်တိုက်ကလေး၏ အတွင်းပိုင်းသည် အခန်း အဆောင်များ ဖွဲ့ထားခြင်း မရှိသည့်အတွက် ပစ္စည်းတွေ သိုလှောင်သည့် ဂိုဒေါင်းတစ်လုံးနှင့်ပင် တူနေသေး၏။

လေးထောင့်စပ်စပ်နှင့် ကျယ်ဝန်းသည့် အတွင်းဘက် တွင် ခတ်ခွဲခန်း ပစ္စည်းများက အခန်းကြီး၏ တစ်ဖက်အခြမ်း ၌ သပ်ရပ်စွာ ရှိနေလေသည်။

ထိုပစ္စည်းများနှင့် အနီးဆုံး ထောင့်တွင် နံရံကပ်စင်ကြီး တွေ ရှိပြီး စင်ပေါ်၌ ဘာတွေရှိနေမှန်း အသေအချာ မမြင် ရပါ။

မီးလင်းဖိုနှင့် အနီးဆုံး နေရာတွင် အခေါင်းနှစ်ခုကို ယှဉ်လျက် ပင်စင်အိမ်ကလေးများနှင့် တင်ထားလေသည်။

ပစ္စည်းဆိုလို့ ထိုမျှသာရှိပြီး ကျန်သည့် နေရာများ ကတော့ နေရာလွတ်များ ဖြစ်လေသည်။

ဓာတ်ခွဲခန်း ပစ္စည်းများကို သူမ နားမလည်။ ထို့ကြော ထို့ကြောင့် ထိုအရာများအား သွားကြည့်လို့လည်း ဘာ အကြောင်းထူးမည် မဟုတ်ပါ။ တစ်ခုတော့ ရှိသည် ထိုပစ္စည်းများကို ကြည့်ခြင်းအားဖြင့် ဦးစဝ်ရွှေကြာသ တစ်စုံတစ်ခုကို လျှို့ဝှက်စွာ ဓာတ်ခွဲစမ်းသပ်နေသည် ဆိုတ သိနိုင်ခြင်းပင် ဖြစ်သည်။

အဲဒီ့ တစ်စုံတစ်ခုဟာ ဘာလဲ။

အခေါင်းကြီး နှစ်ခုထဲက အလောင်းကြီးတွေ ဘယ်သူတွေလဲ။ ဦးစဝ်ရွှေကြာ ကိုယ်တိုင်သတ်ဖြတ်ထား လား။ သူမ လက်ထပ်ပေါင်းသင်းနေတဲ့ လင်ယောကျ်ား လူသတ်ကောင်ကြီးလား။





အတွေးနှင့်အတူ ခင်ခင်မှူက အလောင်းတွေရှိသည့် နေရာသို့ တဖြည်းဖြည်း ချဉ်းကပ်သွားလိုက်သည်။

အလင်းရောင် လုံလောက်စွာ မရှိဘဲဖြစ်နေသည့်အတွက် အလောင်းများကို ခပ်ဝါးဝါးသာ မြင်ရလေသည်။

တစ်ခု သတိပြုမိတာက အလောင်းများနှင့် နီးကပ်လာ တာနှင့်အမျှ မွှေးကြိုင်သော ပန်းရနံ့လိုလို ရနံ့တစ်ခုကို ရှူ ရှိုက်မိခြင်းပဲ ဖြစ်၏။

ပြီးတော့ ထိုရနံ့သည် သူမအတွက် တစ်ကြိမ်မှ ရင်းနှီးဖူးခြင်း မရှိသည့် အစိမ်းသက်သက် ဖြစ်နေခြင်းပဲ ဖြစ် လေသည်။

ပထမဦးဆုံး အလောင်းကောင်တွေကို အသေအချာ ကြည့်ဖို့အတွက် အလင်းရောင် ရရှိရပါလိမ့်မည်။

မီးအလင်းရောင် ရရှိဖို့ကတော့ မဖြစ်နိုင်။ ထို့ကြောင့် သူမက အခေါင်းနှစ်လုံး၏ နောက်ဘက်တွင် ရှိသော မှန် ပြတင်းပေါက်တွင် အသေအချာ ကာထားသည့် လိုက်ကာ ထူထူကြီးအား ဆွဲဖယ်ပစ်လိုက်တော့သည်။

သည်တော့မှ မှန်ပြတင်းပေါက်မှ တိုးဝင်လာသည့် အလင်းရောင်ဖြင့် ခေါင်းထဲမှ အလောင်းကောင်များကို

အသေအချာ မြင်ရတော့သည်။

အခေါင်းကြီးများသည် ကျယ်ဝန်းသော ဥရောပ ပုံစံ အခေါင်းတလားများ ဖြစ်နေပြီး ပတ္တာတပ်ဆင်ထားသော တလားအဖုံးများကို ဖွင့်လှစ်ထားလေသည်။

သူမ ရနေသည့် အမွှေးရနံ့သည် ထိုအခေါင်းနှစ်ခု ထဲမှ ထွက်နေခြင်း ဖြစ်သည်။

အလောင်းများသည် ချောမောလှပသော မိန်းမနှစ် ယောက်၏ အလောင်းဖြစ်နေသောကြောင့် သူမ တွေးထား သလောက် ထိတ်လန့်စရာ မကောင်းလှပါ။

အလောင်းကောင် နှစ်ခုစလုံးသည် လှပစွာ ပြင်ဆင် ဝတ်စားပေးထားပြီး အိပ်ပျော်နေသည့် အသွင်ကို ဆောင်နေ လေသည်။

အဝတ်အစားများကို ကြည့်ရတာတော့ သစ်လွင်ခြင်း မရှိတော့ဘဲ ဝါကျင့်ကျင့်အသွင် ပေါက်နေပြီဖြစ်သည်။

ထိုအခြင်းအရာကို ကြည့်ခြင်းဖြင့် အလောင်းများသည် လတ်လတ်ဆတ်ဆတ်တော့ မဟုတ်နိုင်ဟု ခန့်မှန်းမိသည်။

ပထမ အလောင်းကို အသက်အစိတ်ကျော်ကျော် လောက် ရှိမည်ဟု ခင်ခင်မှုံက ခန့်မှန်းမိသည်။ ဒုတိယ





အလောင်းသည်လည်း အသက်စိတ် ဝန်းကျင်နီးပါးပါပဲဟု ခန့်မှန်းဆဲ အခေါင်းတလားတွင် ရေးထိုးထားသည့် အမည်များ ကို ဖတ်မိသွားတော့၏။

"မသက်သက်လယ် အသက် (၂၂) နှစ်"

"မမေမေတင် အသက် (၁၉) နှစ်"

ထိုအမည်များကို ဖတ်လိုက်မိတာနှင့် သူမက ကြက် သေ သေသွားရလေတော့သည်။

"ဘုရားရေ ဒါ... ဒါ အစ်ကိုကြီးရဲ့ ပထမဇနီးနဲ့ ဒုတိယ ဇနီးပဲ"

လဲပြိုမသွားအောင် သူမက မနည်းကြိုးစားလိုက်ရ သည်။

သေဆုံးသွားပြီးသား ဇနီးတွေရဲ့ အလောင်းတွေကို တတ်ခွဲခန်းထဲမှာ ထားပြီး ဦးစဝ်ရွှေကြာက ဘာတွေလုပ်နေ သလဲ။

သေပြီးခဲ့တာ ငါးနှစ်နဲ့ သုံးနှစ်ကျော် ရှိနေတဲ့ အလောင်း တွေရော ဘာကြောင့် ပျက်စီးပုပ်သိုးခြင်းမရှိဘဲ အိပ်ပျော်နေ သလို ထင်မှတ်နေရတာလဲ။

တစ်ခုပဲရှိသည်။ သေဆုံးတုန်းက အသက်အရွယ်တွေ

ထက် အနုအလောင်းတွေ၏ အရွယ်က အသက်ပိုပြီး ပေါလွင်နေတာပဲ ဖြစ်သည်။

ဒါဆို ဒါတွေဟာ လူသေတွေမှ ဟုတ်ရဲ့လား။

ထိတ်လန့် စက်ဆုပ်သည့်ကြားထဲမှ ခင်ခင်မှုံက အလောင်းများ အနီးသို့ ပိုမိုးတိုးကပ် ကြည့်မိသည်။

အလောင်းများကတော့ မလှုပ်မယှက်။

အလောင်း၏ မျက်တောင်ကော့များနှင့် ဆံစခြောက်သွေ့များကို တွယ်ကပ်အိမ်ဖွဲ့ထားသော ပင့်ကူမျှင် တချို့ကိုပင် မြင်ရလေသည်။

ဝင်သက်ထွက်သက် ရှိနေလေမလားဟု အလောင်း၏ နှာခေါင်းဝတွင် သူမလက်ကို ထားကြည့်တော့ သက်ရှိ၏ လက္ခဏာကို မခံစားရပါ။ အလောင်းကောင်တွေကို ကိုင်တွယ်ကြည့်ဖို့အထိတော့ သူမက သတ္တိမကောင်းပါ။

စိတ်ထဲက မသတီတာလည်း ပါသည်။

အလောင်းနှစ်လောင်းကို ကြည့်ရှုနေဆဲ ရှူရှိုက်နေ သည့် အမွှေးရနံ့ကြောင့် သူမက ညည်းစီစီကြီး ဖြစ်လာ သည်။

အသက်ရှူမဝသလိုမျိုးလည်း ခံစားရပြီး အာခေါင်မှာ





ပါ ခြောက်သွေ့ အက်ကွဲ၍ အပြင်းအထန် ရေငတ်လာတော့သည်။

ထို့ကြောင့် အလောင်းတွေနားမှ ခပ်မြန်မြန်ခွာပြီး ခင်ခင်မှုံက စာတ်ခွဲခန်း ပစ္စည်းတွေရှိရာ အမှောင်ဘက်သို့ သွားမိသည်။

အလောင်းတွေကို ကြည့်နေရုံဖြင့် လျှို့ဝှက်ချက်ကို မသိနိုင်ဟု တွေးမိပြန်သည်။ နောက် ပြတင်းပေါက် တစ်ခု၏ လိုက်ကာများကို ဆွဲဖယ် လိုက်သည့်အခါ ဓာတ်ခွဲခန်း ပစ္စည်းများ၊ စာအုပ်ထူထူထဲထဲကြီးများ၊ ရေးလက်စလက်ရေး မှတ်တမ်းများကို တွေ့ရလေသည်။

ဦးစဝ်ရွှေကြာသည် သူ့ဓာတ်ခွဲခန်းထဲသို့ သူကလွဲပြီး ဘယ်သူမှ မဝင်နိုင်ဟု ယုံကြည်စိတ်ချထားပုံ ရသည်။ ထို့ကြောင့်လည်း စာအုပ်များ ရေးလက်စစာရွက်များကို ဒီအတိုင်း ထားထားတာ ဖြစ်ပါလိမ့်မည်။

ခင်ခင်မှုံက စာအုပ်များနှင့် ရေးလက်စစာများကို ယူကြည့်လိုက်သည်။ အားလုံး အင်္ဂလိပ်လို ရေးသားထားခြင်း ဖြစ်ပြီး ဘာသာရပ်ဆိုင်ရာ စကားလုံးများ သင်္ကေတများနှင့် ရေးသားထားတာမို့ အင်္ဂလိပ်စာတတ်သည့် သူမပင် ထိုစာ

များကို နားမလည်နိုင်ပါ။

ဦးခေါင်းထဲတွင် ထုံထိုင်းနေသည့်အတွက် သူမက ထိုစာများကို ကြိုးစားပမ်းစား ဖတ်ဖို့ ခွန်အားလည်း ရှိမနေပြန်ပါ။

ဦးစဝ်ရွှေကြာသည် နေ့ရှိသရွေ့၍ ဒီအခန်းထဲမှာပင် အချိန်တွေ ကုန်ဆုံးစေပြီး ဘာတွေ လုပ်နေသလဲ။

ဒီလူကြီး ရူးများရူးနေသလား။

နံရံကပ်စင်များပေါ် လျှောက်ကြည့်တော့ ငှက် မျောက်ကြောင် ကြွက် ရှဉ့် စသော တိရစ္ဆာန် အသေကောင်များကို စက္ကူဘူးများဖြင့် စနစ်တကျ ထည့်သိုထားတာကို တွေ့ရပြန်သည့်အတွက် အော်ဂလီဆန်ပြီး သူမက ထိုးအန်မိတော့သည်။

အန်ပစ်လိုက်ရတော့ ရေပိုဆာလာသည်။ ရေမသောက်ရလျှင်ပဲ ဘိုင်းဘိုင်းလဲ သေရတော့မလိုမျိုးပင် ခံစားလာရလေသည်။ ရေငတ်လွန်းလို့ ခေါင်းထဲတွင် မိုက်ခနဲ မိုက်ခနဲပင် ဖြစ်လာလေသည်။

သည်းမခံနိုင်တော့သည့် အဆုံး၌ ဦးစဝ်ရွှေကြာ အလုပ်ဝင်လုပ်လျှင် သောက်သည့်ရေတော့ ရှိမှာဘဲဟု စဉ်းစားကာ တခြားဘာကိုမှ စိတ်မဝင်စားနိုင်တော့ဘဲ သူမက သောက်ရေ





ရှာမိတော့၏။

ကံကောင်း ထောက်မစွာပင် နံရံကပ်စင်ကြီး၏ အဆုံးတွင် ရေခဲသေတ္တာ တစ်ခုကို တွေ့ရလေသည်။

ပထမတော့ ဘာတွေများ တွေ့ရလေမလဲဟု တွေးကြောက်ပြီး သူမက ရေခဲသေတ္တာကို မဖွင့်ရဲ။

သို့သော် ရေငတ်သည့် ဝေဒနာက လွှဲဆော် တိုက်တွန်းလွန်းသည့်အတွက် မကြောက်နိုင်တော့ဘဲ သူမက ရေခဲသေတ္တာတံခါးကို ဆွဲဖွင့်လိုက်မိတော့၏။

* * *

တစ် နှစ် သုံးဟု စိတ်ထဲမှ ရေတွက်ပြီး ခင်ခင်မှုံက ရေခဲသေတ္တာ တံခါးကို ဝုန်းခနဲ ဆွဲဖွင့်လိုက်မိသည်။

သို့သော် အထဲ၌ သူမတွေးကြောက်နေသလိုမျိုး ရုပ်ပျက်ဆင်းပျက် အခြင်းအရာများကို ဘာတစ်ခုမှ မတွေ့ရပါ။

ရေခဲသေတ္တာထဲ၌ သူမနေ့စဉ် စားနေကျ အသီးအနှံအချို့နှင့် ကိတ်မုန့်အချို့ကို တွေ့ရသည်။

နောက်ပုလင်းများနှင့် အစီအရီ ထည့်ထားသည့် ရေများကိုလည်း တွေ့ရ၏။

သူမ ဆာလောင်နေတာ အသီးအနှံတွေ မုန့်တွေ

မဟုတ်ဘဲ ရေဆာနေတာမို့ ခင်ခင်မွှံက ရေပုလင်းတစ်လုံးကို လှမ်းယူပြီး ခပ်မြန်မြန်ပင် ဖွင့်သောက်ချပစ်လိုက်တော့သည်။

သောက်ချလိုက်တော့မှ ထိုရေသည် ရှိုးရှိုးရေ မဟုတ်ဘဲ ချိုမြမြ မွှေးပျံ့ပျံ့နှင့် သောက်ကောင်းသော ဖျော်ရည်ဆိုတာကို သိလိုက်ရပြီး အပြင်းအထန် ဆာလောင်နေသည့် သူမက တစ်ပုလင်းလုံး ကုန်သွားအောင် တရှိန်ထိုး မော့သောက်ပစ် လိုက်တော့၏။

နောက် ရေကုန်သွားသည့် ပုလင်းအလွတ်ကို တခြား ပုလင်းအလွတ်များနှင့် ရောနှောထားလိုက်ပြီး ရေခဲသေတ္တာကို ခြေရာလက်ရာ မပျက်ပြန် ပိတ်ထားလိုက်သည်။

သူမလက်မှ ပေသွားသည့် ကြပ်ခိုးများကိုလည်း ပြန် သုတ်သင် ပေးထားလိုက်သည်။

ဒီအထဲသို့ သူမဝင်ခဲ့သည်ဆိုတာကို ခင်ပွန်းသည် ဦးစဝ်ရွှေကြာ သိလို့မှမဖြစ်ပါ။ သိသွားလျှင် သူမကို ခွင့်လွှတ် မည်မဟုတ်တာ သေချာသည်။ ပြင်းပြင်းထန်ထန် ဒေါသတွေ ထွက်ပြီး အပြစ်ပေးမှာလည်း သေချာလေသည်။

ဒီတော့ အစ်ကိုကြီး မန္တလေးမှ ပြန်ရောက်မလာခင် သူမ ဟန်မပျက် ပြန်နေမှပဲ ဖြစ်လိမ့်မည်။





လာကတည်းက လက်ပတ်နာရီ ပါမလာသည့် ဒီအထဲ ကို သူမ ရောက်နေတာ ဘယ်လောက် ကြာပြီဆိုတာကို မခန့်မှန်းတတ်ဘဲ ရှိနေတော့သည်။

ရေခဲသေတ္တာထဲမှ ဖျော်ရည်တစ်ပုလင်းလုံးကို သောက် ပြီးနောက် သူမ၏ ဦးခေါင်းက အုံ့ဩစရာ ကောင်းလောက် အောင် ကြည်လင်လာသည်။

စောစောက ခံစားနေရသည့် မွန်းကျပ်မှု ပျို့အန်ချင်မှု ထိုင်းမှိုင်းမှုများ အားလုံး ပျောက်ကင်းသွားလေသည်။

ထိုအခါ သူမက ဓာတ်ခွဲခန်းထဲမှ ပြန်မထွက်ချင်သေး ဘဲ အခြေအနေပေးတုန်း မကြည့်ရသေးသည့် နေရာများ ကို စပ်စုကြည့်ချင်စိတ်တွေ ဖြစ်လာပြန်သည်။

ရတောင့်ရခဲ အခွင့်အရေးကို ဒီလောက်ကလေးနှင့် အဆုံးသတ်လိုက်ရမှာ နှမြောမိနေသည်။ နောက်တစ်ခေါက် ဦးစဝ်ရွှေကြာ အိမ်မှာမရှိဖို့က မလွယ်ပါ။

နောက်ဆုံးတော့ ခင်ခင်မွှံက နံရံကပ်စင်၏ အခြား တစ်ဖက်ရှိ သံမဏိစင်ကြီးပေါ်မှ သေတ္တာငယ်များကို ကြည့် ဖို့ ဆုံးဖြတ်လိုက်တော့သည်။

သို့သော် သေတ္တာကလေးများ ရှိနေသည့် နေရာသည်

မြင့်လွန်းသည့်အတွက် သူမ အရပ်နှင့် မမီပါ။ တစ်ခုခုပေါ်တက်ပြီး ယူကြည့်ရမည်ဟု စဉ်းစားနေဆဲ ဘယ်လိုမှ ထင်မှတ်မထားသော အဖြစ်အပျက်တစ်ခုက သူမထံသို့ ဝုန်းခနဲ ရောက်ချလာလေတော့သည်။

အဲဒါကတော့ ကုလားထိုင်တစ်လုံးကို ရွှေ့နေဆဲ တတ်ခွဲခန်း အဆောက်အအုံ၏ သံမဏိတံခါးချပ်ကြီး ကျွီခနဲ အသံမြည်ကာ ပွင့်သွားပြီး တံခါးဝ၌ ဦးစဝ်ရွှေကြာက မားမားမတ်မတ်ကြီး ရပ်နေခြင်းပင် ဖြစ်လေသည်။

“အမယ်လေး”

အကြောက်လွန်ပြီး အော်လိုက်သည့်အတွက် သူမအသံက လုံးဝထွက်မလာဘဲ လက်ထဲမှ ကုလားထိုင်ပင် ဝုန်းခနဲ လွတ်ကျသွားရလေတော့သည်။

ဦးစဝ်ရွှေကြာသည် အလင်းရောင်ရှိရာကို ကျောပေးထားတာမို့ မျက်နှာသွင်ပြင်ဘယ်သို့ ရှိမည်ကို မမြင်ရပါ။ အကယ်၍ ဒေါသတကြီးဖြင့် သူမကို တစ်ခုခု ပြောလုပ်လျှင် ရှောင်တိမ်းနိုင်ဖို့ ထွက်ပေါက်ကို အပြေးအလွှား ရှာဖွေနေဆဲ ဦးစဝ်ရွှေကြာက အေးဆေးစွာပင် အခန်းထဲသို့ ဝင်လာပြီး တံခါးမကြီးကို ပြန်ပိတ်လိုက်လေသည်။





အသက်မရှူနိုင်ဘဲ ငေးကြည့်နေသည့် သူမကို ဦးစဝ်ရွှေကြာက အေးအေးဆေးဆေး နူတ်ဆက်သည့် ပုံစံနှင့် လက်တစ်ဖက် မြှောက်ပြလေ၏။ နောက်နံရံဆီသို့ သွားကာ ခလုတ်တစ်ခုကို နှိပ်လိုက်ပြီး အခန်းတစ်ခုလုံးအား လျှပ်စစ်မီးဖြင့် လင်းလက်သွားစေတော့သည်။

အံ့သြစရာ ကောင်းတာက မီးအလင်းရောင်တွင် မြင်တွေ့ရသည့် ဦးစဝ်ရွှေကြာ၏ မျက်နှာပေါ်တွင် ဒေါသအရိပ်ယောင်များ လုံးဝရှိမနေဘဲ အပြုံးတစ်ခုသာ ရှိနေခြင်းပဲဖြစ်လေ၏။

“ကြည့်စမ်းပါဦး ခင်လေးရယ် တစ်ကိုယ်လုံးလဲ ကြပ်ခိုးတွေနဲ့ ပေကျံနေတာပါပဲလား”

ခင်ခင်မှုက ဘာပြန်ပြောရမည်မှန်း မသိဘဲ ခိုးထုပ်ခိုးထည်နှင့် လူမိခံရသည့် သူခိုးတစ်ယောက်လို အနေရခက်နေမိသည်။ တစ်ဖက်ကလည်း ဦးစဝ်ရွှေကြာ ဒေါသမထွက်မပေါက်ကွဲတာကို အံ့အားသင့် ဖြစ်မိပြန်သည်။

“ဘာလဲ မီးခိုး ခေါင်းတိုင်ကနေ အထဲရောက်အောင် ဝင်လာခဲ့တာလား၊ ပင်ပန်းလိုက်တာကွယ် မတော်လို့ ပြုတ်ကျသွားရင် ဘယ်လိုလုပ်မလဲ”

ပြောပြောဆိုဆို ဦးစဝ်ရွှေကြာက သူမထံသို့ တိုးကပ်လာသည်။

စိတ်ကူးဖြင့် ထွက်ပြေးမိသော်လည်း တကယ်တမ်းမှာတော့ သူမက ကျောက်ရုပ်တစ်ရုပ်လို ရပ်တန့်နေမိသည်။

ဘာတွေ ဖြစ်ကုန်တာလဲ။

အစ်ကိုကြီးက စိတ်မဆိုးတဲ့အပြင် ဘာကြောင့် သူမကို ချိုချိုသာသာ ဆက်ဆံနေရတာလဲ။

ဒါဟန်ဆောင်နေတာလား။

တကယ်ပဲ စိတ်မဆိုးတာလား။ တွေးရင်း သူမက ကြောက်လန့်လာသည်။

"ကျွန်မ... ကျွန်မ"

"အို... ခင်ကကိုယ့်ကို ကြောက်နေတာလား"

"ဟုတ်... ဟုတ်ကဲ့ ကျွန်မ... ကျွန်မ အစ်ကိုကြီး မကြိုက်တာကို လုပ်မိပါတယ်"

ဦးစဝ်ရွှေကြာက ကြင်နာဟန်ဖြင့် ခေါင်းကို ညင်သာစွာ ခါယမ်းနေလေသည်။

ခင်ခင်မွှံကတော့ ဘာတွေ ဖြစ်မည်ဆိုတာကို မခန့်မှန်းတတ်ဘဲ ဖြစ်နေရတော့သည်။





ဦးစဝ်ရွှေကြာသည် သူမအနားသို့ ရောက်သည်နှင့် သူမ၏ ပခုံးကို ကြင်နာရွှေးထွေးစွာ ဖွဖွဖက်လေသည်။ ခင်ခင်မွှံကတော့ ကြောက်လွန်းလို့ တဆတ်ဆတ် တုန်နေမိသည်။

"ကဲ... ခင်ဘာတွေကို ကြည့်ပြီးပြီလဲပြော"

"ဟင့်အင် ကျွန်မ ...ကျွန်မ အခုပဲ ရောက်တာပါ အစ်ကိုကြီး ဘာကိုမှ မကြည့်ရသေးပါဘူး။ ဘာကိုမှလဲ မကိုင်ရသေးပါဘူးရှင် ယုံပါနော်"

ခင်ခင်မွှံက တောင်းပန်မိတော့ ဦးစဝ်ရွှေကြာက အေးဆေးစွာပဲ ရယ်မောလေသည်။

"ယုံပါတယ် ခင်ရယ်။ ကဲ... ခင့်ကို ကိုယ်လိုက်ပြပေးမယ် ဟုတ်လား"

"ရှင်..."

"အင်းလေ ကိုယ်က ခင် စိတ်ဝင်စားမှာ မဟုတ်ဘူး။ ကြောက်တတ်လိမ်မယ် ထင်လို့ ကိုယ့်အလုပ်ခန်းကို မလာဖို့ တားမြစ်ထားရတာပေါ့၊ အခု ခင်က စိတ်ဝင်စားတယ်ဆိုတော့ ကိုယ်ဝမ်းသာမိပါရဲ့။ လာ... လာ ကိုယ်ကြိုးစားခဲ့ရတာတွေ ခင့်ကို ပြောပြမယ်"

ခင်ခင်မှုံကသည် မယုံတစ်ဝက် ယုံတစ်ဝက်နှင့်ပင် ဦးစဝ်ရွှေကြာ ဆွဲခေါ်ရာသို့ လိုက်ပါသွားရလေတော့သည်။

ပထမဦးဆုံး အလောင်းနှစ်လောင်း ရှိရာသို့ ဦးစဝ်ရွှေကြာက သူမကို ခေါ်သွားလေသည်။

"ဒါဟာ... ကိုယ့်ရဲ့ဇနီးတွေပဲပေါ့ခင်"

"ဒီ... ဒီအလောင်းတွေကို ဘာကြောင့် မသင်္ဂြိုဟ်ပစ်ဘဲ ဒီအတိုင်း ထားထားရတာလဲ"

"သူတို့တစ်ချိန်မှာ ပြန်ထလာကြမှာမို့ပေါ့"

"ရှင် သူ သူတို့ ပြန်ထလာကြမယ် ဟုတ်လား"

အံ့သြသလို ယုံလည်း မယုံနိုင်ဘဲ ခင်ခင်မှုံက ထပ်မေးမိ၏။ စိတ်ထဲမှာလည်း ဦးစဝ်ရွှေကြာတော့ ရူးနေပြီဟု တွေးထင်လိုက်မိသည်။

"ဟုတ်တယ် ရိုးရိုးထလာကြမှာ မဟုတ်ဘူး။ ကိုယ့် ခိုင်းစေသမျှကို ဘာတစ်ခုမှ မငြင်းဆန် နောက်မတွန့်တတ်တဲ့ ကိုယ်ရဲ့ သစ္စာခံတွေအဖြစ် သူတို့ ပြန်ထလာကြလိမ့်မယ်"

ကြောက်လွန်းလို့ သူမက တဆတ်ဆတ်တုန်သွားလေသည်။

"သူ... သူတို့နှစ်ယောက်ဟာ သေ သေနေပြီ မဟုတ်





လား"

"ဟုတ်တယ် သူတို့ သေနေကြပြီ။ ဒါပေမဲ့ လုံးလုံးလျားလျား သေသွားကြတာ မဟုတ်ဘူး။ တစ်ချိန်မှ ပြန်ထလာနိုင်ဖို့ သေသွားကြတာ"

ဦးစဝ်ရွှေကြာ ပြောသည့်စကားများကို ခင်ခင်မှုံက ဘယ်လိုမှ နားမလည်နိုင်။ နားလည်အောင် ထပ်မံ မေးမြန်းဖို့လည်း မရဲသည့်အတွက် တိတ်ဆိတ် ဆွံ့အစွာဖြင့် သူပြောသမျှကို နားထောင်နေရလေတော့သည်။

သူမကို ပြောပြနေသည့် ဦးစဝ်ရွှေကြာ၏ အသံသည် ကျေနပ်ဂုဏ်ယူဟန်များဖြင့် တစ်စတစ်စ ကျယ်လောင်လာလေ၏။

"ဒီလိုသေအောင် လုပ်ထားတဲ့ လူတွေကို တစ်ချိန် ပြန်ထလာအောင် လုပ်နိုင်တဲ့ အတတ်ပညာကို အမေရိကတိုက် အလယ်ပိုင်း နိုင်ငံတစ်ခုကပဲ တတ်တယ်ကွ။ နိုင်ငံခြားမှာ ွဲ့လွန်သွားတက်ရင်း ကိုယ်က အမှတ်မထင် ဆရာသမား ကောင်းနဲ့ တွေ့ခဲ့ရတာပေါ့ခင်"

ဘုရား... ဘုရား။

ဒီလူ ရူးနေပြီထင်ပါရဲ့။

"အဲဒီနိုင်ငံမှာ သေပြီးတဲ့လူတွေကို မြေမြှုပ် သင်္ဂြိုဟ်ထားရင် ပြန်ထလာနိုင်တယ်လို့ လူတော်တော်များများက ယုံတယ်။ သေထားပြီးသား လူတွေ ပြန်ထလာတာဟာ သူတို့အတွက် အဆန်းတကြယ်ကိစ္စ မဟုတ်တော့ဘူးပေါ့"

ဦးစဝ်ရွှေကြာ၏ အသံက ပိုကျယ်လောင်လာလေသည်။

"သူတို့ဆီမှာတော့ အောက်လမ်းဆရာတွေပဲ ဒီအတတ်ကို တတ်ကြတာ။ တကယ်တော့ အဲဒီအတတ်ပညာဟာ မှန်လုံခန်းထဲက ပန်းပင်နှစ်မျိုးနဲ့ တိုက်ရိုက် ပတ်သက်နေတယ်။ အဲဒီ ပန်းပင်အမျိုးကို နိုင်ငံခြားကနေ ကိုယ် ခက်ခက်ခဲခဲ ယူလာခဲ့ရတာကွ။ အဲဒီအပင်တွေ အသက်ရှင်အောင်၊ အခုလိုမျိုး အပွင့်တွေပွင့်အောင်လဲ၊ ကိုယ် မနည်းကြိုးစားခဲ့ရတယ် သိရဲ့လား ခင်"

"ဟုတ်... ဟုတ်ကဲ့"

ခင်ခင်မွှေက ဘာမှန်းမသိပေမယ့် ယောင်နစွာပင် ခေါင်းညိတ်လိုက်ရလေသည်။

"မှန်တွေ ကာထားရတာ အလကား မဟုတ်ဘူး။ အပူအအေး လေတိုက်နှုန်း မြေကြီးရဲ့ ချဉ်ငန်ဓာတ်တွေအားလုံး သူတို့မိခင်ဒေသနဲ့ ကိုက်ညီအောင် ပြုပြင်ထားပေး





ရတာ။ အဲဒီပန်းရဲ့ နာမည်ကို ပြောပြရဦးမယ် မှတ်ထားခင်။ သေမင်းစိုက်တဲ့အပင်တဲ့၊ အဲဒီအပင်က ပန်းပွင့်တွေဟာ သေခြင်းတရားကို ဖြစ်စေတယ်။ သေပြီးနောက် ရှင်ခြင်းတရားကိုလဲ ဖြစ်စေနိုင်တယ်၊ ဒါဟာ မှော်အတတ်လဲမဟုတ်။ အောက်လမ်းပညာလဲ မဟုတ်ဘူး။ အဆိပ်ကို ကျွမ်းကျင်နိုင်နင်းတဲ့ အတတ်ပညာပဲ။ ဒါပေမဲ့ သူတို့ဆီက လူတွေကတော့ မှော်အတတ်လို့ပဲ ထင်ကြတယ်"

သူမပခုံးကို ဖက်တွယ်ထားသည့် လက်များအား အသာဖြေလျှော့ပေးလိုက်ပြီး ဦးစဝ်ရွှေကြာက အလောင်းများကို နီးကပ်စွာ ကြည့်ရှုနေပြန်သည်။

ခင်ခင်မွှေကတော့ ဦးစဝ်ရွှေကြာထံမှ နောက်ထပ်ကြားရမည့် အကြောင်းအရာများကိုပဲ အငမ်းမရ နားစွင့်နေမိလေတော့၏။

"အခု သေသွားတဲ့ လူတွေဟာ ပြန်ရှင်လာတဲ့အခါမှာ သူတို့ရဲ့ နဂိုအသိဉာဏ်တွေ လုံးဝ ပျောက်ဆုံးသွားလိမ့်မယ် ခင်။ ဘာကြောင့်လဲဆိုတော့ အဆိပ်က သူတို့ရဲ့ ဦးနှောက်ကို ဖျက်ဆီးပစ်လိုက်လို့ပဲ၊ သူတို့ဟာ ပြန်ထလာကြပေမဲ့ ကိုယ်ပိုင် အသိဉာဏ်မရှိတဲ့ လူသေတွေပါပဲ။ သူတို့ကို သေအောင် ရှင်အောင် လုပ်ပေးတဲ့ ဆရာရဲ့ အမိန့်ပေးခိုင်းစေတာ

ကိုပဲ အဆေတီး လိုက်လုပ်ကြတော့တယ်"

"ဘုရား ဘုရား အဲဒီ အဲဒီအဆိပ်က ကြောက်ဖို့ကောင်းလိုက်တာ"

"ဒီလောက်လဲ မဟုတ်ပါဘူးခင်။ ဘယ်လောက်ပြင်းထန်ပြီး ကြောက်စရာကောင်းတဲ့အဆိပ်ပဲ ဖြစ်ဖြစ် သူ့ကိုနိုင်တဲ့ဖြေဆေးဆိုတာလဲ ရှိတာပဲပေါ့"

သူမက ဒိုင်းခနဲ ရင်ခုန်သွားပြီး အလျင်အမြန် မေးလိုက်မိသည်။

"ဖြေဆေးရှိတယ် ဟုတ်လား"

ဦးစဝ်ရွှေကြာက ကြောက်စရာ အပြုံးကို ပြုံးလျက်သူမကို ခေါင်းညိတ်ပြလေသည်။

"ဟုတ်တယ် ဖြေဆေးရှိတယ်"

သူမကိုပြောပြီးနောက် ဦးစဝ်ရွှေကြာက ရေခဲသေတ္တာရှိရာသို့ သွားပြီး တံခါးဆွဲဖွင့်ကာ အထဲမှ ပုလင်းများအားသူမကို ပြလေသည်။

"ဒီမှာကြည့် ဒါဖြေဆေးတွေပေါ့ ဒီဖြေဆေးကို ကြိုတင်သောက်ထားခဲ့ရင် အဆိပ်မိရင်တောင် ဦးနှောက်မပျက်စီးနိုင်တော့ဘူး"

"ကျွန်မ... ကျွန်မ"





အဆိပ်ဖြေဆေးတွေကို ရေထင်ပြီး သောက်လိုက်မိသည့်အဖြစ်အား ပြောပြမိတော့မလို ဖြစ်သွားသော်လည်း ဦးစဝ်ရွှေကြာ၏ ရယ်မောသံကြီးကြောင့် ခင်ခင်မှုက ပြောမပြဖြစ်တော့ပါ။

"ဟာ... ဟား... ဟား မကြောက်ပါနဲ့ခင်။ ကဲလာ... အိမ်ပြန်ကြစို့ ကိုယ်ခင့်အတွက် မန္တလေးကနေ လက်ဆောင်တွေ ဝယ်လာခဲ့တယ်ကွဲ့"

"ဟို... သူ... သူတို့ကရော ပြန်ထလာကြမှာလားဟင်"

သူမက အလောင်းနှစ်လောင်းကို လက်ညှိုးထိုးပြီးအမှတ်မထင် မေးလိုက်တော့ ဦးစဝ်ရွှေကြာက ခေါင်းညိတ်သည်။

"ဟုတ်တယ် သူတို့ရာစ်နေ့ ပြန်ထလာလိမ့်မယ်။ ပြီးရင် ကိုယ့်ကို သစ္စာရှိရှိနဲ့ အလုပ်အကျွေးပြုကြလိမ့်မယ်။ ကိုယ့်ရဲ့အမိန့်အတိုင်း နာခံကြလိမ့်မယ်"

"ဒါ... ဒါဆိုရင် သူ သူတို့ကို အစ်ကိုကြီးပဲ အဆိပ်ခတ်သတ်ပစ်လိုက်တာပေါ့ ဟုတ်လား"

ထိုမေးခွန်းကို အဖြေမပေးဘဲ ဦးစဝ်ရွှေကြာက မျက်ထောင့်နီကြီးဖြင့် သူမကို တစ်ချက်စူးစိုက်ကြည့်လေသည်။

ထိုအကြည့်သည် အဓိပ္ပာယ်ပေါင်း များစွာ ပါဝင်နေပြီး ကြောက်စရာကောင်းလွန်းလှသည့်အတွက် ခင်ခင်မှုံက တုန်လှုပ် ချောက်ချားသွားကာ နောက်ထပ် ဘာစကားမှ မပြောနိုင်တော့ဘဲ ဦးစဝ်ရွှေကြာ ဆွဲခေါ်ရာနောက်သို့ တုန်ယင်စွာ လိုက်ပါခဲ့ရလေတော့သည်။

သေချာတာကတော့ ထိုအကြိမ်သည် ဦးစဝ်ရွှေကြာ၏ ဓာတ်ခွဲခန်းထဲသို့ သူမ ရောက်ရတာ ပထမဦးဆုံးအကြိမ် ဖြစ်သလို နောက်ဆုံးအကြိမ်လည်း ဖြစ်သွားရခြင်းပဲ ဖြစ်လေသည်။

ဆိုးဝါးတာကတော့ ထိုနေ့သည် သူမ အသက်ရှင်နေထိုင်ရခြင်း၏ နောက်ဆုံးနေ့ ဖြစ်ကြောင်း သူမကိုယ်တိုင် မရိပ်မိခဲ့တာပဲ ဖြစ်ပါလိမ့်မည်။

* * *



# အခန်း (၁၉)

"အဲဒီနေ့ည အိပ်ရာမဝင်ခင်မှာ ဦးစဝ်ရွှေကြာဟာ အဒေါ့်ကို အရမ်းလှတဲ့ စိန်တစ်ဆင်စာ လက်ဆောင် ပေးတယ်ကွဲ့။ ပြီးတော့ ကြင်ကြင်နာနာလဲ ဆက်ဆံခဲ့တယ်။ သူ့အလုပ်ခန်းထဲ အဒေါ်ခိုးဝင်ခဲ့တဲ့ ကိစ္စကိုလဲ ဘာမှ ထပ်မပြောတော့ဘူး။ သူ့ကို ကြည့်ရတာ စိတ်ဆိုး ဒေါသထွက် နေပုံမရပေမဲ့ အဒေါ်စိတ်ထဲမှာ အရမ်းကို ကြောက်လန့် နေမိတယ်။ စိန်တွေ လက်ဆောင်ရပေမဲ့ မပျော်နိုင်ပါဘူးသမီးရယ်"

ဒေါ်ခင်မှုံက ပြောလက်စ စကားကို ခဏရပ်ပြီး အသက်ဝအောင် ရှူကာ အမောဖြေနေသည်။

ငွေစင်မေကတော့ ရွှေစင် မသေဆုံးခင် ညမှာ ဦးစဝ်

ရွှေကြာက စိန်တစ်ဆင်စာ လက်ဆောင် ပေးခဲ့သည်ဟု ပြောသော စကားကိုသာ နားထဲတွင် ပြန်လည် ကြားယောင်နေမိသည်။

ဒီအတိုင်းသာဆိုရင် ရွှေစင်မေ ဟာလည်း တစ်ချိန်ချိန်မှာ ပြန်ထလာမယ့် သေခြင်းမျိုးနဲ့ သေဆုံးနေတာပဲလား။

ဘုရား... ဘုရား မဟုတ်ပါစေနဲ့။

သူမက စိတ်ထဲမှ ဆုတောင်းနေဆဲ ဒေါ်ခင်မူက မပြီးပြတ်သေးသော အကြောင်းအရာများကို ဆက်ပြောပြလေသည်။ သချိုင်းမြေကတော့ အေးစက်တုန်ခိုက်နေလေ၏။

"အိပ်တော့ခင် စိတ်လက်ချသာ အနားယူပါတော့လို့ သူက နှုတ်ဆက်တော့ အဒေါ်စိတ်ထဲမှာ လေးလံသွားပြီး လုံးဝ အိပ်မပျော်နိုင်တော့ဘူးကွယ်။ ရှေ့က နှစ်ယောက်ကို သတ်သလိုပဲ အဒေါ့်ကိုလဲ သတ်ပစ်မှာလားလို့ တွေးပြီး စိတ်ပူမိတယ်။ ဒါပေမဲ့ ညဉ့်သာနက်သွားတယ် ဘာမှ ထူးခြား မလာပါဘူး။ အဲဒီတော့ စိတ်နည်းနည်း အေးသွားတဲ့ အဒေါ်က မှေးခနဲ အိပ်ပျော်သွားမိတယ်။ အိပ်မက်ထဲမှာ တစ်စုံတစ်ယောက်က အဒေါ့်လည်ပင်းကို ညှစ်ထားလို့ အသက်လုံးဝ ရှူမရတော့ဘဲ အိပ်ရာက လန့်နိုးလာတော့ အပြင်မှာလဲ တကယ်ပဲ အသက်ရှူမရဘူးဖြစ်နေပြီး အဒေါ့်





အိပ်ရာနံဘေးမှာလဲ ပန်းအပြာပွင့်ကြီးတွေနဲ့ ပန်းအနက်ပွင့်လေးတွေ အများကြီးပဲ ရောက်နေတာကို တွေ့ရတယ်။ အဲဒီပန်းတွေရဲ့ အနံ့ဟာ အဒေါ့်ခန္ဓာကိုယ်ထဲက အားအင်တွေကို စုပ်ယူ ထုတ်ယူငင်ပစ်သလိုပဲ၊ အော်ကြည့်တယ် အသံထွက်မလာဘူး။ အခန်းထဲက ထွက်ပြေးဖို့ ကြိုးစားတယ် ဒါပေမဲ့ လှုပ်လို့တောင် မရတော့ဘူး။ တဖြည်းဖြည်းနဲ့ အဒေါ်ရဲ့ အသိဉာဏ်တွေဟာ ဖျော့တော့လာပြီး နောက်ဆုံးမှာ အမှောင်ထဲကို ရောက်သွားတော့တာပါပဲကွယ်။ အဲဒီလိုနဲ့ အဒေါ် သေဆုံးသွားခဲ့ရတာပေါ့"

"ပန်းတွေ ပန်းတွေကြောင့်လား အဒေါ်။ အဲ အဲဒီ ပန်းတွေ ကျွန်မအခန်းထဲမှာလဲ လာထားတယ် မဟုတ်လား။ ဒါဆို ကျွန်မ ကျွန်မလဲ သေမှာပေါ့နော်"

"ဟင့်အင့် သမီးလေး မသေနိုင်ပါဘူး။ အဲဒီပန်းအနံ့ အဆိပ်ဟာ နည်းနည်းလေးပဲ မိလိုက်ရင် သတိတွေ ချွတ်ယွင်းပြီး အရူးတစ်ယောက်လို ဖြစ်သွားရော သမီးလေးရဲ့အမေ ဖြစ်နေသလိုမျိုးပေါ့။ အဲ... အဆိပ်အများကြီး မိသွားမှ သေသွားမှ သေသွားတာ။ အဲဒီအဆိပ်ကြောင့် သေရင်လဲ သူ့ အလိုလို အဆိပ်ပြယ်သွားတဲ့ အချိန်မှာ ပြန်ရှင်လာနိုင်တယ်။ ဒါပေမဲ့ အသိဉာဏ်တွေကတော့ ပြန်မရှင်နိုင်တော့ဘူး။

အဒေါ်ကတော့ ကံကောင်းထောက်မပြီး အဆိပ်ဖြေဆေးကို သောက်ထားမိလို့ အသိဉာဏ်တွေ ပျက်စီးဘဲ သမီးကို အခု လို ပြန်ပြောနိုင်တာပေါ့"

"အဒေါ် ဘယ်လို ပြန်ရှင်လာတာလဲ ပြောပြပါဦး"

ဒေါ်ခင်မှုံက လေးလံသည့် သက်ပြင်းကို ချပြီး ဆက်ပြောပြလေသည်။

"အိပ်ပျော်နေရာကနေ နိုးလာသလိုမျိုးပါပဲ။ အဒေါ် ပြန်နိုးလာခဲ့တာ၊ ဒါပေမဲ့ အဒေါ်ရောက်နေတဲ့ နေရာကတော့ အခေါင်းကြီးထဲမှာလေ ဒယီးဒယိုင်နဲ့ ထလာလိုက်တော့ ကိုယ်ပေါ်က အဝတ်အစားတွေတောင် ဟောင်းယိနေပြီကွယ်။ အဒေါ့်ခန္ဓာကိုယ်နဲ့ မျက်နှာဟာလဲ သေဆုံးသွားတုန်းက အတိုင်း မဟုတ်တော့ဘဲ ပြောင်းလဲပျက်စီးနေပြီ။ အဒေါ် ပြန်ထလာတာ ဦးစဝ်ရွှေကြာရဲ့ ဓာတ်ခွဲခန်းထဲမှာပဲပေါ့ကွယ်။ အဒေါ်တွေ့ခဲ့တဲ့ အခေါင်းနှစ်ခုစလုံးထဲမှာတော့ အလောင်းတွေ မရှိတော့ဘူး။ နောက် ဦးစဝ်ရွှေကြာက အဒေါ့်ကို အိမ်ကြီးထဲ ခေါ်သွားပြီး အစေခံအဖြစ် ထားထားလိုက်တယ်။ အဒေါ်က ရှေ့က သေဆုံးသွားတဲ့ သူ့ရဲ့ ဇနီး နှစ်ယောက်ကိုလဲ အိမ်ကြီးထဲမှာ အစေခံတွေအဖြစ် တွေ့ရတာပဲ။ ဒါပေမဲ့ သူတို့ နှစ်ယောက်ကတော့ အဒေါ်လိုမျိုး မှတ်ဉာဏ်တွေ မရှိတော့ဘဲ





ဦးစဝ်ရွှေကြာ ခိုင်းရာလုပ်နေကြတဲ့ ဖုတ်ကောင်တွေလိုပါပဲ သမီးရယ်"

"အို... အဒေါ်က ဘာကြောင့် ဒီအိမ်ကြီးထဲမှာ နေနေရတာလဲ။ ထွက်ပြေးပါလား။ ဒီလူကြီးရဲ့ ယုတ်မာမှုကို ဖွင့်ချပစ်လိုက်ပါလား။ အပြင်လောကမှာ ဘဝအသစ်ကို ပြန်စရောပေါ့ အဒေါ်ရယ်။ ဘာကြောင့် ခေါင်းငုံ့ခံနေရတာလဲ"

ဒေါ်ခင်မှုံထံမှ ညည်းသလိုလို ရယ်သလိုလို အသံတိုးတိုး တစ်ခုကြားရလေသည်။

"ဒီမှာ သမီးလေးရဲ့၊ တရားဝင် လူသိရှင်ကြား သေဆုံးပြီးထားတဲ့ လူတစ်ယောက်ဟာ နှစ်တွေအတော်ကြာမှ ရုပ်ပျက် ဆင်းပျက် ပုံစံနဲ့ အသက်ပြန်ရှင်လာတာကို လူတွေက ယုံနိုင်ပါ့မလား။ လက်ခံနိုင်ပါ့မလား။ အဲဒီလူကိုကော သာမန်လူတစ်ယောက်လို ဆက်ဆံနိုင်ကြပါတော့မလား ပြောပါဦးကွယ်"

ငွေစင်မေက ဘာပြောရမည်မှန်း မသိဘဲ ဖြစ်သွားရလေသည်။

ဒေါ်ခင်မှုံပြောသည့် စကားများက မှန်ကန်နေတာမို့ ရင်ထဲတွင် ထိခိုက်ဆို့နင့်ရသည်။ တစ်ဆက်တည်း ရွှေစင်မေ

လည်း ဒီလိုအဖြစ်မျိုးနဲ့ ကြုံတွေ့ရတော့မှာလား။ အမေရော ဘာတွေဖြစ်ဦးမှာလဲ ဆိုသည့် အတွေးကို ဆက်တွေးမိပြီး သူမက ရှိုက်ကြီးတငင် ငိုကြွေးပစ်လိုက်မိတော့သည်။

“အို... မငိုပါနဲ့ သမီးလေးရယ်”

“ကျွန်မ ကျွန်မ ဘာလုပ်ရမလဲ အဒေါ် ကျွန်မ အစ်မက သေပြီ။ ကျွန်မကိုယ်တိုင်လည်း အကျယ်ချုပ်နဲ့ အကျဉ်းကျနေတယ်။ ကျွန်မအမေကလဲ ကျွန်မကိုတောင် မမှတ်မိအောင် ရူးနေတယ်။ ကဲ... ကျွန်မ ဘာလုပ်ရမလဲ”

တုန်တုန်ခိုက်ခိုက် ဖြစ်နေသည့် သူမ၏ ပခုံးကို ဒေါ်ခင်မှုံက ပုတ်လိုက်ပြီး အားပေးသည်။

“သမီးလေး ဘာမှမပူနဲ့ သမီးကို အဒေါ်ကယ်မယ်။ ဟောဒီ သချိုင်းတောင်ကုန်းကနေ ဆင်းသွားရင် လမ်းမကြီးပေါ်ကို ရောက်လိမ့်မယ်။ ခရီးက သိပ်တော့ မနီးလှဘူး။ ဒါပေမဲ့ သေရေးရှင်ရေးပဲဟာ သမီးလေးသွားနိုင်မှာပါ၊ လမ်းမကြီးပေါ် ရောက်တာနဲ့ ကားကြုံစောင့်ပြီး ရဲစခန်းကိုသာ သွားပေတော့”

ရုတ်တရက် ဝမ်းသာသွားသည့်အတွက် ငွေစင်မေက ထိုင်နေရာမှပင် ထရပ်လိုက်မိလေသည်။

“အခု... အခု သွားရတော့မလားအဒေါ်”





“နေဦး သမီးလေး ရောင်နီလာအောင် ခဏစောင့်ဦး၊ အမှောင့်ထဲမှာဆိုရင် လမ်းပေါ်ရောက်အောင် သမီးသွားနိုင်မှာ မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ လမ်းသတ်သတ်မှတ်မှတ်မရှိဘဲ တောတိုးပြီး သွားရမှာမို့လို့ပဲ”

“ကျွန်မ ကျွန်မ အမေကိုပါ တစ်ခါတည်း ခေါ်သွားချင်တယ် အဒေါ်၊ အမေ့ကိုပဲ မဟုတ်ပါဘူး။ အဒေါ့်ကိုပါ ခေါ်သွားချင်တယ်”

“မဖြစ်ဘူး သမီးအမေ့ကို သွားခေါ်ရင် သူတို့လက်ကနေ သမီးပါ မလွတ်နိုင်ဘဲ ဖြစ်သွားလိမ့်မယ်။ အရေးကြီးတာက သမီးလွတ်မြောက်သွားဖို့ပဲလေ။ သမီးလေး ဒီကထွက်သွားနိုင်ရင် သမီးအမေကိုပါ ကယ်လို့ရပြီ”

အဲဒီလိုကျတော့လည်း ဒေါ်ခင်မှုံကို သနားမိပြန်သည်။

သူမက သနားစရာ မိန်းမကြီးကို မထားရက်ချင်ပါ။

“မဟုတ်ဘူးလေ အဒေါ်ပါ ကျွန်မနဲ့ လိုက်ခဲ့ပါ။ မိသားစုဝင် အဖြစ်နဲ့ တစ်သက်လုံး ကျွန်မတို့နဲ့ အတူတူနေပါ အဒေါ်၊ ကျွန်မ အဒေါ်ကို စောင့်ရှောက်ပါ့မယ်”

“မဟုတ်တာ သမီးလေးရယ်။ အဒေါ်က သေပြီးသားလူတစ်ယောက်ပါကွယ်။ လူတော သူတောထဲကို ဘယ်တော့မှ ပြန်ဝင်လို့ရမှာ မဟုတ်ပါဘူး။ သမီးရဲ့ စေတနာကို

အဒေါ် နားလည်ပါတယ်။ တကယ်လို့ အဒေါ်ကို သနားရယ်၊ ကြင်နာတယ်ဆိုရင် သမီးလေးလွတ်အောင် ပြေးပါ”

“အဒေါ်ရယ်”

“ကဲ... သွားတော့ သမီးလေး”

“ခဏ... ခဏလေး အဒေါ်၊ ကျွန်မကို အဒေါ်ပေးတဲ့ ဆေးမှုန့် အမည်းလေးတွေကို အဒေါ် ဘယ်ကရတာလဲဟင် အဲဒီ ဆေးမှုန့်တွေကို တိုက်ရင် ကျွန်မအစ်မ အသက် ပြန်ရှင်လာနိုင်မလား”

သူမ မေးခွန်းကို ဒေါ်ခင်မှုက ခေါင်းခါယမ်းပြပြီး အဖြေပေးသည်။

“အဲဒီ ဆေးမှုန့်တွေက အဆိပ်မမိအောင်ဘဲ ကာကွယ်နိုင်တာသမီး။ အဆိပ်ဖြေဆေး မဟုတ်ဘူး။ ပြီးတော့ အဒေါ် ခိုးယူထားသမျှ အကုန်လုံးကို သမီးလေးကို ပေးလိုက်တာဆိုတော့၊ အဒေါ့်မှာ မရှိတော့ပါဘူးကွယ်”

စိတ်ဓာတ် ကျသွားသည့်အတွက် ငွေစင်မေက ခြေလက်တွေပင် မသယ်ချင်အောင် ဖြစ်သွားရဆဲ ဒေါ်ခင်မှုက သူမကို အမြန်သွားဖို့ တိုက်တွန်းလေသည်။

“ကဲ... သွားတော့ သမီးလေး။ ဟောဒီ နေရာကနေ ဆင်းသွားပေတော့၊ အဒေါ်လဲ အိမ်ကြီးထဲကို ပြန်ဝင်ပြီး လုပ်





စရာရှိတာတွေ လုပ်ရဦးမယ် သွား သွား”

ဒေါ်ခင်မှုပြသည့် တောင်ကုန်းအဆင်းတွင် လမ်းနှင့်တူတာဆိုလို့ ခပ်ရေးရေးကလေးပင် မရှိဘဲ ချုံနွယ်ပိတ်ပေါင်းများဖြင့်သာ ကျပ်ခဲနေလေ၏။

မတတ်သာသည့်အဆုံး ငွေစင်မေက လွတ်မြောက်ရာ လွတ်မြောက်ကြောင်းအတွက် ဖိနပ်မပါသော ခြေထောက်များဖြင့် ချုံထူထူများကို အတင်းတိုးဖြတ် သွားရလေတော့သည်။

ပတ်ဝန်းကျင်က ခပ်မှောင်မှောင်၊ ရာသီဥတုက အေးမက်စက်၊ ခြေဖဝါးအောက်ရှိ မြေကြီးများကလည်း မာကျောခက်ထန်လွန်းလှ၏။

ချုံနွယ်ပိတ်ပေါင်းများကြောင့် ခရီးက မတွင်ပါ။

သို့သော် သူမက အားမလျော့ရဲ၊ ခြေလှမ်းတွေကို ရပ်မပစ်ရဲဘဲ အားသွန်ခွန်စိုက် ပြေးလွှားနေမိ၏။

လောလောဆယ်တွင် လမ်းမကြီးဆီသို့ ရောက်အောင် မသွားနိုင်မှာကိုပဲ သူမက စိုးရိမ်တကြီး ဖြစ်နေမိတော့သည်။

* * *

## အခန်း (၂၀)

ကုန်းဆင်းအတိုင်း တွန့်တွန့်တိုက်တိုက်ဖြင့် ဘယ်လောက်ကြာအောင် ပြေးဆင်းလာမိသည် မသိ။ ငွေစင်မေတစ်ကိုယ်လုံး ချွေးများဖြင့် ရွှဲနစ်နေတော့သည်။

ရောင်နီလာပြီ ဖြစ်သော်လည်း မြူနှင်းများကြောင့်ဘေးပတ်ဝန်းကျင်ကို လုံးဝမမြင်ရ။

သစ်ငုတ်တစ်ခုကို ခလုတ်တိုက်မိပြီး ချော်လဲ ကျသွားသည့် အချိန်မှာပင် သူမနားထဲသို့ ကားကြီးတစ်စီး ဖြတ်မောင်းသွားသည့်အသံတစ်ခု တိုးဝင်လာလေ၏။

ကားသံကြားရခြင်းသည် လမ်းနှင့် နီးလာကြောင်းသေချာသည့် အထောက်အထား ဖြစ်တာမို့ သူမက အားသွန်ပြီး ဆက်ပြေးခဲ့သည်။





တဖြည်းဖြည်းနှင့် တောင်ကုန်းသည် ပြေလျောသွားပြီး မြေပြန့်နီးပါးဖြစ်လာ၏။ နောက် ချုံနွယ်များလည်းပါးလျားစပြုလာလေသည်။

သို့သော် သူမက စိတ်မလျော့ဘဲ ဆက်ပြေးနေမြဲ၊ နောက်ဆုံးမှာတော့ နာကျင်နေသည့် သူမ၏ ခြေဖဝါးများသည် အေးစက်မာကျောသော ကတ္တရာလမ်းမကြီးအားနင်းမိသွားသလို သူမသည်လည်း အမောဆို့ပြီး ပုံလျက်သားလဲကျသွားလေတော့သည်။

ကတ္တရာ လမ်းပေါ်သို့ လဲကျရာမှ သူမက လမ်းဘေးသို့ လှိမ့်ဆင်းလိုက်ပြီး မြေကြီးပေါ်မှာပင် လှဲလျောင်း အနားယူလိုက်မိသည်။ မောပန်းလွန်းသည့်အတွက် သူမ၏ ရင်ဘတ်များက ကွဲပွင့် ထွက်သွားတော့မလားဟုပင် ထင်မှတ်ရလေ၏။

အစပိုင်း၌ အသက်ရှူရတာပင် မမှန်ဘဲ ဖြစ်နေပြီးအတော်လေးကြာတော့မှပဲ အသက်ကို ဖြောင့်အောင် ရှူရှိုက်လိုက်ရတော့သည်။

သူမ ရောက်နေသော နေရာသည် ကတ္တရာ လမ်းဆိုသော်လည်း ကားအသွားအလာ ပြတ်လွန်းသည့်အတွက်

[illegible]ရလို့ မျှော်လင့်ချက်ရောင်ခြည်ကလေးပင် မမြင် [illegible]ပါ။

ဘာပဲဖြစ်ဖြစ် အိမ်ကြီးထဲမှ လွတ်မြောက်လာသည့်အတွက် သူမက စိတ်သက်သာရာရမိပြီး ဦးစဝ်ရွှေကြာ၏ အကြောင်းများကို တွေးတောနေမိလေသည်။

ဒေါ်ခင်မှုံ ပြောသည့် အကြောင်းအရာများသည် ထူးခြားဆန်းကြယ်ပြီး ယုံနိုင်စရာပင် မရှိ။ ဦးစဝ်ရွှေကြာဟာ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်ကတည်းက ဒီအရွယ်အတိုင်း ရှိနေခဲ့တာတဲ့။

ဘယ်လောက် ထူးဆန်းထားသလဲ။ ဦးစဝ်ရွှေကြာ စိုက်ပျိုးထားသည့် မှန်လုံခန်းထဲမှ ထူးခြားဆန်းပြားသည့် ပန်းပင်နှစ်မျိုးကို တွေ့ချင်စမ်းပါဘိ။

ဒီလူကြီးသည် အရူးကြီးပဲ ဖြစ်မည်ထင်သည်။

ဘာပဲဖြစ်ဖြစ် ရွှေစင်မေ အပါအဝင် ဇနီးသည် လေးယောက်ကို သတ်ဖြတ်မှုဖြင့် ဒီလူကြီးကို ကြိုးစင်ပေါ် ရောက်အောင် တင်ပေးရပါလိမ့်မည်။

လောလောဆယ် ရဲစခန်းကို သွားပြီး ဒေါ်ခင်မှုံပြောပြသည့် အကြောင်းအရာများကို ပြောပြပြီး အမှုဖွင့်လှစ်တောင်





သူမ ပြောပြတာတွေကို ယုံကြည် လက်ခံကြပါ့မလား။

သူမကို အရူးတစ်ယောက်ဟု သတ်မှတ်ကြမှာ သေချာသည်။

သို့သော် ကိစ္စမရှိပါ။

ရဲတွေကို ဦးစဝ်ရွှေကြာ၏ အိမ်သို့ ခေါ်လာလိုက်တာနှင့် သူမပြောတာတွေ အားလုံး မှန်ကန်ကြောင်း သက်သေပြနိုင်လိမ့်မည်။ သေပြီးမှ ပြန်လည် ရှင်သန်လာသည့် ဦးစဝ်ရွှေကြာ၏ ဇနီးဟောင်း သုံးယောက်သည် အကောင်းဆုံး သက်သေများပင် ဖြစ်လေသည်။

အပင်များ စိုက်ထားသည့် နေရာ ဓာတ်ခွဲခန်း လုပ်ထားသည့် အဆောက်အအုံ၊ အားလုံးသည် ခိုင်လုံသော သက်သေများပဲ ဖြစ်ပါလိမ့်မည်။

ဒါဆို သူမ ဖွင့်သည့်တိုင်ချက်သည် ရူးသွပ်နေသူ တစ်ယောက်၏ စိတ်ကူးတည့်ရာ စကားများဟု ဘယ်သူမှ သံသယဝင်လိမ့်မည် မဟုတ်တော့ပါ။

အတွေးများနှင့် နစ်နေရင်း သူမက အမောပြေ သလောက် ရှိလာသလို ပတ်ဝန်းကျင်ကလည်း အနည်းငယ် အလင်းရောင် လွှမ်းလာပြီ ဖြစ်သည်။

သို့သော် ကားတစ်စီးတလေမှ ဖြတ်သန်း မောင်းနှင်ခြင်း မရှိသေးတာတော့ ဆိုးလွန်းလေသည်။ အလင်းရောင်မှုန်မွှားမွှားဖြင့် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်တော့ အနီးအနားတွင် အိမ်ခြေယာခြေများ မရှိဘဲ တောင်ကုန်းကလေးများ သစ်ပင်ချုံပင်များသာ ဝန်းရံနေကြောင်း တွေ့ရလေသည်။

ဒါ... ဘယ်လိုနေရာမျိုးလဲ။

ကားကြုံကို စောင့်မနေတော့ဘဲ ရဲစခန်းရှိမည့် နေရာသို့ ရောက်အောင် လမ်းလျှောက်သွားချင်သော်လည်း ဘယ်ကနေ ဘယ်လိုသွားရမှန်း မသိသည့်အတွက် သူမက ငြိမ်နေရပြန်သည်။

အမှန်အတိုင်း ဝန်ခံရလျှင် သူမ ခန္ဓာကိုယ်သည် ပင်ပန်း နွမ်းနယ်လွန်းပြီး စိတ်အလိုကို လုံးဝမလိုက်နိုင်တော့ပါ။ ငြိမ်သက်နေရခြင်း ဖြစ်လေသည်။

သူမ ရောက်နေသော နေရာသည် ဦးစဝ်ရွှေကြာ၏ အိမ်ကြီး၏နှင့် ဘယ်လောက်ဝေးနေပြီလဲဟု တွေးနေဆဲမှာပင် ဖောင်းခနဲ ပေါက်ကွဲသံကြီး တစ်ခုကို ကြားလိုက်ရပြီး သူမနှင့် သိပ်မဝေးသော တောင်ကုန်းတစ်ဖက်မှ လင်းထိန်သည့်





မီးတောက်ကြီးတစ်ခု မိုးပေါ်သို့ ထိုးတက်သွားတာကို မြင်လိုက်ရလေသည်။

ရုတ်တရက်မို့ ဘာမှန်းမသိဘဲ ငွေစင်မေက ကြောင်ငေးကြည့်နေမိသည်။

ကြည့်နေရင်းမှ ကြီးမားသော မီးတောက်ကြီးများကြောင့် တစ်စုံတစ်ရာကို အပြင်းအထန် မီးလောင်နေပြီဖြစ်ကြောင်း သူမက သဘောပေါက်သွားတော့သည်။

နောက်မီးလောင်နေသော နေရာသည် သူမ ရောက်နေသည့် နေရာနှင့် သိပ်မဝေးနိုင်ကြောင်း ခန့်မှန်းမိရင်း ဦးခေါင်းထဲသို့ အသိဉာဏ်တစ်ချက် လက်ခနဲ ဝင်လာလေတော့သည်။

ဘုရားရေ ဒီမီးဟာ ဦးစဝ်ရွှေကြာရဲ့ အိမ်ကြီးကို လောင်နေတဲ့မီးများ ဖြစ်နေမလား။

ဒေါ်ခင်မှုံသည် သူမကို အမြန်ပြေးခိုင်းပြီး သူ့တွင် လုပ်စရာအလုပ်တွေ ရှိသေးသည်ဟု ပြောခဲ့သည်။

ဒါ... အိမ်ကြီးကို တစ်ခုခု လုပ်ပစ်ဖို့ ဒါမှမဟုတ်လျှင်လည်း ဦးစဝ်ရွှေကြာကို လက်တုံ့ပြန်ဖို့ သွယ်ဝိုက် အသိပေးသွားတာများလား။

ထိုအတွေးနှင့်အတူ ငွေစင်မေက အမေ့အတွက် စိတ်ပူ

သွားပြီး မီးတောက်ကြီးများ မီးခိုးလုံးကြီးများနှင့် ဝုန်းခနဲ ဝုန်းခနဲ ပေါက်ကွဲသံကြီးများ ထွက်နေသည့် နေရာဆီသို့ လမ်းကြောင်းအတိုင်း ပြေးသွားမိလေတော့သည်။

ကုန်းမော့မော့ကို အမောတကော ကွေ့ပတ်တက်လိုက်တာနှင့် မီးဟုန်းဟုန်း တောက်လောင်နေသည့် ဦးစဝ်ရွှေကြာ၏ အိမ်ကြီးကို အလန့်တကြား မြင်တွေ့ရတော့သည်။

ထွက်ပေါက် နေရောင်အောက်တွင် အိမ်ကြီးသာမက ခြံဝင်းထဲရှိ နေရာအတော်များများကိုပါ မီးစွဲလောင်နေတာကို တွေ့ရလေသည်။

တစ်ချက်တစ်ချက်၌ ဝုန်းခနဲ မြောက်တက်လာတတ်သည့် မီးတောက်လျှံကြီးများက ကြောက်မခန်းလိလိ။

"အမေ... အမေ"

ဟု မရပ်မနား အော်ဟစ်ရင်း သူမက ခြံကြီးနှင့် အနီးဆုံးရောက်အောင် အားကုန်ပြေးသွားမိသည်။

ဒီလောက် ကြီးမား ကြောက်စရာကောင်းသော မီးကြီးဟာ ဘယ်လိုကြောင့် လောင်ရတာလဲ။

ခြံတံခါးနှင့် နီးလာသည့် အချိန်တွင် သူမ ခန္ဓာကိုယ်ကို မီးအပူရှိန်လာဟပ်သည်။ သို့သော် အမေ ထိုအိမ်ကြီးထဲ





၌ ရှိနေသည်ဆိုသော အောအဟုန်ကြောင့် သူမ အပူကိုပင်

လုံးဝ မမှုမိဘဲ ခြံတံခါးဆီသို့သာ ရှေးရှုနေမိ၏။

မြို့စွန် လူပြတ်သည့်နေရာတွင် လောင်နေသည့် မီးကို ငြိမ်းသတ်ပေးမည့် အကူအညီများက ချက်ချင်း ရောက်မလာ။ မီးလောင်ပြင်နေရာ အနီးအနားတွင်လည်း လူရိပ် လူရောင်ကိုမမြင်ရ၊ ခြံတံခါး ပွင့်နေသည်ကို မြင်ရသောကြောင့် ဘာမှ စဉ်းစားမနေတော့ဘဲ ပြေးဝင်လိုက်ဆဲ မီးသတ်ကား၏ အချက်ပေး ဥသြသံနှင့် ကားသံများကို ကြားရသည်။

ခြံတံခါး၏ အတွင်းသို့ ရောက်တာနှင့် မြက်ခင်းပေါ်၌ လဲကျနေသည့် လူတစ်ယောက်၏ ပုံသဏ္ဍာန်ကို လှမ်းမြင်ရလေသည်။ တွေဝေတုံ့ဆိုင်းခြင်း မရှိဘဲ အပြေးအလွှားသွားလိုက်တော့ အံ့ဩစရာ ကောင်းလောက်အောင်ပင် လဲကျနေသူက အမေ ဖြစ်နေလေတော့သည်။

"အမေ... အမေ"

အသက် မှန်မှန်ရှူနေသော်လည်း သတိလစ်မေ့မြောနေသည့် အမေ့ကိုပြေးပွေ့လိုက်ပြီး နောက်မှာတော့ ဘယ်လိုမှ မဟန်နိုင်တော့ဘဲ ငွေစင်မေဓာပါ အရုပ်ကြိုးပြတ် လဲကျ

သွားရလေတော့၏။

ထိုအချိန်၌ ကားသံများ လူသံများသည် သူမတို့အနားသို့ အနီးဆုံး ရောက်လာကြပြီး မကြာခင်မှာပင် သူမတို့ သားအမိအား သန့်မာသည့် လက်များက လာရောက်ဖေးမပေးလေ၏။

သို့သော် သူမ၏ အသိဉာဏ်များက ပေါ်တစ်ခါပျောက်တစ်လှည့်။

သူမ၏ အာရုံများ လုံးဝအမှောင်အတိမကျခင် ကြားလိုက်ရသော စကားများသည် နီးရာမှ တဖြည်းဖြည်း ဝေးသွားကြလေတော့သည်။

"ဟာ မီးထဲက လွတ်လာတဲ့ နှစ်ယောက်ပဲ"

"ကံကောင်းတယ်ဗျာ၊ ဒဏ်ရာ ကြီးကြီးကျယ်ကျယ်မရှိဘူး"

"လူနာတွေကို ဆေးရုံပို့မယ်"

"တခြားလူတွေရော တွေ့သေးလား"

"မီးက ဒီလောက်ပြင်းနေတာ ဝင်ရှာဖို့ ဘယ်လိုမှမဖြစ်နိုင်ဘူးဗျ"

"မီးစက်အတွက် ဆီပီပါတွေ သိုလှောင်ထားလို့





ဒီလောက် အခြေအနေဆိုးရတာ"

"လွတ်လာတဲ့ နှစ်ယောက်ကတော့ ကံထူးတာပဲဗျို့"

နားစိုက်ထောင်နေသည့် ကြားမှ စကားသံများကမသဲကွဲတော့ဘဲ လွင့်မျောပါသွားလေသည်။

လုံးဝ သတိလွတ်ကင်းသွားလုတဲကဲ တစ်စက္ကန့် အချိန်ကလေးအတွင်း၌ ငွေစင်မေက သူမအနားသို့ တိုးကပ်လာသည့် ဒေါ်ခင်မွှကို မြင်လိုက်ရသည်။

ထိုအမျိုးသမီးသည် ပြုံးရွှင်ရယ်မောနေပြီး သူမ နားနားသို့ကပ်ကာ စကားတစ်ခွန်းကို ညင်သာစွာ ပြောသွားလေသည်။

"အဒေါ် လက်စားချေလိုက်ပြီး သမီးလေး"

ငွေစင်မေက ဒေါ်ခင်မွှကို ပြန်ပြုံးပြလိုက်လေ၏။

ထိုနောက်မှတော့ အရာအားလုံးက အမှောင်။

* * *

# အခန်း (၂၁)

ကောင်းမွန်စွာ သတိရလာသည့် အချိန်တွင် သူမသည် ပြင်ဦးလွင်မြို့ ဆေးရုံပေါ်၌ ရောက်နေပြီး သူမအနီး ခုတင်ပေါ်တွင် အမေသည်လည်း ကျန်းမာစွာ ရှိနေလေသည်။

သူမ၏ ခုတင်နံဘေးတွင် ယူနီဖောင်း အကျအန ဝတ်ဆင်ထားသည့် ရဲအရာရှိတစ်ယောက်နှင့် ဂျူတီကုတ်အဖြူရောင်ကို ဝတ်ဆင်ထားသည့် ဆရာဝန်တစ်ယောက် ရှိနေကြပြီး ထိုလူနှစ်ယောက်စလုံးသည် သူမကို ကရုဏာသက်သည့် အကြည့်ဖြင့် ကြည့်နေကြလေသည်။

ထိုနှစ်ယောက်ထဲမှ ဆရာဝန်ဖြစ်သည့် တစ်ယောက်သည် သူမနှင့် ရန်ကုန်မှ ကားတစ်စီးတည်း ထိုင်ခုံတစ်ခုံတည်း





တွင် စီးနင်းလိုက်ပါလာသူ ဖြစ်ကြောင်း သူမက ကောင်းကောင်း မှတ်မိနေလေသည်။

ထိုလူနှစ်ယောက်စလုံးကို သူမက ပြုံးပြလိုက်ဆဲ ရဲအရာရှိ စကားစပြောလေသည်။

“အားတော့နာပါတယ်ဗျာ၊ ကျွန်တော့်ကို မီးလောင်မှုနဲ့ ပတ်သက်တဲ့ မေးခွန်းလေး နည်းနည်းလောက် မေးခွင့်ပြုပါ”

ငွေစင်မေက ရဲအရာရှိကို တည်ငြိမ်စွာ ပြန်မေးလိုက်သည်။

“ဟုတ်ကဲ့ မေးနိုင်ပါတယ်ရှင်။ ကျွန်မ သိသလောက် ဖြေပါ့မယ်။ ဒါပေမဲ့ ဆရာ ကျွန်မကို မမေးခင် ကျွန်မမေးတာကို ဖြေပေးပါလားရှင်”

“မေးပါ... မေးပါ”

“ဟို... မီးက ဘယ်လောက်တောင် လောင်သွားသလဲရှင်။ ဘယ်သူတွေရော အသက်ရှင်လျက် ကျန်ရစ်ခဲ့ကြပါသလဲ”

သူမ မေးခွန်းကို ရဲအရာရှိက စိတ်မကောင်းဟန်ဖြင့် အဖြေပေးလေသည်။

"ဝမ်းနည်းစရာပါပဲဗျာ၊ မီးလောင်မှုက ပြင်းလဲပြင်း မြန်လဲ မြန်လွန်းတဲ့အတွက် ခြံထဲက အဆောက်အအုံတွေ အားလုံး မီးကျွမ်းသွားခဲ့ရပါတယ်။ နောက်အိမ်ရှင်ဖြစ်တဲ့ ဦးစဝ်ရွှေကြာရော သူ့အလုပ်သမားတွေပါ မီးလောင်တဲ့ အထဲ ပါသွားပါတယ်။ အသက်ရှင်နေခဲ့တဲ့သူဆိုလို့ ခင်ဗျားတို့ သားအမိပဲ ကျန်ပါတယ်"

ထိုစကားကို ကြားလိုက်ရတာနှင့် ငွေစင်မေက ဆုံးဖြတ်ချက် တစ်ခုကို ပြတ်သားစွာ ချပစ်လိုက်ပါတော့သည်။

ဦးစဝ်ရွှေကြာရော၊ သူဖန်တီးထားသည့် ဖုတ်ကောင်တွေရော၊ သူပိုင်ဆိုင်သည့် အဆောက်အအုံများကိုပါ မီးတောက်မီးလျှံများက ဝါးစားပစ်လိုက် ပြီဆိုမှတော့ ဒေါ်ခင်မှုံ ပြောပြသည့် အကြောင်းအရာများကို သူမအနေဖြင့် ပြန်လည် ပြောပြဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့။

ပြောပြတယ်ပဲထား နားထောင်သည့် လူတွေကရော ယုံကြည်ကြမှာတဲ့လား။ သူမကိုသာ သည်းခြေပျက်သွားသူဟု သေချာပေါက် စွပ်စွဲကြပါလိမ့်မည်။

ထို့ကြောင့် သူမက ထိုထူးဆန်းတွေလာသည့် အကြောင်းအရာကို သူမ ရင်ဘတ်ထဲ၌သာ သိမ်းဆည်း





ထားဖို့ ဆုံးဖြတ်လိုက်တော့သည်။

အဲဒီနောက်မှာတော့ သူမသည် ရွှေစင်မေ သေဆုံးသွားသည့် အတွက် ပြင်ဦးလွင်ကို အသုဘအတွက် လိုက်လာခဲ့ရတာကို စပြောပြီး မိုးလင်းခါနီး အိပ်မောကျနေတုန်း မီးလောင်တာကို ကြုံတွေ့ရလို့ သားအမိနှစ်ယောက် ထွက်ပြေးခဲ့တာနှင့် အဆုံးသတ်ပစ်လိုက်လေတော့သည်။

အမှန်တကယ်လည်း ထိုမီး၏ မူလဇစ်မြစ်ကို ငွေစင်မေ မသိပါ။

ထို့ကြောင့် သူမသည် လိပ်ပြာလုံစွာပင် ရဲအရာရှိ၏ မေးခွန်းများကို အကောင်းဆုံး ဖြေလိုက်နိုင်လေသည်။

သို့သော် သူမ ရင်ဘတ်ထဲ၌ သိမ်းဆည်းထားရသည့် အကြောင်းအရာများကတော့ လေးလံလွန်းလှတာ သေချာပါသည်။

ထိုနောက်မှာတော့ သူမသည် အစ်မရင်းဖြစ်သူ ရွှေစင်မေအတွက်ရော ဦးစဝ်ရွှေကြာ၏ တတိယမြောက် ကြင်ရာတော် ခင်ခင်မှုံအတွက်ပါ ဝမ်းနည်းကြေကွဲစွာ ငိုကြွေးဖြစ်သွားပါတော့သည်။

မျက်ရည်များ စီးကျရင် သူမသည် ထူးဆန်းသည့်

ခံစားချက် တစ်ခုကိုလည်း အတိတ်တလန့် ခံစားရလေ၏။

အဲဒါကတော့ ဦးစဝ်ရွှေကြာ မြုစုပျိုးသောင်ခဲ့သည် ပန်းမျိုးနှစ်ခုကို နမြောတသ ဖြစ်မိခြင်းပဲ ဖြစ်သည်။

ဖြစ်နိုင်မည်ဆိုလျှင် အခြေအနေပေးသည့် တစ်နေ့တွင် မီးလောင်းပြင်ထဲ၌ ထိုပန်းနှစ်မျိုး၏ ကြွင်းကျန်သော မျိုးဆက်ကို သူမရှာဖွေကြည့်ချင်ပါသေးသည်။

လေးစားလျက်

နွဲ့မက်သျှင်